# ရခိုင်ရိုးမမှာ ဘဝတကွေ့

ကြာဦးဖြူ



နှင်းဆီလွင်ပြင်စာပေ၏

# အမှာစာ

* ပြည်သူ့ဘက်မှ ရပ်တည်သော တော်လှန်ရေးအင်အားစုများသည် ဖဆပလခေတ် မှသည် ယနေ့ နအဖစစ်အစိုးရခေတ်အထိ ဖောက်ပြန်ရေးအစိုးရအဆက်ဆက်ကို ဗမာပြည်တဝန်း ပြည်နယ်နှင့် ဒေသအသီးသီးတို့တွင် မိမိတို့၏အသက်သွေး ချွေးများ ပေးလှူကာ ဆင်းရဲဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး တိုက်ပွဲဝင်ခဲ့ကြရပါသည်။

* ရခိုင်ပြည်နယ်၊ တနင်္သာရီ စသောဒေသတို့မှ ဗမာပြည်ကွန်မြူနစ်ပါတီ၏ သားကောင်းရတနာ၊ သမီးကောင်းရတနာတို့သည်လည်း ဖောက်ပြန်သော အစိုးရ အဆက်ဆက်ကို ဇွဲနဘဲကြီးစွာ ရေရှည်တိုက်ပွဲ ဆင်နွှဲခဲ့ရှိသာမက မြောက်မြားလှ စွာသော အာဇာနည်နှင့် သူရဲကောင်းရဲဘော်များသည် ဗမာပြည်သူတရပ်လုံး လုံးဝ လွတ်မြောက်ရေးအတွက် သူတို့၏တန်ဖိုးရှိလှသော အသက်သွေးများကို စတေးပေး လှူသွားခဲ့ကြလေသည်။

* ပါတီ၏ခေါင်းဆောင်တဦးဖြစ်သော ကွယ်လွန်သွားပြီ ဖြစ်သည့် ရဲဘော်ကျော်မြ၏ ကျန်ရစ်သူ ဇနီးသည် ရခိုင်အမျိုးသမီး ကြာဦးဖြူ(ဒေါ်ဦးစိန်) သည် ရဲဘော်ကျော်မြ အပါအဝင် ပါတီအလံတော်အောက်မှ ရခိုင်ပြည်နယ်တွင် တော်လှန်ရေးဆင်နွှဲရင်း ကျဆုံးသွားခဲ့ကြသော သူရဲကောင်းအာဇာနည်များနှင့် ရခိုင်ရိုးမ၏ တော်လှန်ရေး တိုက်ပွဲများကို တမ်းတလွမ်းဆွတ်စွာဖြင့် ဂုဏ်ပြုရေးဖွဲ့လာပါသည်။

* လေးစားအားကျဖွယ် အာဇာနည် သူရဲကောင်းရဲဘော်များ၏ စိတ်ဓာတ်၊ ရခိုင် ပြည်နယ်ပြောက်ကျားတိုက်ပွဲများနှင့် ပြောက်ကျားဒေသအတွေ့အကြုံများထဲမှ အတုယူစရာ စံနမူနာများနှင့် ဆင်ခြင်ဖွယ်သင်ခန်းစာများကို လက်ဆင့်ကမ်းလိုသော စေတနာတို့ဖြင့် ဤစာအုပ်ကလေးတွင် သူခံစားမိသည့်အတိုင်း ရိုးရိုးရှင်းရှင်းဖြင့် သူတတ်နိုင်သမျှ ဖော်ထုတ်ရေးဖွဲ့ထားလေသည်။

* ပြီးပြည့်စုံသည်ဟုမဆိုနိုင်သော်လည်း အနည်းဆုံးအားဖြင့် ရခိုင်ပြည်နယ်မှာ ဆင်နွှဲခဲ့သော တော်လှန် ရေး၊ ပြောက်ကျားဒေသမှ အဆင်းရဲအပင်ပန်းခံ လုံးပန်း တိုက်ခိုက်ခဲ့ရမှုများအကြောင်းနှင့် လေးစားဂုဏ်ပြုအပ်သော အာဇာနည်ရဲဘော် များအကြောင်း တတ်နိုင်သမျှ မှတ်တမ်းတင်ထားသည့် ရှားရှားပါးပါး စာအုပ်လေး တအုပ်တော့ ဖြစ်ပေလိမ့်မည်ဟု ထင်မြင်မျှော်လင့်မိပါသည်၊ ။

နှင်းဆီလွင်ပြင်စာပေ
(၂၀၀၆–ခုနှစ်)



ရဲဘော် ကျော်မြ
(၁၉၁၅–၂၀၀၅)



ခိုင်ပြည်နယ် ပါတီအတွင်းရေးမှူး ရဲဘော်ကျော်မြ၏မိသားစု
ရခိုင်ပြည်နယ်မှ ပါတီဗဟိုသို့ ထွက်လာစဉ်က
(၁၉၇၉–ပီကင်း)

နှင်းဆီလွင်ပြင်စာပေ
၂၀၀၆ခုနှစ် ဩဂုတ်လ

# ကြာဦးဖြူ (ဒေါ်ဦးစိန်)

# ရခိုင်ရိုးမမှာ ဘဝတကွေ့

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော
(ချစ်ခင်သူနှင့် ကွေကွင်းရခြင်း ဆင်းရဲ)

ချစ်ခင်လေးစားရပါသော ရဲဘော်ကျော်မြ...

သူ ကျမတို့မိသားစုနှင့် ပြည်သူလူထုအပေါင်းကို ခွဲခွာသွားခဲ့သည်မှာ ၂၀၀၅–ခုနှစ်၊ ၄ လ၊ ၂၁ ရက်နေ့မို့ ယနေ့အချိန်တွင် တနှစ်သက်တမ်းပင် ကျော်လာခဲ့ချေပြီ။ ကျမကတော့ မနေ့တနေ့ကလိုပင် ခံစားနေရဆဲပါ။ သူ ပြောခဲ့သောစကားတွေ...သူ လှုပ်ရှားခဲ့သော သွင်ပြင်အမူအရာတွေ...ကျမစိတ်ထဲမှာ ယနေ့တိုင် မြင်ယောင်နေဆဲ ပါပေ။ ကျမ မီးဖိုထဲမှာ ချက်ပြုတ်နေတုန်း...သူ့ခေါ်သံကို ကြားလိုက်မိသဖြင့် ရုတ်တရက် အိပ်ခန်းတွင်းသို့ အပြေးလေးဝင်သွားလိုက်မိသည်။ အခန်းဝရောက်မှ ကျမ ပြန်လည် သတိဝင်လာမိသည်။

အို...သူမရှိတော့ပါလား။

ကျမမှာ ယင်းကဲ့သို့ သတိလက်လွတ်ဖြင့် သူရှိနေသေးသလို ထင်ယောင် မြင်မှား ဖြစ်မိသည်မှာ အကြိမ်ကြိမ် အခါခါပါ။

သူသည် တတ်နိုင်သမျှ သူ့ကိုယ်တိုင် သူ့ဘာသာ လုပ်လိုကိုင်လိုစိတ် ရှိသူ ဖြစ်ပါသည်။ အိမ်မှာ ဖြစ်ဖြစ်၊ ဆေးရုံမှာ ဖြစ်ဖြစ် သူ့ဘာသာ လှုပ်ရှားရန် ကြိုးစားတတ် သည်။ လမ်းမလျှောက်နိုင်ပေမယ့် လမ်းလျှောက် နိုင်ရန် ကြိုးစားတတ်သလို မထူမထ နိုင်ပေမယ့် ထူထနိုင်အောင် ကြိုးစားတတ်သူဖြစ်သည်။ အထူးသဖြင့် သူ့ဘေးနားမှာ ဘယ်သူမှ မရှိ တော့သည့်အခါ သူသည်ကဲ့သို့ ကြိုးစားလုပ်ဆောင်တတ်သည်။ ဒါကြောင့် သူ့ခေါ်သံကြားလိုက်သည်နှင့် ကျမ သူ့ထံ အပြေးကလေးသွားမိစမြဲ။ သူ့ထံ ရောက်သွား ပြီဆိုလျှင် သူ့ကို တခါတလေ ကုတင်မှာခြေတွဲလွဲ...တခါတလေ တစောင်းကြီး မလှည့်နိုင်၊ မရွှေ့နိုင် ဖြစ်နေတာ တွေ့ရတတ်သည်။ ဒါကြောင့် ကျမတို့မှာ သူ့ကို တယောက်ထဲ မထားရဲပါ။ ကျမတို့ မိသားစု တယောက်တလှည့်စီ စောင့်ပြီး ပြုစုကြရပါသည်။ အထူးသဖြင့် သားနှင့်ကျမ တယောက်တလှည့်စီ ပင်တိုင်ပြုစုကြရသည်။ ကျန်သမီး တွေကလည်း သူတို့ အတတ်နိုင်ဆုံး အချိန်ယူပြီး လာရောက် ပြုစုတတ် ကြပါသည်။

သူသည် ဆေးရုံပေါ်မှာ တနှစ်တိုင်သည်အထိ နေခဲ့ရပါသည်။ သူ့ပင်ကိုယ်စိတ် ဓာတ်အရဆိုလျှင် ဆေးရုံတက်ရမှာ အလွန်ဝန်လေးတတ်သူပါ။ သူ မကျန်းမမာဖြစ်တိုင်း ကျမကပဲ သူ့ကို အတင်းတိုက်တွန်းပြီး ဆေးရုံတင်ရသည်ချည်းဖြစ်သည်။ ဆေးရုံ တက်ရပြီဆိုတော့လည်း တပါတ်လောက် ကြာလာပြီဆိုလျှင်ပင် အိမ်ပြန်ဖို့ တောင်းဆိုနေ တတ်သည်။ ဆရာဝန်လာလျှင် ဘယ်တော့အိမ်ပြန်ရမလဲဟု ကျမကို အမေးခိုင်း တတ်သည်။ သူက တရုတ်စကားမပေါက်သဖြင့် သူကိုယ်တိုင် မမေးနိုင်ရှာပါ။ သူ၏ နောက်ပိုင်းကျန်းမာရေးအခြေအနေသည် ဆေးရုံနှင့် ကင်းကွာ၍မရနိုင်သည့် အခြေ အနေ ဖြစ်လာနေပါသည်။

သည်လိုနှင့် ၂၀၀၄–ခုနှစ်၊ ၁၁–လ၊ ၁၀–ရက်နေ့(သူ့မွေးနေ့) ရောက်ရှိရန် နီးကပ်လာသည့်အချိန်တွင် ကျမက ဆရာဝန်ထံခွင့်ပန်ပြီး သူ့ကို အိမ်သို့ ခဏ ပြန်ခေါ်လာခဲ့ပါသည်။ သူ့အတွက် မွေးနေ့ပွဲကလေးလုပ်ပေးလို၍ ဖြစ်ပါသည်။ မွေးနေ့ပွဲဟု ဆိုရသော်လည်း ကြီးကြီးကျယ်ကျယ် တော့ မဟုတ်ပါ။ ခင်မင်ရင်းနှီးသော ရဲဘော်များ၊ မိတ် ဆွေများ လေးငါးဆယ်ယောက်လောက် ဖိတ်ခေါ်ပြီး သားတွေ သမီးတွေ ကိုယ်တိုင် ကြော်လှော်ပေးသည့် ခေါက်ဆွဲကြော်နှင့် ဧည့်ခံရုံသာ ဖြစ်ပါသည်။ အဓိက–ကတော့ သူ့ကို သူ့မိတ်ဆွေရောင်းရင်းများနှင့် တွေ့ဆုံစေလိုသည့် ရည်ရွယ်ချက်ပါ။ ယင်းအခါ သူ့စိတ်ဓာတ်မှာ တစုံတရာ လန်းဆန်းမှုရှိလာပြီး စိတ်ကျေနပ်မှုရရှိ လာပါသည်။ သူသည် ရဲဘော်များ၊ အပေါင်းအဖော် ရောင်းရင်းများကို အလွန်ခင်မင်တမ်းတတတ်သူပါ။ သူ့ တသက်တာဘဝ မှာ ရဲဘော်များအကြား၊ ပြည်သူများ အကြား သွားလာနေထိုင်ခဲ့သူမို့ အထီးကျန်ဘဝမျိုးမှာ မနေတတ်သူဖြစ်ပါသည်။ သူ့အတွက် မွေးနေ့ပွဲလေး ပြုလုပ်ပေး ရသည်မှာ အောင်မြင်မှုရှိသည်ဟု ကျမစိတ်မှာ ထင်မြင်ခံစားမိပါသည်။ သူ ပြောဟယ်–ဆိုဟယ်နှင့် ပျော်ပျော်ပါးပါး ဖြစ်လာတာ မြင်ရသည့်အတွက် ကျမ ကျေနပ်မိပါသည်။

အဲဒီအခေါက်က အိမ်မှာ သူ (၇) ရက် နေသွားခဲ့ပါသည်။ ဆေးရုံရောက်ပြီး နောက် သူ နောက်တခေါက် အိမ်သို့ ပြန်မလာ နိုင်ခဲ့တော့ပါ။ သူ ဆုံးပါးခါနီး ရက်(၂၀) ခန့်အလိုမှာ သူ အိမ်တခေါက် ပြန်လိုကြောင်း ဆရာဝန်ထံ ခွင့်တောင်းပါသည်။

ဆရာဝန်က နောက်ထပ် ရက်(၂၀) လောက်စောင့်ပါ...တဲ့။ ရက်(၂၀) ပြည့်လျှင် အိမ်ပြန်ခွင့်ပြုမည် ဆိုသောအခါ ကျမပင်လျှင် အားတက်လာမိပါသေးသည်။ နောက်ထပ် ဆယ်ရက်ခန့် ကျော်လွန်လာသောအခါတွင်မူကား ကျမ၏မျှော်လင့်ချက်ရောင်ခြည်ကလေး ပြိုကွဲဆုံးပါး သွားရတော့မည်ကို ကျမ ရိပ်စားမိလာပါသည်။ သူ့ရောဂါအ ခြေအနေကို သိရှိထားကြလို့ ဆရာဝန်က ရက်(၂၀) စောင့်ခိုင်းထားတာကိုး။ သူ ဘယ်လိုမှ အိမ်ပြန်လာနိုင် တော့မည် မဟုတ်မှန်း ကျမသည်ပင်လျှင် သိရှိလာရပါပြီ။

ဆရာဝန်ပြောသည့်နေ့က စတွက်လျှင် (၂၁) ရက်မြောက်သော နေ့မှာ သူ သည် ထာဝရ အိပ်စက်အနားယူသွားပါတော့သည်။ သူနှင့်ကျမ အိမ်ထောင်ကျခဲ့ တာကလည်း ၂၀၀၆–ခုနှစ်၊ ၄–လ၊ ၂၇–ရက်နေ့မှာ အိမ်ထောင်သက်တမ်း အနှစ်(၄၀) ပြည့်မြောက်ပေတော့မည်။ သူနှင့် ပေါင်းသင်းခဲ့သည့် (၃၉) နှစ်ကျော် ကာလအတွင်း ဇနီး မောင်နှံလိုတမျိုး၊ ရဲဘော်ရဲဘက်လိုတဖုံ အဖြစ်အပျက်မျိုးစုံတို့သည် ပြောမကုန် ရေးမကုန် လောက်သည်အထိပါပဲ။ သူ့ကွယ်လွန်ခြင်းသည် ပါတီနှင့် ပြည်သူလူထုအတွက် ကြီးမား သည့် ဆုံးရှုံးမှုကြီးတရပ်ဖြစ်သလို ကျမတို့မိသားစုအတွက်လည်း ကမ္ဘာကြီးပျက် သလိုပါပဲလား။

ယခုအခါ သူ့အကြောင်း ပြန်လည်စဉ်းစားလိုက်မိသည့်အခါတိုင်း သူနှင့် စတင်တွေ့ရှိခဲ့ရသည့် ရခိုင်ပြည်နယ်ပြောက်ကျားဒေသနှင့် ရခိုင်ပြည်နယ်တော်လှန် ရေးများအကြောင်းကိုလည်း ကျမ မကြာခဏဆိုသလို ပြန်လည် သတိရနေမိတတ် ပါသည်။ သူအပါအဝင် ကျဆုံးသွားကြရှာပြီဖြစ်သော ရခိုင်ပြည်နယ်မှ ခေါင်းဆောင်များ၊ တော်လှန်ရေးသူရဲကောင်း အာဇာနည် ရဲဘော်များ၏ ပုံရိပ်တွေကိုလည်း ပြန်လည်မြင် ယောင်လာ မိပါသည်။

ကျမ စိတ်အာရုံတွင်း ပြန်လည်ထင်ဟပ်လာသည့် ရုပ်သွင်ပုံရိပ်များသည် ဤမျှသာ မကသေးပါ။

မိုးသက်မုန်တိုင်းအတွင်းမှ အံခဲရပ်တည်ခဲ့ရသည့် ရခိုင်ပြည်နယ်... ရခိုင် တော်လှန်ရေး...။ ရခိုင်ရိုးမ...။

သည့်နောက် တော်လှန်ရေးအတွင်းသို့ ကျမ စတင်ဝင်ရောက်လာခဲ့ပုံ အကြောင်း...။

## တော်လှန်ရေးခရီးအစ

၁၉၆၆–ခုနှစ်။

လှေကလေးသည် ရေပြင်ကို ဖြတ်ခွဲလျက် တရိပ်ရိပ်ပြေးနေပါသည်။ လှေဦးနှင့် ထိုးခွဲလိုက်သည်တွင် ရေပြင်သည် လှိုင်းဂယက်ကလေးများ ဖြာထွက်ကာ ခုန်ပေါက် လွင့်စင်သွားကြပါသည်။

ကျမရင်သည်လည်း ရေပြင်မှ လှိုင်းဂယက်လေးများနည်းတူ တဖျတ်ဖျတ် ခုန်နေသည်ဟု ကျမ ခံစားနေရသည်။ ကျမ၏တော်လှန်ရေး ခရီးအစပေကိုး။

လှေပေါ်တွင်ကား လူ(၄) ယောက်။ ရခိုင်ပြည်နယ် ပါတီမှ ဒု–အတွင်းရေးမှူး ရဲဘော်တူ (ခေါ်) ဦးတူ။ ကျမ...။ နောက်ပြီး ဦးတူ၏ ရဲဘော်နှစ်ယောက်။

အိမ်မှ ခွဲခွာလာခါစဖြစ်သဖြင့် ကျမမှာ အိမ်ကို ပြန်လည် သတိရနေမိပါသည်။ ကျမသည် ဆင်းရဲလယ်သမား အလတ်လွှာ အိမ် ထောင်စုမှ မွေးဖွားလာခဲ့သူပါ။ ညီအကို မောင်နှစ်မ ခြောက်ယောက်အနက် အကြီးဆုံးဖြစ်ပါသည်။ ပါတီဗဟို၏အမျိုးသမီး စည်းရုံးရေးပေါ်လစီ ရခိုင် ပြည်နယ်သို့ ရောက်ရှိလာပြီးသည့်နောက် အမျိုးသမီးများအား တော်လှန် ရေးတပ်သားအဖြစ် စတင်စည်းရုံးရန် လှုပ်ရှားလာသော ရဲဘော်တူနှင့် ကျမ စတင်ထိတွေ့ခဲ့ရခြင်းပင် ဖြစ်ပါသည်။

ကျမအနေဖြင့် ပါတီဆိုတာ ဘာလဲလို့တောင် သိခဲ့သူမဟုတ်ပါ။ ကျမသိ သည်ကတော့ ပြောက်ကျားများဆိုသူတွေကိုသာ။ ပြောက်ကျားဆိုသူတွေသည် အများအတွက် အလုပ်လုပ်သည်။ အထူးသဖြင့် ဆင်းရဲသားများအတွက် အလုပ် လုပ် သည်။ ဆင်းရဲသားများဘက်က ရပ်တည်သည်...ဟူ၍သာ ကျမသိပါသည်။ ကျမ တော်လှန်ရေးထဲ၊ ပါတီထဲ စတင်ဝင် ရောက်လာမိခြင်းသည် တိုက်ပွဲငယ်ကလေးတခု အောင်မြင်ခြင်းပဲ ဟူ၍ ကျမ ခံယူမိပါသည်။

“ပြောက်ကျားလုပ်တယ်ဆိုတာ ယောကျ်ားသားတွေပဲ လုပ်ကြတာ... ယောကျ်ားတောင်မှ ပျင်းရိတဲ့ အလုပ်မလုပ်ချင်တဲ့သူတွေမှ လုပ်တာ”ဆိုပြီး အဖေမှအပ ကျန်ဆွေမျိုးသားချင်းများက ဆန့်ကျင်ခဲ့ကြပါသည်။ အဖေကတော့ ထောက်ခံသည်။ အဖေက ကျေးရွာပါတီဝင်တဦးလည်း ဖြစ်သည်။ အဖေက ပါတီအကြောင်းကို နားလည် ထားသူမို့ ကျမကို မဆန့်ကျင်ဘဲ ထောက်ခံခဲ့တာပါ။

ကျမ ပြောက်ကျားတပ်သားအဖြစ် ပါဝင်ဆောင်ရွက်လိုသည့်ဆန္ဒဖြစ် ပေါ်လာ မိသည်မှာ ရိုးရိုးကလေးပြောရလျှင် ဖိနှိပ်တာကိုမကြိုက်လို့၊ ဖိနှိပ်တာ မခံချင်လို့ပါ။ ဖိနှိပ်မှုလို့သုံးတာ ပါတီထဲရောက်မှ သိရှိလာရသောအသုံးအနှုန်းပါ။ ပိုပြီး လွယ်ကူရှင်း လင်းအောင် ပြောရလျှင်တော့ သူတပါး၏ အနိုင်ကျင့်မှုကို မခံလိုတာပါပဲ။ အထူးသဖြင့် အရပ်သားဘဝမှာ အိမ်ထောင်ကျသည့်အခါ လင်ယောကျ်ားတွေက ကိုယ့်ဇနီးသည် အပေါ် အလွန်အမင်း အနိုင်ကျင့်တတ်ကြပါသည်၊ ဆိုးဆိုးဝါးဝါး ရိုက်နှက်ဆဲဆို တာကို လုပ်ရိုးလုပ်စဉ်တခုလို လွယ်လွယ်ပေ့ါပေ့ါလေးပဲ လုပ်နေတတ်ကြသည်။ သည်အခြင်းအရာ ကို ကျမ တူးတူးခါးခါး မုန်းတီးစိတ် ဖြစ်ပေါ်ခဲ့ရသည်။

ကိုယ်လည်း အချိန်တန်လို့ အိမ်ထောင်ရက်သားကျခဲ့လျှင် ဒီအဖြစ်မျိုးကြုံ ရမှာကို တစိမ့်စိမ့်တွေးပြီး ကြောက်နေမိခဲ့သည်။ ဒီလိုဘဝမျိုး မကြုံချင်ပါ။ ပါတီ အသုံး အနှုန်းနှင့်ပြောရလျှင် ဒီလိုဘဝမျိုးက လွတ်မြောက်အောင်၊ ကင်းဝေးအောင် ရုန်းထွက်ချင် တာပါပဲ။ သည်လိုစိတ်မျိုးဝင်နေသည့်အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် အမျိုးသမီး ရဲဘော်သစ် စည်းရုံးသိမ်းသွင်းရန် စတင်ကြိုးပမ်းလာသည့် ရဲဘော်တူနှင့် စတင်တွေ့ ရှိလိုက်ရလေသည်။ ရဲဘော်တူ

စည်းရုံးရှင်းလင်းပြောပြသည့် စကားတွေကတော့ အများကြီးပါ။ ဒါပေမဲ့ ကျမ နားလည်လက်ခံလိုက်မိသည်ကတော့ ရဲဘော်လုပ်လျှင် ဒီလို ဘ၀မျိုးက လွတ်မြောက်နိုင်သည်ဆိုတာပဲ ဖြစ်ပါသည်။

လှေပေါ်တွင်လိုက်ပါရင်း သည်လို ရောက်တတ်ရာရာ တွေးတော စဉ်းစားနေ မိဆဲ ဦးတူ၏စကားသံပေါ်ထွက်လာသဖြင့် နားစွင့်လိုက်မိသည်။ "အခုဆိုရင် မင်းက အမျိုးသမီးရဲဘော်တယောက် ဖြစ်လာပြီ။ အခုကစလို့ ကိုယ်ဟာ ရိုးရိုးအရပ်သား တယောက် မဟုတ်တော့ဘူး။ အမျိုးသားတွေနဲ့ တန်းတူ ရင်ဘောင်တန်းပြီး နိုင်ငံရေး တာ၀န်ထမ်းဆောင်ရတော့မယ်ဆိုတာ နှလုံးသွင်းထားပါ။ ဒီအသိကို စိုက်ထူထားးပါ။ နောက်ပြီး အရပ်သူတွေလို ရှက်သလို ကြောက်သလို လုပ်မနေနဲ့။ အခု လှေဆိုက်ရင် တို့ရောက်ရမယ့်နေရာက လူမျိုးစုဒေသပဲ။ ဒီလူမျိုးစုဒေသမှာ ရှက်သလို ကြောက်သလို လုပ်နေရင် အလုပ်ဖြစ်မှာမဟုတ်ဘူး။ ဒ့ါအပြင် သူတို့ကို စော်ကားရာ တောင် ကျလိမ့်မယ်။ ဒါကြောင့် ဒီအချက်ကို သတိထားရမယ်"ဟူ၍ ပြောဆိုညွှန်ကြားနေပါသည်။ ကြားသာ နေရသော်လည်း ဘာကို ဆိုလိုမှန်း ကျမ သဘောမပေါက်ပါ။

သည်သို့နှင့် လှေကလေးသည် ရွာတရွာသို့ ဆိုက်ကပ်ရောက်ရှိသွားပါ သည်။ ရွာသို့ရောက်မှ ကျမ အနည်းငယ်သဘောပေါက်သလို ရှိလာရပါသည်။ ရွာက "မြို" အမျိုးသားရွာပါ။ မြိုအမျိုးသမီးများသည် ကြီးငယ်မဟူ ဘယ်သူမှ အင်္ကျီ၀တ် မထားကြပါ။ ထဘီအနေနှင့်တော့ သူတို့ရက်လုပ်သည့် တထွာပတ်လည်လောက်သာရှိသော အနက်ပိတ်စကို ပေါင်တခြမ်းဖော်ပြီး ခါးစည်းကြိုးနှင့် စည်းထားတတ် ကြပါသည်။ ကျမမှာ ကိုယ့်အထက် လူကြီးတယောက်ရှေ့တွင်လည်းဖြစ်၊ အခြားအမျိုး သားများရှေ့တွင်လည်း ဖြစ်သဖြင့် သူတို့ကိုမြင်လိုက်ရသည်နှင့် မျက်နှာ ဘယ်ထားရမှန်းမသိအောင် ဖြစ်သွားမိပါတော့သည်။

ရွာထဲ၀င်ပြီးနောက် အိမ်တအိမ်ပေါ်သို့ သူတို့ရှေ့က တက်သွားနှင့်ကြပါ သည်။ သူတို့သာ အိမ်ပေါ်ရောက်သွားကြသော်လည်း ကျမမှာ အိမ်ပေါ်ရောက်အောင် ဘယ်လိုတက်ရမှန်းမသိ ဖြစ်နေဆဲပါ။ အကြောင်းမူကား အိမ်ပေါ်တက်ရန် လှေကား သဖွယ်ထောင်ထားသည့် သစ်တုံးတခုသာ ရှိနေသည့်အတွက် ဖြစ်ပါသည်။ သစ်တုံးကို ထစ်ရုံထစ်ထားပြီး ကိုင်တွယ်ပြီးတက်ရန်အတွက် လက်ကိုင်တန်းကလည်း တပ်မထားပါ။ နောက်ဆုံးတွင်သစ်တုံးလှေကားပေါ် လေးဘက်တွားပြီး တက်ရပါတော့သည်။ ခဲခဲယဉ်း ယဉ်း အိမ်ပေါ်ရောက်ရှိသွားသည့်အခါ ဦးတူက အိမ်ရှင် ဦးကြီး အဒေါ်ကြီးတို့နှင့် ကျမကို မိတ်ဆက်ပေးပါသည်။ "ဒါ... အခုမှပါလာတဲ့ အမျိုးသမီးရဲဘော်သစ်"ဟု ဆိုပါသည်။ သူက ကျမဘက်သို့လှည့်ပြီး " ဒါ...အစပဲ ရှိသေးတယ်။ တုံးလှေကား လေးတောင် မတက်တတ်သေးဘူး"ဟူ၍ ရယ်မောပြောဆိုပါသည်။ ကျမမှာ ရှက်သွားပြီး အနည်းငယ် စိတ်တိုချင်သလိုလိုလည်း ဖြစ်သွားမိ ပါသည်။ ဒါပေမဲ့ "ငါ အရပ်သားမဟုတ်တော့ ပါလား"ဟူသောစိတ်ဖြင့် ကိုယ့်ကိုယ်ကို ပြန်ထိန်းလိုက်ရသည်။

အိမ်ရှင် အဒေါ်ကြီးက နီးဖျာကလေး တချပ်ခင်းပေးပြီး ကျမတို့ကို အထိုင်ခိုင်း ကာ ထမင်းပွဲ ပြင်ပါသည်။ ထမင်းဆာနေကြပြီ ဖြစ်သည့်အတွက် ထမင်းစားရတော့မည် ဆိုသဖြင့် ၀မ်းသာသွားမိသည်။ အိမ်ရှင်အဒေါ်ကြီးက စကောတချပ်တွင် ငှက်ပျောဖက် ခင်းပြီး ထမင်းတပုံစီနှင့် ငရုတ်သီးတတောင့်စီ ထည့်ပေးပါသည်။ သည့်နောက် မဲမဲ အတုံးကြီးတတုံးနှင့် ၀ါးမျှစ်တုတ်တုတ်လေးတွေ ဖြတ်ထည့်ထားသည့် ခွက်တခွက် ကိုလည်း ချလာသည်။ ကျမမှာ မြင်လိုက်ရသည်နှင့် စားရမှာပင် လန့်သွားမိ၏။ ကျမ မျက်နှာ ဘယ်နည်းဘယ်ပုံဖြစ်သွားသည်ကို ကျမဘာသာ ကျမမသိလိုက်မိပါ။ ဦးတူ ကတော့ အကဲခတ်လိုက်မိ ဟန်တူသည်။ "အဲဒါ မြိုလူမျိုးတို့ရဲ့ အထူးလေးစားသမှုနဲ့ ကျွေးတဲ့ဟင်းပဲ။ ဆင်သားခြောက်နဲ့ မျှစ်ပုပ်ဟင်းလေ"ဟူ၍ ရှင်းပြနေပါသည်။ ကျမ ဘာမှ ပြန်ပြောမနေတော့ဘဲ ခေါင်းသာညိတ်ပြလိုက်ရသည်။ ပါတီ၏ခေါင်းဆောင်မှု အောက်မှာ တော်လှန်ရေးတပ်သားတဦး၏ဘ၀၊ ရဲဘော်တဦးရဲ့ ဘ၀ စတင်ခဲ့ပြီပဲ။

## တပ်သားသစ်အဖြစ် ဘ၀အပြောင်းအလဲ

"တော်လှန်ရေးသမားဆိုတာ လူထုကို အမြဲထာ၀ရ လေးစားရတယ်။ အထူးသဖြင့် လူမျိုးစုတွေနဲ့ ဆက်ဆံရာမှာ အထူးဂရုစိုက်ရမယ်။ သူတို့နားမလည်တဲ့ကိစ္စ၊ သူတို့အသိမပြည့်စုံသေးတဲ့ကိစ္စတွေမှာလည်း အထင်အမြင်သေးပြီး နှိမ့်ချတဲ့ ဆက်ဆံရေး မျိုး မလုပ်ရဘူး။ လေးလေးစားစား ဆက်ဆံရမယ်"

ရဲဘော်တူ၏ခေါင်းဆောင်မှုအောက်တွင် တပ်သားသစ်ဘ၀ စတင်ချိန်၌ ရဲဘော်တူက အစစ အရာရာ ပြုစုပျိုးထောင်ပေးခဲ့ပါသည်။ အသေးအဖွဲ ကိစ္စလေး တွေကအစ ဂရုတစိုက် ပညာပေးကာ မွေးမြူခဲ့ပါသည်။ သည်လို ရဲဘော်တူ၏ ပညာပေးမှု အောက်တွင် မိန်းကလေးဆိုပြီး မပြောရဲ မဆိုရဲနှင့် အရှက်အကြောက်ကြီးသောကိစ္စတွေ ပြေပျောက်တန်သလောက် ပြေပျောက်သွားခဲ့ပါသည်။

ကျမတို့ ရခိုင်အမျိုးသမီးများ၏အလေ့အထတခုမှာ သူစိမ်းအမျိုးသားများနှင့် ပြောဆိုဆက်ဆံရမှာကို အလွန်စိုးရိမ်ရှက်ကြောက်တတ်ခြင်းပင် ဖြစ်ပါသည်။ နောက်ပိုင်း တွင် ဒီဓလေ့သည် စနစ်ဆိုးက ပေးအပ်ခဲ့သော အမွေအနှစ်တခုဟု နားလည်ခံယူလာ မိပါသည်။ အသေးအဖွဲကိစ္စကလေးတွေ ဖြစ်စေကာမူ ကျမတို့ အမျိုးသမီးများ ၏အကျင့် ဓလေ့တခုဖြစ်နေသဖြင့် ပြောရဦးမည်။ ကျမတို့က ကြက်သတ်၀က်သတ်ရသော အလုပ် ကို ကိုယ်နှင့်မဆိုင်ဟု အထင်ရှိနေတတ်ကြသည်။ ကြက်၀က်တို့ကို ကိုယ်တိုင် သတ်ဖြတ် စားသုံးဖို့ဆိုသည်မှာ ဘယ်တုန်းကမှ မစဉ်းစားခဲ့သော ကိစ္စတရပ် ဖြစ်နေခဲ့ပါသည်။

အမျိုးသမီးများအား ပညာပေးရာမှာ ဦးတူ၏လက်သုံး စကားက "ဘာမလုပ် ရဲဘူး၊ ညာမလုပ်ရဲဘူးဆိုတဲ့ စိတ်ပေါ်လာတိုင်း ကိုယ့်ကိုယ်ကို ပြန်စဉ်းစားကြည့်ကြပါ။ ကိုယ်ဟာ သာမန်အရပ်သား အမျိုးသမီးတယောက်မဟုတ်တော့ဘူးဆိုတာ ပြန်သတိ ရကြပါ။ ပါတီနဲ့ပြည်သူအကျိုးကို ထမ်းဆောင်ဖို့ဆိုရင် ဘာမဆို

အမျိုးသားများနဲ့ တန်းတူ လုပ်နိုင်ကိုင်နိုင်မှ ဖြစ်မယ်။ အဲဒီစိတ်ကို အမြဲတမ်းမွေးမြူထားဖို့လိုတယ်''ဟူ၍ ဖြစ်ပါသည်။ ရဲဘော်တူသည် ပြောလည်းပြော၊ လက်တွေ့ လည်း ပညာပေးပါသည်။

တခါမှာ စခန်းသစ်တခု အပူတပြင်းဆောက်လုပ်ရန်လိုသဖြင့် အမျိုးသား ရဲဘော်များအားလုံး စခန်းသစ်ဆောက်လုပ်ရာသို့ သွားရောက်လုပ်ဆောင်နေကြသည်။ စခန်းဟောင်းတွင် စက်သမားများ၊ ကင်းသမားများ၊ ရိက္ခာတာဝန်ကျသူများနှင့် ဦးတူတို့ သာ ကျန်နေရစ်ခဲ့ပါသည်။

ရိက္ခာတာဝန်ကျသူများမှာ အမျိုးသမီး(၃) ယောက် ဖြစ်၏။ ကျမ၊ ရဲဘော် အဖြူမေနှင့် ရဲဘော် မနုတို့ပါ။ ခါတိုင်းဆိုလျှင် ရိက္ခာတာဝန် အလှည့်ကျ တွဲပေးသည့်အခါ အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသား တယောက်၊ သို့မဟုတ် အမျိုးသားနှစ်ယောက်နှင့် အမျိုးသမီးတယောက် တွဲပေးလေ့ရှိပါသည်။ ယခုမူ စခန်းသစ်ဆောက်ရာတွင် အမျိုး သားများ အလုပ်လုပ်ဖို့လိုသဖြင့် ဤထူးခြားချက်အရ ရိက္ခာတာဝန်ကို အမျိုးသမီး (၃)ယောက် တွဲပေးထားခြင်း ဖြစ်ပါသည်။

အဲဒီနေ့မှာ ရဲဘော်များ ပင်ပင်ပန်းပန်း အလုပ်လုပ်နေရသည့်အတွက် ကြက်သားဟင်းချက်ကျွေးရန် အစီအစဉ်ရှိပါသည်။ ကြက်သုံးကောင်က ခြင်းတောင်း ထဲမှာ အရှင်တွေ။ ကြက်များ၏ လူးလွန့် ရုန်းကန်သံ၊ တဖျတ်ဖျတ်ခုန်နေသံများကို ကြားနေရသည်။ ဦးတူက ကြက်သုံးကောင်ကို သတ်ပြီး ချက်ထားဖို့ ပြောလာသည်။ စခန်းသစ် သွားရောက်ဆောက်လုပ်သည့်ရဲဘော်များ ညနေပြန်လာလျှင် စားနိုင် အောင် အချိန်မီ ချက်ထားရမှာဖြစ်သည်။ ချက်တာကတော့ အကြောင်းမဟုတ်။။ ဒီကြက် ၃–ကောင်ကို ဘယ်သူသတ်မလဲ–ဆိုသည့် အဓိပ္ပာယ်ဖြင့် ကျမတို့သုံးယောက် တယောက်မျက်နှာ တယောက် ကြည့်လိုက်မိကြသည်။ ဦးတူက ချက်ချင်းရိပ်မိပြီး ထပ်ပြောသည်။ ''လူတိုင်းလူတိုင်းက ကိုယ့်တာဝန်နဲ့ကိုယ်ချည်းပဲ။ ကိုယ့်ကျတဲ့ တာဝန်ကို မကျေပွန်ဘဲ သူများက လာလုပ်ပေးရတယ်ဆိုတာ ကောင်းတဲ့ကိစ္စ မဟုတ်ဘူး''တဲ့။ သူ ပြောတာကို ကျမတို့လည်း နားလည်သဘောပေါက်ထားပါသည်။ သို့ရာတွင် ခက်သည်က ကျမတို့သုံးယောက်ထဲမှာ ဘယ်သူမှ ကြက်သတ်ရဲသူမရှိ။ စက်သမား ရဲဘော်ကို အကူအညီတောင်းလိုသော်လည်း ကိုယ့်တာဝန် ကိုယ်မကျေပွန်သည့် အဖြစ်မျိုး ရောက်သွားမှာ စိုးသည့်အတွက် မတောင်း ရဲကြ၊ အချိန်တန်၍ ရဲဘော်များ ပြန်လာသည့်အခါ ကြက်သားဟင်း ချက်မပြီးသေးလျှင်လည်း မဖြစ်။ ဤသို့ဖြင့် ကျမတို့မှာ အတန်ကြာ အကြပ်ရိုက်နေမိပါသည်။ ဦးတူက အိမ်ပေါ်မှာ စာဖတ်ရင်းက ကျမတို့ကို အကဲခတ်နေသည်။

နောက်ဆုံးတော့ ကျမတို့သုံးယောက်တိုင်ပင်ပြီး''မတတ်နိုင်တော့ဘူး ဟေ့…ကိုယ်ကိုယ်တိုင်ပဲ သတ်ကြစို့''ဟုဆိုပြီး ကြက်ကို တယောက်က တောင်ပံနှစ်ဖက် ကိုင်၊ တယောက်က ခြေနှစ်ချောင်းကိုကိုင်… ကျန် တယောက်က ထင်းချောင်းကြီးနှင့် ခေါင်းကို ရိုက်ချလိုက်ပါတော့သည်။ သည်သို့နှင့် ကြက် ၃–ကောင်ကို တယောက် တလှည့် စီ ရိုက်သတ်ပြီး ချက်ထားလိုက်ကြသည်။

စခန်းသွားဆောက်သည့် ဘော်များ ပြန်လာကြတော့ ရဲဘော်တူက အရင်ဆုံး စပြောသည်။

''ဒီနေ့ ရိက္ခာတာဝန်ကျရဲဘော်တွေဟာ ကြက်ကို ကိုယ်တိုင်သတ်ပြီး ချက်ထားတယ်ဟေ့''ဟု ရဲဘော်တူက ပြောလိုက်တော့ ရဲဘော် အားလုံး အံ့သြသွားပြီး တကယ်လားဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်လိုက် ကြသည်။

''ခင်ဗျားတို့ မယုံဘူးလား…မယုံရင် သူတို့ကို မေးကြည့်ကြလေ။ ကြက် လောက်ကိုတော့ အပျော့ပေါ့။ နောင်ဆို ရန်သူကိုတောင် သတ်ကြရဦးမှာပဲ။ ရန်သူကို ကိုယ်က မသတ်ရင် ရန်သူက ကိုယ့်ကို သတ်သွားမှာ ပေါ့''တဲ့။

## ပါတီအလံတော်အောက်မှ ရခိုင်ပြည်နယ် ပြောက်ကျားဒေသ

ရခိုင်ပြည်နယ် ပြောက်ကျားဒေသအကြောင်း ကျမသိသလောက် ရေးပြ ပါမည်။

ရခိုင်ပြည်နယ် ပြောက်ကျားဒေသတွင် ခရိုင်(၃) ခု ရှိပါသည်။ စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင်တို့ ဖြစ်ကြသည်။ ၎င်းခရိုင်(၃) ခုအနက် စစ်တွေခရိုင်သည် အကျယ်ပြန့်ဆုံး၊ ပြောက်ကျားစစ်အတွက် သဘာဝမြေအနေအထားအကောင်းဆုံးဟု ကျမ ထင်မြင်ယူဆမိပါသည်။ အကြောင်းအချက်တခုက စစ်တွေခရိုင်ကို ရန်သူက ဘယ်လိုနည်းနှင့်မျှ ထွက်ပေါက်ပိတ်အောင် ဝိုင်းဝန်းပိတ်ဆို့ထား၍ မရပါ။ ထွက်ပေါက် တပေါက်ပေါက်ကတော့ ရှိနေတာချည်းပါပဲ။ စစ်တွေခရိုင်သည် ယင်းကဲ့သို့ နယ်မြေ ဧရိယာကျယ်ဝန်းသည့်အတွက် ၂–ခရိုင်ခွဲကာ စစ်တွေအရှေ့ခြမ်းခရိုင်နှင့် စစ်တွေ အနောက်ခြမ်းခရိုင်ဆိုပြီး သတ်မှတ်ကာ တာဝန်ခွဲဝေ ယူထားကြရပါသည်။ ခရိုင်ပါတီ ကော်မတီသည်လည်း စစ်တွေခရိုင်တွင် အများပိုင်း ရုံးစိုက်ခဲ့ပါသည်။

ကျောက်ဖြူခရိုင်ကတော့ ရေပတ်လည် ဝိုင်းနေတဲ့ ခရိုင်ပါ။ ရန်သူက ဝိုင်းပတ် ပိတ်ဆို့လာလျှင်လည်း ထွက်ပေါက်က ရေကြောင်းလမ်း တခုတည်းသာ ရှိသည့်အတွက် ရန်သူဝိုင်းလာလျှင် အကျအဆုံးများတတ်ပါသည်။ ဒါကြောင့် ရခိုင်ပြည်နယ်ရုံးဟာ စစ်တွေခရိုင်မှာပဲ ရုံးစိုက်တာ များခဲ့ရတာပါ။ သံတွဲခရိုင်ကတော့ အလှမ်းကွာနေ တဲ့အတွက် အဆက်အသွယ် အလွန်ပြတ်တတ်ပါသည်။ ကျမ သိရှိသလောက်ဆိုလျှင် သုံးလေးနှစ်နေမှတကြိမ်လောက် အဆက်အသွယ်ရတတ်ပါသည်။ ထို့ကြောင့် သံတွဲ ခရိုင်အကြောင်းကိုတော့ ကျမ ထဲထဲဝင်ဝင် မသိရှိခဲ့ရပါ။

ကျမတို့ ခရိုင်ရုံးစခန်းအကြောင်းကိုလည်း အနည်းအပါး ရေးပြပါဦးမည်။

ကျမတို့စခန်းတွင် ပုံမှန်အားဖြင့် ရဲဘော် (၆၀) မှ (၈၀) အထိ ရှိနေ တတ်ပါ သည်။ တခါတရံ တပ်မှ ရဲဘော်များ ခေတ္တဝင်ရောက်လာသည့်အချိန်မျိုးတွင်မူ အင်အား(၁၀၀) နီးပါး ရှိတတ်ပါသည်။ စခန်းတွင် ဌာနခွဲ အသီးသီး ရှိပါသည်။

၁။ ဆေးဌာန။

၂။ ရုံးဌာနနှင့်

၃။ ဆက်သွယ်ရေးဌာနတို့ ဖြစ်ကြသည်။

စခန်းတွင် အချိန်ဇယားအတိုင်း အလုပ် လုပ်ကြရသည်။ နံနက် (၆) နာရီတွင် အိပ်ယာမှ ထကြရသည်။ (၆–နာရီ၊ ၃၀–မိနစ်) တွင် တန်းစီ၊ ပစ္စည်းမဲ့ အောင်လံတော်နှင့် ကျဆုံးသွားသည့် အာဇာနည်ရဲဘော်တွေကို အလေးပြုပြီး ယင်းနောက်တွင် ကျန်းမာ ရေးလှုပ်ရှားမှုကို လုပ်ကြရသည်။ သည့်နောက် ရိက္ခာတာဝန်ကျ ရဲဘော်များ ချက်ပြုတ် ထားသော ဆန်ပြုတ်တခွက်ကို "မသောက်မနေရ" သောက်ကြရသည်။ "မသောက် မနေရ"ဟု ဝိသေသပြုထားရခြင်းမှာ တချို့ရဲဘော်တွေက ဆန်ပြုတ်မကြိုက်သည့် အတွက် မသောက်ကြပါ။ ထို့ကြောင့် မသောက်မနေရဟု ညွှန်ကြားထားရခြင်း ဖြစ်ပါ သည်။ နံနက်(၈) နာရီမှ (၁၀) နာရီအထိက အလုပ်ချိန်ပါ။ (၁၀–နာရီ ၃၀–မိနစ်) မှ ၁၂–နာရီအထိကတော့ နံနက်ထမင်းစားချိန်ဖြစ်သည်။ (၁၂–နာရီ၊ မိနစ် ၃၀) မှ ၂–နာရီအထိက ကိုယ်ပိုင်အချိန်။ ကိုယ်ရေးကိုယ်တာ လုပ်ငန်းအဝဝကို လုပ်ဆောင်ရန် အတွက် ဖြစ်သည်။ (၂–နာရီမှ ၄–နာရီ၊ ၃၀–မိနစ်) အထိက အလုပ်ချိန်။ ၄–နာရီ မှ ၄–နာရီ၊ မိနစ် ၃၀အထိ ညစာ စားချိန်။ ...စသဖြင့် သတ်မှတ်ထားပါသည်။

စခန်းတွင် စခန်းလုပ်ငန်း ပုံမှန်လည်ပတ်နိုင်ရေးအတွက် တနေ့တာ –တာဝန် မှူးတဦးကိုလည်း အလှည့်ကျ ခန့်အပ်တာဝန်ပေးထားပါသေးသည်။ တနေ့တာ–တာဝန် မှူး၏တာဝန်မှာ နံနက် အိပ်ရာ ထ–မထ၊ အလုပ် လုပ်–မလုပ် စသည်တို့ကို စစ်ဆေး ကြပ်မတ်ရခြင်းပင် ဖြစ်သည်။ စခန်းကလာပ်စည်းမှ ရဲဘော်များအား အသေးစိတ် တာဝန်တွေ ခွဲဝေပေးပြီး လုပ်ငန်းတာဝန်တွေ ထမ်းဆောင်စေခြင်းပင် ဖြစ်ပါသည်။ ထင်းရှာ အဖွဲ့၊ ထင်းခုတ်အဖွဲ့၊ ဆန်ထမ်းအဖွဲ့၊ ရုံးအဖွဲ့ စသည်တို့ကို စီစဉ်ခန့်ခွဲပေးရပါသည်။

တနေ့တာ ကုန်ဆုံးသွားသောအခါ တနေ့တာလုပ်ငန်း၏ အောင်မြင်မှု၊ မအောင်မြင်မှု၊ အားသာချက်ရှိမှု၊ အားနည်းချက်ရှိမှု... စသည်တို့ကို အထက်အဖွဲ့ အစည်းသို့ အစီရင်ခံရပါသည်။ ရဲဘော် အသီးသီးကလည်း တနေ့တာ လုပ်ငန်းသုံး သပ်ချက်ကို ညနေတိုင်းတွင် နိဂုံးချုပ်အစည်းအဝေးမှာ တင်ပြကြရပါသည်။ မိမိကိုယ် မိမိ ဝေဖန်သုံးသပ်ကြရပါသည်။ သည့်အပြင် သူတပါး ချွတ်ယွင်းချက်ကိုလည်း အပြု သဘော ဝေဖန်ထောက်ပြရသေးသည်။ အဲဒီ နိဂုံးချုပ်အစည်းအဝေးပွဲဆိုသည်က အဖွဲ့ လိုက် လုပ်ကြရခြင်းပါ။ အဖွဲ့ခေါင်းဆောင်က တာဝန်ခံပြီး ကျင်းပဆွေးနွေးရသည်။ တဖွဲ့မှ ရဲဘော်နှင့် အခြားတဖွဲ့မှ ရဲဘော် ပြဿနာရှိခဲ့လျှင် အဖွဲ့ခေါင်းဆောင်များက တာဝန်ယူပြီး ဖြေရှင်းပေးရသည်။ သည်လို အစည်းအဝေးကတော့ အခြေအနေပေးလျှင် ညတိုင်းလိုလို ရှိတတ်သည်။

တပတ်တခါ ပါတီကလာပ်စည်း အစည်းအဝေးရှိသည်။ စခန်းလုံးကျွတ် အစည်းအဝေးကိုမူ တလတခါ ပြုလုပ်လေ့ရှိပါသည်။ အခြေအနေအရ (ဥပမာ) ရန်သူ့ ထိုးစစ်ဝင် လာလျှင် ပါတီကလာပ်စည်းခေါင်းဆောင်နှင့် တပ်ခေါင်းဆောင်တွေ ခေတ္တ စုဝေးကာ ရှေ့လုပ်ငန်း များ ချမှတ်ပြီး လူစုခွဲလိုက်ပါသည်။ ရန်သူ့ထိုးစစ် ဝင်နေချိန်တွင် လူများများ စုစုရုံးရုံး ဖြစ်မနေစေရန် ဂရုစိုက်ကြရသည်။ မိမိတာဝန်ကျရာနေရာတွင် အသင့်အနေ အထားနှင့် နေကြရသည်။

အကယ်၍ ရန်သူ့အခြေအနေ အရေးကြီးလာလျှင် တစခန်းလုံး စခန်းလုံခြုံ ရေးတာဝန်ယူထားသော တပ်မှူး၏အမိန့်အတိုင်း နာခံဆောင်ရွက်ကြရသည်။ ပြည်နယ် ခေါင်းဆောင်(သို့မဟုတ်) ခရိုင်ခေါင်းဆောင်များ စခန်းတွင်ရှိနေပါက တပ်မှူးသည် သူတို့နှင့် တိုင်ပင်ပြီး လုပ်ငန်းများ ကို စီမံခန့်ခွဲရပါသည်။

ပြောက်ကျားစခန်းတခု ချထားရေးအကြောင်းကိုလည်း ကျမသိထားသမျှ အနည်းငယ်တင်ပြပါဦးမည်။ စခန်းနေရာ ရွေးချယ်သော အခါ မိမိက အသာစီးရရှိနိုင်မည့် မြေအနေအထားရှိသောနေရာကို ရွေးချယ်ထားရပါသည်။ ပြီးနောက် အရေးအကြောင်း ရှိလာလျှင် အသုံးပြုဖို့ ဆုတ်လမ်းတက်လမ်း စသည်တို့ကို ရွေးချယ်သတ်မှတ်ပြီး ရဲဘော်များအား အသိပေးထားရပါသည်။ နောက်ပြီး အကယ်၍ ရန်သူနှင့် မမျှော်လင့်ဘဲ တိုက်ပွဲဖြစ်ပွားပြီး လူစုကွဲသွားခဲ့လျှင် ပြန်လည်စုစည်းရမည့် နေရာတခုကို ကြိုတင် သတ်မှတ်ပြီး ရဲဘော်များအား အသိပေးထားရသည်လည်း ရှိသည်။

စခန်းလုံခြုံရေးအတွက် ကင်းချထားရပါသည်။ အစက ရန်သူများသည် ရှေ့ဘက်မှ တက်လာတတ်စမြဲဖြစ်သည့်အတွက် ရှေ့ကင်းကို အဓိက ချထားသည်။ ရန်သူများ ရှေ့ဘက်က ပေါ်လာပြီဆိုလျှင် မိမိက လက်ဦးမှုရသည်ဖြစ်၍ ရန်သူများ အထိနာသည်က များပါသည်။ ရန်သူများကလည်း တိုက်ပွဲအတွေ့အကြုံရလာသော အခါတွင် နောက်ပိုင်းကာလများ၌ စခန်း၏ နောက်ကျောဘက်က ပေါ်လာတတ်ကြ သည်။ သည့်အတွက် ကျမတို့ ဘက်မှလည်း နောက်ကျောဘက်ကို အဓိကထားကာ ကင်းချတာမျိုး ပြောင်းလဲလုပ်ဆောင်လာရသည်။

ဤမျှသာမက၊ ရန်သူတို့သည် ပြောက်ကျားစခန်းအကြောင်း စုံစမ်း ထောက် လှမ်းသည့်အခါ နောက်တန်းစခန်းကို အဓိကထား စုံစမ်းထောက်လှမ်းခြင်း ပြုလုပ်လာ သည်။ အကြောင်းမူကား နောက်တန်းစခန်း တွင် အဓိက ခေါင်းဆောင်များ ရှိသည်။ အိမ်ထောင်သည်နှင့် ကလေးများ ရှိရာ စခန်းလည်း ဖြစ်သည်။ ထို့ကြောင့် လှုပ်ရှားမှု နှေးကွေးတတ်သည်။ ယင်းအတွက် တိုက်ပွဲဖြစ်ပွားလျှင် သူတို့ဘက်က အသာစီးရနိုင် သည်ကို တွက်ဆပြီး နောက်တန်းစခန်းများကိုသာ အဓိကထား စုံစမ်းကာ တိုက်လျှင် လည်း နောက်တန်းစခန်းများသို့သာ လာတိုက်လေ့ရှိသည်။

ပြောက်ကျားတပ်ဖွဲ့များ၏သတင်းကို ကြားရလျှင်တော့ ရှောင်နိုင်လျှင် ရှောင်သည်။ မရှောင်သာမှ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ကြခြင်းဖြစ်၏။ ထိုသို့ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့လျှင် သူတို့က ကျည်အားကိုးပြီး လက်နက်ကြီးငယ်များနှင့် တရစပ် ပစ်ခတ်တတ်သည်။ ကျမတို့ ရဲဘော်များကတော့ ပြောက်ကျားများပီပီ ပစ်ပြီးလျှင် ပြေးပဲ။ မိမိက ဦးသည်ဖြစ်စေ၊ ရန်သူက ဦးသည်ဖြစ်စေ၊ ပစ်ပြီးလျှင် ပြေးရ သည်ချည်းသာ။ အကြောင်းမူကား ပြောက်ကျားရဲဘော်များဆိုသည်က ရန်သူနှင့် ကျည်အား လူအား မယှဉ်နိုင်အောင် ကွာပါသည်။ ဒါကြောင့် ပြောက်ကျား စစ်ဆင်ရေး မှာ ကိုယ်က လက်ဦးမှုရဖို့ အလွန်အလေးထားရခြင်း ဖြစ်ပါသည်။

နောက်ပြီး ရန်သူ့ထိုးစစ်ကာလအတွင်း ရဲဘော်တဦးစီ၏ တာဝန်ကို အနည်းငယ်ဖော်ပြလိုပါသေးသည်။ စခန်းတွင် အဖွဲ့ခွဲ အသီးသီး ရှိသည့်အလျောက် သက်ဆိုင်ရာအဖွဲ့မှ ရဲဘော်သည် မိမိအဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသည့် ပစ္စည်းများကို အကြောင်းတခုခုကြောင့် စခန်းမှခွာလျှင် ကိုယ်တာဝန်ယူထားသည့် ပစ္စည်းကို ကိုယ်နှင့် တပါတည်း သယ်ဆောင်သွားရပါသည်။ ရုံးအဖွဲ့မှ ရဲဘော်များသည်လည်း ရုံးအဖွဲ့မှ တာဝန်လွှဲအပ်ထား သော ရုံးပစ္စည်းများကို ကိုယ်နှင့်တပါတည်း သယ်ဆောင်သွားရမည် ဖြစ်ပါသည်။ ထိုမျှသာ မကသေးပါ။ ရိက္ခာပစ္စည်းဖြစ်သည့် ဆန်နို့ဆီဘူး ၁၂–လုံးကိုလည်း ခါးပတ်ဆန်အိတ်တွင် အမြဲထည့်ထားပြီး ခါးမှာဆောင်ထားရသည်။ ရိုင်ဖယ်သေနတ် တလက်နဲ့ ကျည် ၅၀၊ မိမိအဝတ်အစား ကျောပိုးအိတ်၊ ပန်းကန်ပြား စသည်တို့ကိုလည်း ယူဆောင်ရပါသည်။ အကယ်၍ ရန်သူနှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ခဲ့ပြီး မိမိပစ္စည်းကို လျှော့ဖို့လိုလာခဲ့မည်ဆိုလျှင် မိမိကိုယ်ပိုင်ပစ္စည်းကိုသာ အရင်လျှော့ပစ်ရပါသည်။ လူမသေဘဲ လက်နက်ကျည်ဆန် မဆုံးစေရ ဆိုသည့် စည်းကမ်းသတ်မှတ်ချက်လည်း ရှိသေးသည်။

ပုံမှန်အချိန်များတွင်လည်း ကျမတို့ ရုံးများသည် အလွန် အလုပ်များပါသည်။ ပါတီရုံး၏ လေ့လာရေးစာစောင်စာတမ်းတွေအပြင် ပါတီဘဏ္ဍာငွေ ကောက်ခံရန် အတွက် ပြေစာဖြတ်ပိုင်းကိုလည်း ရိုက်နှိပ် ထုတ်လုပ်ရသည်။ ရခိုင်ပြည်နယ် ပြောက်ကျား ဒေသ၏ ဘဏ္ဍာငွေ ကောက်ခံမှုနှင့် စပ်လျဉ်း၍ ပြောရလျှင် ပါတီဘဏ္ဍာငွေသည် ပါတီ၏ အသက်သွေးကြောဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ပါတီဘဏ္ဍာ မရှိခဲ့လျှင် ပါတီမရပ်တည်နိုင်ပါ။ သည့်အပြင် ဤဘဏ္ဍာငွေ ကောက်ခံရာတွင် ရဲဘော်များ အသက် နှင့် ရင်းပြီး ကောက်ခံခဲ့ရခြင်း ဖြစ်သည်။ ဘဏ္ဍာငွေကောက်ခံသည့်တာဝန် ထမ်းဆောင် ရင်း ရဲဘော်များ အသက် ပေးသွားရသည်အဖြစ်အပျက်များမှာ မနည်းလှပါ။ ထို့ကြောင့် ဘဏ္ဍာငွေသုံးစွဲရာတွင်လည်း စည်းစံနစ်ကျစွာ သုံးစွဲရပါသည်။ အကယ်၍ အလွဲသုံးစား လုပ်ခဲ့လျှင် ပြင်းထန်သော အရေးယူမှုခံကြရသည်။ ကောက်ခံရရှိသော ဘဏ္ဍာ ငွေထဲမှ သတ်မှတ်ထားသော အချိုးအစားအရ ပါတီ ဗဟိုအတွက်လည်း အမြဲတမ်း သီးသန့် ချန်ထားရပါသည်။

ပါတီအလံတော်အောက်မှ ရခိုင်ပြည်နယ်ပြောက်ကျားဒေသ၏ အနေ အထားကို အကျဉ်းချုပ်ဖော်ပြခြင်း ဖြစ်ပါသည်။

## ဘဝ၏အပြောင်းအလဲများ

ရိုးရိုးသာမန် အရပ်သားဘဝမှ ပါတီ၏ ပြောက်ကျားတပ်သားအဖြစ် ခြေစုံပစ် လှမ်းဝင်လိုက်ခြင်းသည် ကျမဘဝကို တဆစ်ချိုး လှည့် ပြောင်းလိုက်ရခြင်းပင် ဖြစ်ပါသည်။ ပါတီ၏ရဲဘော်အဖြစ် တာဝန်ထမ်းဆောင်ရခြင်းမှာ ပြည်သူ့အကျိုးထမ်းဆောင် ရခြင်းဖြစ်သဖြင့် မွန်မြတ်လေးနက်သည်နှင့်အမျှ အခြားတဖက်တွင်လည်း စွန့်လွှတ်စွန့် စားရခြင်း၊ အခက်အခဲများကို ကြိုးစားရန်းကန်ရခြင်းတို့ များပြားစွာရှိနေသဖြင့် သာမန်ဘဝနှင့် မတူသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျမဘဝ၏အလှည့်အပြောင်းမှာ ဤမျှသာ မကပါ။ ရခိုင်ပြည်နယ် ပြောက်ကျားဒေသတွင်း ပါတီ၏တပ်သားအဖြစ် ရောက်ရှိလာပြီးနောက် များစွာ မကြာလိုက်မီပင် ကျမဘဝ၌ နောက်ထပ် အလှည့်အပြောင်းတရပ် ထပ်မံပေါ်ပေါက် လာခဲ့ပါသည်။

ရခိုင်ပြည်နယ်၏ပြည်နယ် ပါတီအတွင်းရေးမှူးအဖြစ် ရခိုင် တော်လှန်ရေကို ခေါင်းဆောင်နေသော ရဲဘော်ကျော်မြသည် သူ့စခန်း အတိုက်ခံရပြီး သူ့ဇနီးအပါအဝင် ရဲဘော်များ ကျဆုံးသွားသဖြင့် ကြီးစွာသော ဆုံးရှုံးနစ်နာမှုကို ကြုံတွေ့ခဲ့ရပါသည်။ ထို့ကြောင့် စိတ်ထိ ခိုက်မှုကို ခံစားနေသည့်အပြင် ကျန်းမာရေးလည်း ချို့ယွင်းလာနေ ပါသည်။ ထိုမျှသာမကသေးပါ။ ရဲဘော်ကျော်မြတွင် လူမမယ် ကလေးငယ်တဦးလည်း ကျန်ရစ်နေခဲ့ပါသေးသည်။ (“စန်းစန်း”ပါ) သည်သမီးငယ်လေးအတွက် ထိန်းကျောင်းရန် လူလိုနေပါသည်။ ရဲဘော်များက တယောက်တလှည့်စီ သမီးငယ်လေးကို ကြည့်ပေးနေ ကြသည်။ သို့ရာတွင် ရေရှည်မှာ ရဲဘော်များ တယောက်တလှည့်စီ ကြည့်ပေးရန် ဘယ် မှာ ဖြစ်နိုင်ပါမည်နည်း။ ရဲဘော် များသည်လည်း ကိုယ့်တာဝန်နှင့်ကိုယ် အသီးသီး လုပ်ငန်းတာဝန် ရှိနေကြပါသည်။

အတွင်းရေးမှူးသည် ကလေးကတဖက်၊ ကျန်းမာရေးကတဖက်နှင့် လုပ်ငန်း တာဝန်များကို ကောင်းစွာ မလုပ်နိုင်ဘဲ ဖြစ်နေရသည်။ ရဲဘော်ကျော်မြ လုပ်ငန်းတာဝန် တွေကို ကိုယ်ဖိရင်ဖိ ကောင်းမွန်စွာ မလုပ်နိုင်ပါက ရခိုင်ပြည်နယ်ရှိ ပါတီလုပ်ငန်းများ၊ ရခိုင်တော်လှန်ရေးနှင့် ပြောက်ကျား ဒေသလုပ်ငန်းများ ကြီးမားစွာ ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်လာနိုင်သည်မှာ အမှန်ပင် ဖြစ်ပါသည်။

သည်ကိစ္စသည် သာမန်ကိစ္စ မဟုတ်ပါ။ တော်လှန်ရေးအတွက် အရေးကြီး သော ကိစ္စဖြစ်လာသောကြောင့် ရခိုင်ပြောက် ကျားဒေသမှ ခေါင်းဆောင်များ ခေါင်းချင်း ရိုက်ဆွေးနွေးကြရပါတော့သည်။ အစက သည်ကိစ္စ ကျမထံ ရောက်လာလိမ့်မည်ဟု မထင်ခဲ့မိပါ။ ကျမကို ခေါင်းဆောင်များက ဆွေးနွေးလာသောအခါတွင် ကျမ၏အဖေ ရော၊ ရဲဘော် တူတို့ကပါ သည်ကိစ္စကို သဘောတူစီစဉ်ပြီးသား ဖြစ်နေပါပြီ။ ကျမအနေ ဖြင့် အစကပြောခဲ့သလို လွတ်လွတ်လပ်လပ်ဘဝဖြင့် တော်လှန်ရေးတာဝန်ကို ထမ်း ဆောင်လိုစိတ်ရှိနေသေးသော်လည်း ခေါင်းဆောင်များက ဝိုင်းပြီး သည်တာဝန်မှာ အရေးကြီးသော တာဝန်ဖြစ်ကြောင်း၊ သည်တာဝန်သည် ပါတီအတွင်းရေးမှူး ရဲဘော် ကျော်မြကို ကူညီရုံသာမက ရဲဘော်များနှင့် ရခိုင်တော်လှန်ရေးကို ကူညီအလုပ်အကျွေး ပြုခြင်း ဖြစ်ကြောင်း အလေး အနက်ဆွေးနွေးလာသဖြင့် ကျမ သဘောတူ ခေါင်းညိတ် လိုက် ရပါတော့သည်။သူတို့ပြောသလိုပင် ကျမ သည်တာဝန်ကို ယူခဲ့သည့်အတွက် ရခိုင် ပြည်နယ်မှ ရဲဘော်များသာမကပဲ ကျမတို့နယ်မှ လူထု၏လေးစားမှုကို ခံခဲ့ရပါသည်။

ဒါကြောင့် သည်နှစ်သည် ကျမဘဝအတွက် ဆစ်ချိုးအလှည့်အပြောင်းတွေ များသည့်နှစ်ဟု ဆိုမိခြင်းဖြစ်ပါသည်။ သည်နှစ်တွင်ပင် တော်လှန်ရေး ပြောက်ကျား ရဲဘော်ဘဝ ရောက်ခဲ့ရသည်။ သည်နှစ်တွင်ပင် မမျှော်လင့်ဘဲ အိမ်ထောင်ကျခဲ့ရသည်။ အိမ်ထောင်ကျရုံမျှမကပါ၊ ကလေး မိခင်ဘဝသို့ ချက်ချင်းရောက်သည်ဟုလည်း ဆိုနိုင် ပါသည်။ ရဲဘော်ကျော်မြတွင် ကျန်ရစ်နေခဲ့သော စန်းစန်းကို ကျမသမီးလို အစစအရာရာ ကျမ တာဝန်ယူ စောင့်ရှောက်ခဲ့ရပါသည်။

ရခိုင်ပြည်နယ် ပြောက်ကျား အခြေခံဒေသတွင်လည်း အပြောင်းအလဲများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာနေပါသည်။ သည်နှစ်မှာပင် ပါတီဗဟို၏ကိုယ်စားလှယ် ဖြစ်သူ ရဲဘော်ဗိုလ်ဇေယျ ရခိုင်ပြည်နယ်သို့ ရောက်ရှိလာသည်။ ဗိုလ်ဇေယျ ရောက်လာပြီးနောက် ခေါင်းဆောင်များသည် အစည်းအဝေးအတွက် ပြင်ဆင်ရေးလုပ်ငန်းများ စလုပ်ပြီး ပြည်နယ်ကော်မတီအစည်းအဝေး ကျင်းပခဲ့ကြပါသည်။ ဤအချိန်တွင် နောက်ထပ် အပြောင်းအလဲတခုမှာကား ဗိုလ်ဇေယျ ရခိုင်ပြည်နယ်ကို ရောက်ရှိလာ ကြောင်း ရန်သူက သတင်းရသွားပြီးနောက် “ရဲမင်းဦး”ထိုးစစ်ဆိုသော အမည်ဖြင့် ထိုးစစ်ကြီး ဆင်လာခြင်း ဖြစ်လေသည်။

## သင်တန်းတက်ရခြင်း

ရန်သူ၏“ရဲမင်းဦး”ထိုးစစ်ကို စတင်တော့မည့် အကြောင်း ကြားသိနေရ သော်လည်း ပါတီ၏မူလအစီအစဉ်အရ တပ်သားသစ်များကို စစ်ရေးအခြေခံ သင်တန်း တခု ဖွင့်လှစ်သင်ကြားပေးရန် ရှိနေပါသည်။ သင်တန်းကို နဂိုက လူများစုနှင့် ဖွင့်လှစ် သင်ကြားပေးရန် အစီအစဉ် ရှိသော်လည်း ရန်သူ့ထိုးစစ် စလာမည့် အခြေအနေကြောင့် လူနည်းစုနှင့် သာ ဖွင့်လှစ်ခဲ့ရပါသည်။

ကျမအနေဖြင့် ပါတီတွင်းရောက်မှ ခေါင်းဆောင်များ၏ပညာပေးသွန် သင်မှုကြောင့် စနစ်ဆိုသည်အကြောင်း၊ ပါတီအကြောင်း၊ တော်လှန်ရေးအကြောင်း တစုံတရာ နားလည်လာရပါသည်။ ကျမတို့မှာ ပညာမတတ်ကြပါ။ ထို့ကြောင့် ပါတီတွင်းတွင် ရဲဘော်များ၏စာပေသင်ပေးမှုကိုလည်း တဖက်မှ သင်ယူနေရသည်။ အခြားတဖက်မှမူ ပါတီအကြောင်း၊ ပြည်သူအကြောင်း၊ အထူးသဖြင့် နိုင်ငံရေး အကြောင်းတွေကို လေ့လာသင်ယူရပါသည်။ ကျမတို့ခေါင်းဆောင်များသည် သင်တန်း သဘောမျိုးမဟုတ်ဘဲ သူတို့အားလျှင်အားသလို တစခန်းလုံးကိုခေါ်ပြီး ပါတီအကြောင်း၊ နိုင်ငံရေးအကြောင်း၊ ပြည်သူလူထုအကြောင်း စသည်တို့ကို ဟောပြောဆွေးနွေး ပြတတ် ပါသည်။

ရဲဘော်များ မသင်မနေရ သင်ရမည့် အခြေခံစစ်ရေးသင်တန်းသည်လည်း စတင်လာခဲ့ပါပြီ။ ရန်သူနှင့် အရေးပေါ်တွေ့ဆုံတိုက်ပွဲဖြစ်သည့်အခါ မိမိကိုယ်ကို ကာကွယ်ပြီး ပြန်လည်တိုက်ခိုက်နိုင်ရေးအတွက် ရည်ရွယ်ခြင်းဖြစ်ပါသည်။ သည် သင်တန်းအတွင်းမှာပင် ကျမအနေဖြင့် မမေ့နိုင်သည့် အဖြစ်အပျက်တရပ် ဖြစ်ပွား ခဲ့ရပါသည်။

အခြေခံစစ်သင်တန်းတက်ကြသူများထဲတွင် အမျိုးသမီး(၃) ဦးလည်း ပါရှိခဲ့ သည်။ ရဲဘော်မနု၊ ရဲဘော် အဖြူမေ(ခမီး အမျိုးသမီး) နှင့် ကျမတို့ပါ။ သင်တန်း စတင်ပြီး တန်းစီ၊ အလေးပြု၊ ဘယ်လှည့် ညာလှည့် လောက်သာ သင်ရသေးချိန်တွင် ကျမ ဖျားပြီး အနာတွေပေါက်လာသည့်အတွက် သင်တန်းတပတ်နောက်ကျ ကျန်ခဲ့ ပါသည်။

ကျမ နေကောင်းလာသဖြင့် သင်တန်းပြန်တက်သည့်အခါ လက်နက်ကိုင် တွယ်ပြီး ချိန်ရွယ်ပစ်ခတ်သည့်အဆင့်ကိုပင် ရောက်နေလေပြီ။ ထို့ကြောင့် အခြား သင်တန်းသားတို့ကို အမီလိုက်ရန် ကျမက သင်တန်းမှူးထံ ခွင့်တောင်းပြီး အပြင်မှာ လေ့ကျင့်ရပါသည်။ သေနတ်ပစ်လေ့ကျင့်ရာတွင် သေနတ်ပြောင်းဝထိပ်မှာ ဆယ်ပြားစေ့ ကိုတင်ပြီး သေနတ်မောင်းဖြုတ်ရသည်။ မောင်းဖြုတ်သောအခါတွင် ဆယ်ပြားစေ့ ကျမသွားအောင် သတိထားလေ့ကျင့်ရပါသည်။ သေနတ်က ကျမတို့ အခေါ် အမေရိကန် ရိုင်ဖယ် ကတုံးဖြစ်ပါသည်။ ကျမ သေနတ်မောင်းဖြုတ်သည့်အခါ ဆယ်ပြားစေ့က ကျကျသွားသဖြင့် မိမိကိုယ်မိမိ မကျေမနပ်ဖြစ်နေမိပြီး အပြင်မှာလေ့ကျင့်ဖို့သာ စိတ်စောနေပါသည်။ ထို့ကြောင့်ပင် ကြီးလေးသော အမှားတခုကို ကျူးလွန်မိခဲ့ရပါသည်။ ကျမ လေ့ကျင့်သည့်အခါ သေနတ်နှင့်ကျည်ကို မစစ်ဆေးမိသဖြင့် ကျည်ဆန်ထည့် ထားသည်ကို မောင်းဖြုတ်လိုက်မိခြင်း ဖြစ်ပါသည်။ သင်တန်းထဲမှာကတော့ သေနတ်ကို စစ်ဆေးပြီးမှ သင်တန်းသားများကို ကိုင်တွယ်စေသောကြောင့် ဘာပြဿနာမှ မရှိပါ။ ကျမ အပြင်မှာ လေ့ကျင့်တော့ သေနတ်၏လုံခြုံရေးခလုတ်ကို မဖြုတ်ဘဲ လေ့ကျင့်ပစ်ခတ် မိတာပါ။ ရန်သူ့ထိုးစစ်ရှိနေချိန်တွင် သေနတ်ပစ်ဖောက်မိခြင်းသည် ကြီးလေးသော အမှားဟု ဆိုရပါမည်။ ကျမ သေနတ်လေ့ကျင့်ရာတွင် သေနတ်ပြောင်းဝထိပ်တွင် ဆယ်ပြားစေ့တင်ပေးသူမှာ ရဲဘော် အောင်မြသိန်း(ခေါ်) ရဲဘော်သိန်းအောင်ပါ။ ( သူ သည် ပန်ဆန်း အထိ ရောက်ရှိလာခဲ့ပြီး နောက်ပိုင်းတွင်  အလယ်ပိုင်းဒေသ၌ ဂုဏ်ပြောင် စွာ ကျဆုံးသွားခဲ့သောရဲဘော် ဖြစ်ပါသည်)

ကျမ သေနတ်ပစ်ဖောက်လိုက်မိသည့်အတွက် တစခန်းလုံးလည်း ရုတ်ရုတ် သဲသဲ ဖြစ်သွားသည်။ ရန်သူ့ထိုးစစ် ရှိနေသည့်အချိန်တွင် သေနတ်ပစ်ဖောက် မိခြင်းဖြစ် သည့်အတွက် ချက်ချင်းပဲ စခန်းလုံးကျွတ် အစည်းအဝေး ခေါ်ပြီး ကျမတို့ကို ဝေဖန်ရေး လုပ်ကြပါတော့သည်။ ထိုစဉ်က စစ်ဆေးဝေဖန်မှုပြုသည်ကို ဦးဆောင်ပြုလုပ်သူမှာ ရဲဘော်ဗိုလ်ဇေယျပါ။ သည်အမှားအတွက် ပထမဆုံး တာဝန်ယူရမည့်သူမှာ သင်တန်း မှူးဖြစ်သူ ရဲဘော် အောင်ကျော်ခိုင်(ဆေးမှူး) ဟု ထောက်ပြပါသည်။ အကြောင်းမှုကား သင်တန်းသားကို အပြင်မှာလေ့ကျင့်ဖို့ ခွင့်ပြုခဲ့သူမှာ သူဖြစ်ပြီး သေနတ်ကို သေချာ စစ်ဆေးပြီးမှ လေ့ကျင့်ဖို့ သေသေချာချာ မညွှန်ကြားခဲ့သည့်အတွက်ပါ။ ဒုတိယ တာဝန်ရှိသူမှာကား တနေ့တာ– တာဝန်မှူးဖြစ်သူ ရဲဘော်အေးထွန်းဟု ဆိုပါသည်။ တတိယတာဝန်ယူရမည့်သူကတော့ သေနတ်ကို ကိုယ်တိုင်ပစ်ဖောက်မိသူ ကျမပါပဲ။ ကျမအနေဖြင့် လေ့ကျင့်ရန်သာ စိတ်စောနေပြီး သေနတ်ကို မစစ်ဆေးဘဲ ခလုတ် မောင်းဖြုတ်မိသည့်အတွက် ဘေးမှာရှိသော ရဲဘော်တယောက် အသက်ဆုံးရှုံးဖို့ သီသီ ကလေးသာ လိုတော့သည်ဟု ဝေဖန်ပါသည်။ သည့်အပြင် သေနတ်သံကို ရန်သူသာ ကြားသွားလျှင် စခန်းကို ရန်သူလာတိုက်ပြီး ထိခိုက်ဆုံးရှုံးမှုတွေ အများကြီး ဖြစ်စရာ အကြောင်း ရှိနေပါသည်။ ထို့ကြောင့် ကျမအနေဖြင့် ကြီးမားစွာ သင်ခန်းစာရကာ သည်အဖြစ်အပျက်လေးကို မမေ့တဲ့နိုင် ဖြစ်နေမိခြင်းပါ။

ကျမတို့မှာ လယ်သမားသားသမီးများ ဖြစ်ကြသည့်အတွက် အစစအရာရာ အဘက်ဘက်တွင် သင်ယူစရာတွေ တပုံတခေါင်းကြီး ရှိနေပါသည်။ ကျမနှင့် ရဲဘော် အဖြူမေတို့က ရုံးလုပ်ငန်းကို သင်ကြား တာဝန်ယူရပြီး ရဲဘော်မနုက ဆေးလုပ်ငန်းကို သင်ကြားတာဝန် ယူကြရပါသည်။

ဤအချိန်အတွင်း ရန်သူ့ထိုးစစ်ပြင်းထန်လာသည့်အတွက် လူများစုကြီးနှင့် ရှောင်တိမ်းရန် မလွယ်ကူသောကြောင့် ကျမတို့ စခန်း အနေဖြင့် နှစ်ဖွဲ့ခွဲ၍ ရှောင်တိမ်းကြ ရပါသည်။ ကျမတို့အဖွဲ့သည် ဗိုလ်ဇေယျအပါအဝင် ရခိုင်ပြည်နယ်ပါတီကော်မတီများနှင့် လူနည်းစု ဖြစ်ပါသည်။ သူတို့သည် ရှောင်ရင်းတိမ်းရင်းမှ ပြည်နယ်ကော်မတီ အစည်းအဝေးကို ဆက်လုပ်ခဲ့ကြသည်။

## အမျိုးသမီးများ၏ ဘဝလွတ်မြောက်ရေး

ဤအပြောင်းအလဲများအတွင်းမှ ကျမခံစားချက်ကို ဖော်ပြရလျှင် ကျမတို့ အမျိုးသမီးများအနေဖြင့် ဘယ်တုန်းကမှ မစဉ်းစားခဲ့မိသည့် အလုပ်တွေကို လုပ်ကိုင်နေ ကြရလို့ အလွန်ပင် စိတ်အားထက်သန်နေမိသည်။ ကျမတို့သည် ဘယ်အရာမဆို အမျိုး သားများနှင့်တန်းတူ အခွင့်အရေး ရရှိနေကြသည်။ အမျိုးသား ရဲဘော်များနှင့် တန်းတူ လက်နက်ကိုင်ပြီး လေ့ကျင့်ကြရသည်။ ဆန်ထမ်းလည်းအတူ၊ ထင်းခုတ်လည်း အတူ၊ ထမင်းချက်လည်းအတူ ဘာမဆို အမျိုးသားများနှင့်တန်းတူ အလေးထားပြီး လုပ်ငန်းတာဝန်ထမ်းဆောင်ရသဖြင့် ကျေနပ်စိတ် ဖြစ်ပေါ်မိပါသည်။

အားလုံးသိကြသည့်အတိုင်း ကျမတို့အမျိုးသမီးများသည် တပြည်လုံး၏ လူဦးရေတွက်ချက်မှုအရ အမျိုးသားများထက် ပိုများပါသည်။ ထို့ကြောင့် လူများစုကို စည်းရုံးသိမ်းသွင်းရမည့် တော်လှန်ရေးတပ်ဖွဲ့ များသည် အမျိုးသမီးများကို မစည်းရုံးဘဲ မဖြစ်နိုင်ပါ။

သည့်အပြင် အမျိုးသမီးများသည် ဘဝအရ အဖိနှိပ်ခံရသည့်ဘက်တွင် အမျိုးသားများထက်ပို၍ အဖိနှိပ်ခံရပါသည်။ သည့်အတွက် စည်းရုံးနိုင်ခဲ့လျှင် အမျိုး သမီးများသည် ဘဝအရ စနစ်ဆိုးများကို တော်လှန်လိုသည့်စိတ် ပိုမိုတိမ်းညွတ်နိုင် ပါသည်။ အမျိုးသားများသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဖိနှိပ်မှုတို့ ခံကြရပြီး ကျမတို့အမျိုးသမီးများမှာတော့ သည်စနစ်ဆိုးများအပြင် လင်ယောကျ်ား၏ဖိနှိပ်မှုကိုပါ ခံကြရသေးသည်။

နားမလည်မီမှာတော့ ကျမတို့ အမျိုးသမီးများဘဝသည် မြင့်မြတ်လှသည် ဟုပင် ကျမ ထင်ခဲ့မိပါသေးသည်။ အကြောင်းမှုကား အိမ်ထောင်ကျ လက်ထပ်ထိမ်းမြား သည့်အခါ “အသွင်း”ဟုခေါ်သည့် ရွှေတွေငွေတွေကို ကျမတို့အမျိုးသမီးများအတွက် တင်တောင်းကြရသည့်အတွက်ပါ။ စနစ်အကြောင်း နားလည်လာသည့်အခါတွင်မူ တို့အမျိုးသမီးတွေကို ငွေဝယ်ကျွန်တွေလို ရွှေငွေတွေနှင့် တဘဝလုံးကို ဝယ်လိုက် တာပါလားဟု မြင်လာမိပါသည်။

ရခိုင်ပြည်နယ်ရှိ တောင်ပေါ်နေ ခမီးအမျိုးသမီးများ၊ မြိုအမျိုးသမီးများ ၏ဘဝတွေသည် တကယ် သနားစရာကောင်းသည့် ဘဝတွေပါ။ အရင်တုန်းကဆိုလျှင် ခမီးအမျိုးသမီးလေးများသည် အရွယ်ရောက်လာသည်နှင့် တဘက်သော ယောကျ်ား လေးအိမ်သို့ ကျွဲ၊ နွား၊ မောင်း၊ ဓားတို့ဖြင့် ရောင်းစားခြင်း ခံစားကြရသည်။ အကယ်၍ ခမီး အမျိုးသမီးငယ်က သဘောမတူလျှင်လည်း ယောကျ်ားလေးဘက်က အတင်းဆွဲခေါ် သွားပြီး အိမ်ထောင်အဖြစ် အဓမ္မပြုကျင့်ခြင်းခံရသည်သာမက ယောကျ်ားအိမ်တွင် ငွေဝယ်ကျွန်လို အလုပ်လုပ်ပေးရသည်။ တခါတရံ မိဘများဘက်မှ သုံးလေးဦးက အတင်းဆွဲခေါ်သွားပြီး ယောကျ်ားလေးအိမ် ပို့လိုက်သည်လည်း ရှိသည်။

ထိုသို့ ယောက္ခမများအိမ် ရောက်သွားပြီးသည့်နောက်တွင် မိဘအရင်းအိမ်မှ အဖေအမေ သေဆုံးသွားသည့်တိုင် လင်သား (သို့မဟုတ်) ယောက္ခမများ သဘောမတူ လျှင် မိဘများအိမ် ပြန်သွားခွင့်၊ ကြည့်ခွင့်မရပါ။

သမီးကို ယောကျ်ားပေးစားစဉ်က ယောကျ်ားဘက်မှ ပေးရမည့်ငွေ (သို့ မဟုတ်) ကျွဲ၊ နွားစသည်တို့ကို ယောကျ်ားလေးဘက်မှ ကုန်စင်အောင် မပေးနိုင် လျှင်လည်း ရောင်းလိုက်သည့် သမီးရှင်ဘက်မှ ပြန်သိမ်းနိုင်ခွင့် ရှိပါသည်။ သားသမီးတွေ ဘယ်လိုပဲ ရနေနေ အဝတ်တထည် ကိုယ်တခုနှင့် မိဘအိမ် ပြန်ရပါသည်။

အကယ်၍ လင်ယောကျ်ားဖြစ်သူ စောစီးစွာသေဆုံးသွားခဲ့သော် ယောကျ်ား၏ညီ၊ သို့မဟုတ် ဆွေမျိုးတော်စပ်သူတဦးဦးက လိုချင်သည်ဆိုလျှင် သိမ်းပိုက် နိုင်သည့်အခွင့်အရေး ရှိနေသည်။ အကယ်၍ ဘယ်သူမှ မသိမ်းပိုက်ဘူးဆိုလျှင် ဥစ္စာ ပစ္စည်း ဘယ်လောက်ပဲ ရှိရှိ၊ သားသမီး ဘယ်လောက်ပဲရှိရှိ အဝတ်တထည် ကိုယ်တခုနှင့် မိမိ၏ ဆွေမျိုးဘက်သို့ ပြန်လာရသည်။

အိမ်ထောင်ဘက်အဖြစ်နေရစဉ်အတွင်းမှာလည်း တောင်ယာ လုပ်ကိုင် စားသောက်ကြသည့်အခါ အမျိုးသားများက တောင်ယာခုတ်၊ မီးရှို့ ပြီးပြီဆိုလျှင် သူတို့တာဝန်က သိပ်မရှိတော့ပါ။ အမျိုးသမီးများမှာတော့ ကြမ်းခွေဆိုသည့် အလုပ် သည်လည်း သူတို့အလုပ်၊ တောင်ယာမီးရှို့ပြီးနောက် အမှိုက်ရှင်းလင်းတာလည်း သူတို့အလုပ်၊ စပါးစိုက်ထိုးတာလည်း သူတို့အလုပ်၊ စပါးပေါင်းနုတ်တာလည်း သူတို့ အလုပ်... စသည်ဖြင့် မနားတမ်း လုပ်ကြရသည်။ တောင်ပေါ် လူမျိုး စုများသည် အိမ်ကို ဝါးရွက်နှင့်သာ မိုးကြသည့်အတွက် အိမ်ဆောက်ဖို့ ဝါးရွက်ခုတ်ရ စုရသည့်အလုပ် ကိုလည်း အမျိုးသမီးများသာ လုပ်ရသည်။

အိမ်ထောင်သားမွေးအလုပ်ဆိုသည့်အတိုင်း ကလေးမွေးဖွားပြီး ကလေးရှိ လာသည့်တိုင်အောင် ကလေးကို တောင်ယာအထိ ခေါ်သွားပြီး တောင်ယာအလုပ်ကို ဆက်လက်လုပ်ကိုင်ကြရပါသည်။ စစ်အစိုးရတပ်တွေ တောင်ပေါ်ကျေးရွာတွေ ဝင်လာပြီ ဆိုလျှင်လည်း အမျိုးသမီးများမှာ အမျိုးသားများလို မပြေးနိုင်ဘဲ တရွာလုံးက မိန်းမတွေ စုထားခြင်း ခံရပြီး စစ်သားတွေ၏မတရားပြုကျင့်မှုကို ခံကြရရှာသည်။ စဉ်းစား ကြည့်ကြ ပါ။ သူတို့ဘဝတွေဟာ ဘယ်လောက်သနားစရာ ကောင်းလိုက်သလဲ။ သူတို့ကတော့ ဓလေ့ထုံးစံအတိုင်း ဖြစ်ရတာ၊ ကုသိုလ်ကံကြောင့်ဖြစ်ရတာ–ဟူ၍သာ မြင်သည်။ စနစ်ဆိုးကြောင့်ဟု မမြင်နိုင်ကြသေးပါ။ နောင်ဘဝဆိုတာ ရှိခဲ့လျှင် အမျိုး သမီးဘဝ မဖြစ်ပါရစေနှင့်ဟုသာ ညည်းညူဆုတောင်းတတ်ကြသည်။ ကြားရသည်ကိုက ရင်နာစရာ ကောင်းလှပါသည်။

ခမီးအမျိုးသမီးများ၏ သည်လို အခွင့်အရေးတွေ ဆုံးရှုံးနေကြရသည့်ဘဝ၊ ချင်းအမျိုးသမီးများ အရွယ်ရောက်လာချိန် မျက်နှာမှာ ဇာ (သို့မဟုတ်) ပါးရဲအထိုးခံ ရသည့်ဘဝ၊ ရောင်းစားခံရသော ဘဝတို့သည် တိုက်ဖျက်ပစ်ရမည့် ဓလေ့ဆိုးများပင် ဖြစ်သည်။ အဓိက တိုက်ဖျက်ပစ် ရမည့်သူမှာ စနစ်ဆိုးအားလုံးကို ကိုယ်စားပြုနေသော စစ်အစိုးရပင် ဖြစ်ပါသည်။ ပြည်သူတွေ ဒီမိုကရေစီ ရရှိလာမှ လွတ်မြောက်လာမှ သည်စနစ်ဆိုးများကို တစတစ ပြောင်းလဲပြုပြင်ယူနိုင်ပါလိမ့်မည်။

ကျမတို့ အမျိုးသမီးများ ဘဝလွတ်မြောက်ရေးသည် ပြည်သူလူထုကြီး တရပ်လုံး၏ဘဝလွတ်မြောက်ရေးနှင့် ဆက်စပ်နေပါသည်။ ပြည်သူလူထုကြီးဘဝ မလွတ်မြောက်သေးလျှင် ကျမတို့ အမျိုးသမီးများ၏ ဘဝလွတ်မြောက်ရေးသည်လည်း ရရှိနိုင်လိမ့်ဦးမည်မဟုတ်ပါ။ ထို့ကြောင့် ပြည်သူလူထုကြီး၏ ဘဝလွတ်မြောက် ရေးတိုက်ပွဲများတွင် ကျမတို့ အမျိုးသမီးများသည် အုတ်တချပ်သဲတပွင့် နေရာကဖြစ်စေ မိမိတတ်နိုင်သည့်နေရာမှ တက်ကြွစွာ ပါဝင်လုပ်ဆောင်သင့်သည်ဟု ကျမ သိမြင်လာ ပါသည်။

ပါတီနှင့် တော်လှန်ရေး၏ကျေးဇူးကြောင့် ကျမ သည်ကဲ့သို့ သိမြင်နားလည် လာရခြင်းပါ။

## ဗိုလ်ဇေယျနှင့် ရဲဘော်ကျော်မြတို့ ပါတီဗဟိုသို့ ခရီးထွက်ခွာသွားကြခြင်း

အဲဒီနှစ် တမိုးတွင်းလုံး ရန်သူ့ထိုးစစ်နှင့်ပဲ နပန်းလုံးနေရသည်ဟု ပြောရပါ မည်။ ထိုးစစ်အတွင်း ကျမတို့၏ဆက်သွယ်ရေးစခန်းဖြစ်သော ဗိုလ်ကြီးတင်မောင်( ဗမာ့ တပ်မတော်သားဟောင်း၊ ဗမာအမျိုးသား) တို့စခန်း အတိုက်ခံခဲ့ရပါသည်။ ဗိုလ်ကြီး တင်မောင်၏ဇနီး၊ သားနှင့်သမီး သူတို့သားအမိ ၃–ယောက်စလုံး အဖမ်းခံလိုက်ရပြီး အခြားရဲဘော်တဦးသည်လည်း ဒဏ်ရာရပြီး အဖမ်းခံခဲ့ရသေးသည်။ ကျမတို့တပ်ဘက်မှ ချုံခိုတိုက်ခိုက်ခဲ့သည့်အတွက် ရန်သူစစ်ဗိုလ်တယောက်သေပြီး ၃–ယောက် ဒဏ်ရာ ရသွားခဲ့ပါသည်။

ဤသို့ဖြင့် ရန်သူ၏ "ရဲမင်းဦး" ထိုးစစ် ပြီးဆုံးသွားခဲ့ပါသည်။

သည့်နောက် ပါတီ၏အဆင့်ဆင့်သော ကေဒါအစည်းအဝေး ဆက်လက် ကျင်းပပြုလုပ်ခဲ့သည်။ ထိုမျှသာမက တပ်တခုလုံး ခေါ်ယူစုဝေးပြီး အစည်းအဝေးပွဲတခု ကျင်းပပြန်သည်။ ထိုအစည်းအဝေးပြီးဆုံးချိန်တွင် အောက်တိုဘာလသို့ပင် ရောက်ရှိ လေပြီ။

အစည်းအဝေးပွဲများ ပြည့်စုံစွာ ကျင်းပပြီးဆုံးသွားသောအခါ ပါတီဗဟို ကိုယ်စားလှယ်ဖြစ်သူ ရဲဘော်ဗိုလ်ဇေယျသည်လည်း ပဲခိုးရိုးမ ဗဟိုအစည်းအဝေး တက်ရန်အတွက် ရခိုင်ပြည်နယ်အတွင်းရေးမှူးဖြစ်သည့် ရဲဘော်ကျော်မြကိုပါခေါ်ပြီး ခရီး စတင်ထွက်ခွာသွားပါတော့သည်။ ပြည်နယ် တပ်စုတစုလည်း လိုက်ပါသွားသည်။

ရခိုင်ပြည်နယ်မှာတော့ ပြည်နယ် ဒု–အတွင်းရေးမှူးဖြစ်သူ ရဲဘော်တူ(ခေါ်) ဦးတူက တာဝန်ယူကျန်ရစ်ကာ လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ပါသည်။ ရဲဘော်တူသည် သူ့အစီအစဉ်အရ ပြည်နယ်စခန်းနှင့် စစ်တွေခရိုင်စခန်းတို့ကို စခန်း တခုတည်းအဖြစ် ပေါင်းလိုက်ပြီး လုပ်ငန်းများကို ထမ်းရွက်ခဲ့ပါသည်။ တပ်ကိုတော့ ပြည်နယ်တပ်၊ ခရိုင်တပ် သီးခြားခွဲပြီး လှုပ်ရှားစေပါသည်။

## မုန်တိုင်း၊ အငတ်ဘေးနှင့် ဆန်လုပွဲ

၁၉၆၇–ခုနှစ်သို့ ရောက်ရှိလာပါသည်။

၁၉၆၇–ခုနှစ်သည် ရခိုင်ပြည်နယ်အတွက် သဘာဝဘေးဒဏ်ကို အဆိုးဆုံး ခံခဲ့ရသောနှစ် ဖြစ်ခဲ့သည်။ လေမုန်တိုင်း ဒဏ်ကြောင့် ကျောက်ဖြူ၊ စစ်တွေ မြို့များမှာ အိုးအိမ်အဆောက်အဦများပြို၍ လူအသေအပျောက်ရှိခဲ့သည်။ မုန်တိုင်းဒဏ်ကို မြို့တွေ က အများဆုံး ခံလိုက်ရခြင်း ဖြစ်သည်။

ကျေးလက်တွေမှာတော့ အပျက်အစီး မများပါ။

ကျမတို့တပ်ထဲတွင်လည်း လေမုန်တိုင်းတိုက်သည့်အချိန်မှာ ရန်သူ့ထိုး စစ်ဝင်နေချိန်ဖြစ်သည့်အတွက် စခန်းတွင်းမှာပင် မနေကြရဘဲ စခန်းနှင့် အနည်းငယ်ဝေး သောနေရာတွင် ယခင်က အရံအဖြစ်ဆောက်လုပ်ထားသည့် တလုံးတည်းသော တဲထဲတွင် လူအားလုံး စုပြုံနေကြရသည်။ ရဲဘော်တူအပါအဝင် လူ(၄၀) လောက် ရှိပါသည်။ တဲကလေးမှာ အတော်ဟောင်းနေပြီဖြစ်၍ လေမုန်တိုင်းတိုက်သည့်အခါ မကြာခင်မှာပဲ ပြိုကျသွားပါသည်။ လူကြီးတွေရော ကလေးတွေပါ မိုးထဲလေထဲ လဟာ ပြင်မှာ ကိုယ့်မိုးကာ ပလပ်စတစ်စကို ကိုယ်ခြုံပြီး ငုတ်တုတ်ထိုင်နေကြရသည်။

တဖြည်းဖြည်း လေက ပြင်းထန်လာ၍ မြေကြီးပေါ်မှာ ဝပ်နေရသည့်အဖြစ် ရောက်သွားသည်။ ရဲဘော်များသည် လေအနည်းငယ် သက်သာလာသည်နှင့် ဝါးတော ထဲဝင် ဝါးခုတ်ကြပြီး တဲပြန်ဆောက်ကြသည်။ လေပြင်းလာလျှင် ဝပ်နေလိုက်၊ လေသက် သာလာလျှင် တဲဆောက်လိုက်နှင့် မုန်တိုင်းလည်း ပြီးရော…တဲတလုံးသည်လည်း အကြမ်းထည်အဖြစ် ပေါ်လာပါသည်။ ပလပ်စတစ်စတွေမိုးလိုက်လျှင် လူ ဝင်နေ၍ ရသွားပါပြီ။ လူကြီး ၊ ကလေးနှင့် အမျိုးသမီးများက တဲအတွင်း အိပ်ကြရပြီး အမျိုး သားရဲဘော်များကတော့ အပြင်ဘက်မြေကြီးပေါ်တွင် ကိုယ်ကို ပလပ်စတစ်စနှင့် ပတ် ပြီး အိပ်ကြသည်။

ထမင်းကတော့ တဲကြီးမပြိုမီက ထမင်းတအိုး ချက်ထားပြီးဖြစ်နေ၍ ပါလာ သည့် ရိက္ခာခြောက်ဖြစ်သော ငရုတ်သီးကြော်နှင့် မိုးထဲရေထဲမှာပင် စားလိုက်ကြပါသည်။

ထိုအချိန်က ကျမနှင့်အတူ ကလေးနှစ်ယောက် ရှိသည်။ အခြားသော ကလေး တယောက်မှာ စစ်တွေမြို့နယ် ပါတီကော်မတီဝင် ရဲဘော် တယောက်၏သမီး ဖြစ်ပါသည်။ သည်ရဲဘော် တာဝန်ထမ်းဆောင်ရင်းကျဆုံးသွား၍ သူ့ဇနီးသည်ကို

စောင့် ရှောက်ဖို့ ဝတ္တရားရှိသည်နှင့်အညီ ကျမက ခေါ်ယူလိုက်သဖြင့် သမီးလေး လက်ဆွဲပြီး ပါတီထဲ ရောက်လာခဲ့သည်။ ယခု ထိုကလေးသည်လည်း ကျမ တာဝန်ယူ ထားရပါသည်။

ကျမတို့ တောတွင်းအခြေအနေ ထိုကဲ့သို့ ဖြစ်နေစဉ် ရခိုင်ပြည်နယ်တခုလုံး ဆန်စပါးရှားပါးမှုကြောင့် လူထုတွင်း ရုတ်ရုတ်သဲသဲ ဖြစ်လာနေသည်။ ကျေးလက်များတွင် ချမ်းသာသော အိမ်တွေကို ဝင်ပြီး ဆန်လုသည့် အဖြစ်အပျက်တွေ ကြိုးကြားကြိုးကြား ဖြစ်ပေါ်လာနေသည်။ သည့်နောက် သိပ်မကြာခင်မှာပဲ စစ်တွေမြို့၌ နာမည်ကျော် ဆန်လုပွဲကြီး ပေါ်ထွက်လာပါတော့သည်။ သည်ကိစ္စကတော့ အများသိကြသည့်အတိုင်း စစ်အစိုးရက သေနတ်နှင့် ပစ်ခတ်နှိမ်နင်း၍ လူအမြောက်အမြား သေကြေဒဏ်ရာ ရခဲ့ကြရပါသည်။ ဒဏ်ရာရသူတွေကို သေသူတွေနှင့်အတူ ရောပြီး မြှုပ်လိုက်ကြသည် ဟူ၍လည်း ကြားသိရသည်။ ထို့ကြောင့် လူထုအများအပြားတို့မှာ မြို့ပေါ်တွင် မနေရဲ တော့ဘဲ ကျေးလက်များဆီသို့ ပြေးလာကြသည်။ ပါတီထံ ပြေးလာသူတွေကိုလည်း ပါတီကလက်ခံပြီး ပြုစုစောင့်ရှောက်ကာ တဖြည်းဖြည်းနှင့် အခွင့်သာလာလျှင် နည်းလမ်းရှာကာ အိမ်ပြန်ရောက်အောင် ပို့ပေးခဲ့သည်။

ထိုသို့ ပါတီထံ ရောက်ရှိလာသည့်လူတွေထဲမှ တချို့ကမူ “ကျနော် အိမ်မပြန်တော့ဘူး၊ ဒီမှာပဲ ဆက်နေပြီး တော်လှန်ရေး လုပ်တော့ မယ်” ဟု ပြောလာကြ သည်။ ရန်သူကို ခံပြင်းဒေါသထွက်ရာမှ ပေါ်ထွက်လာသော ခံစားချက်ပါ။ ပါတီခေါင်း ဆောင်များက သူတို့ကို စိတ်ရှည်လက်ရှည် ဆွေးနွေးဖျောင်းဖျရသည်။ “တော်လှန် ရေးလုပ်တယ်ဆိုတာ အင်မတန် ခက်ခဲပင်ပန်းတယ်။ အစားဆင်းရဲ အနေဆင်းရဲ ဒုက္ခခံပြီး လုပ်ရတာ။ ခင်ဗျားတို့က အခု သွေးပူနေတုန်းမို့ ပြောနေတာ။ ကြာလာရင် ဒီဒုက္ခတွေ ခံနိုင်ဖို့ မလွယ်ဘူး”ဟူ၍ ဆွေးနွေးဖျောင်းဖျခြင်း ဖြစ်သည်။ လူတယောက်ကတော့မူ “ကျနော် ခံနိုင်ပါတယ်။ ကိစ္စမရှိဘူး။ ကျနော် တနေ့ ဘဲဥတလုံးရရင် ညမနက် ခွဲစားမယ်” ဟု ပြန်ပြောတော့ ငိုအားထက် ရယ်အားသန်ကာ ဝါးခနဲ ရယ်မောလိုက်မိကြသည်။ ခေါင်းဆောင်လုပ်သူက “ဘဲဥတလုံးမပြောနဲ့၊ တခါတလေ ထမင်းတောင် စားချင်မှ စားရမယ်”ဟု ပြန်ရှင်းပြတော့ ထိုသူက“အဲဒါတော့ မဖြစ်ဘူး။ ထမင်းတော့ စားရမှ ဖြစ်မယ်”ဟု ဆိုလာပါတော့သည်။

ဤစကားသည် ကျမတို့ ရဲဘော်တွေကြားမှာ ပြောစမှတ် စကားတခွန်း ဖြစ်သွားခဲ့သည်။ အခက်အခဲအကြောင်း ပြောမိသည့်အခါ ခက်ချင်ခက်ပါစေ၊ ဘဲဥတလုံး ရှိလျှင် ပြီးတာပါပဲ–ဟူ၍ နောက်ပြောင်ပြောဆိုတတ်သည်။ ကျမတို့၏ခေါင်းဆောင် ပိုင်းသည် ရဲဘော်အဖြစ်စေလွှတ်ထားသည့် ရဲဘော်များမှအပ ကျန်အများစုကို ပြန်ပို့ ပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်၏ တပ်သားသစ်စည်းရုံးရေးပေါ်လစီမှာ မိမိ ဆန္ဒအရ တပ်ထဲ ဝင်ရောက်လာသူများကိုသာ စိစစ်ပြီးမှ လက်ခံပါသည်။ မိမိဆန္ဒအရလာသူဖြစ် သည့်တိုင်အောင် အလွယ်တကူ လက်မခံပါ။ ပါတီ၏ပေါ်လစီကို ရှင်းပြသည်။ ခက်ခဲ ပင်ပန်းမည့်အကြောင်း ရှင်းပြသည်။ ပါတီက ပေးအပ်သည့် တာဝန်များကို ဘာတာဝန်ကို မဆို ထမ်းဆောင်ပါမည်ဟု ဆိုသူတွေကိုမှ လက်ခံပါသည်။ အတင်းခေါ်ယူ စုဆောင်းတာ လုံးဝ မလုပ်ရပါ။

## ပြည်နယ်အတွင်းရေးမှူး ပြန်ရောက်လာပြီ

၁၉၆၇–ခုနှစ်၊ နှစ်ကုန်ခါနီးတွင် အတွင်းရေးမှူးနှင့်အဖွဲ့ ပြန်လည်ရောက်ရှိ လာကြပါသည်။ သူတို့သည် ပဲခူးရိုးမ အစည်းအဝေးကို မတက်ရောက်နိုင်ခဲ့ကြပါ။ အကြောင်းမှုကား ရန်သူက နောက်က လိုက်နေ၍ ဧရာဝတီမြစ်ကို မကူးနိုင်သေးဘဲ ရှိနေစဉ် ပဲခူးရိုးမတွင် ဗဟိုအစည်းအဝေး ပြီးဆုံးသွားသည့်အတွက် ဖြစ်ပါသည်။ ဆက်သွယ်ရေးတပ်သား ရဲဘော် မောင်ကျော်ခိုင်( ခမီးအမျိုးသား ) နှင့် ရဲဘော်အောင် မြသိန်းတို့နှစ်ယောက်အား ဗိုလ်ဇေယျလုံခြုံရေးအတွက် ချန်ထားပေးခဲ့သည်။ ရဲဘော်မောင် ကျော်ခိုင်သည် နောင်တွင် ဗိုလ်ဇေယျနှင့်အတူနေရင်း ဗိုလ်ဇေယျနှင့်အတူ ပဲ ကျဆုံးသွားကြောင်း သိရှိရပါသည်။ ရဲဘော် အောင်မြသိန်းသည်မူကား အထက်မှာ ပြောခဲ့သလို ပန်ဆန်းအထိ ရောက်လာပြီးမှ အလယ်ပိုင်း စစ်ဒေသသို့ ပြန်ဆင်းသွားရာ တွင် ကျဆုံးသွားခဲ့ပါသည်။

ပြည်နယ်အတွင်းရေးမှူး ပြန်ရောက်လာသည့်အချိန်တွင် ရခိုင်ပြည်နယ်တွင် အငတ်ဘေး ကြီးမားနေဆဲပါ။ ထို့ကြောင့် သူသည် ခရီးမှပြန်ရောက်စ အနားပင် မယူနိုင်တော့ဘဲ အငတ်ပြဿနာဖြေရှင်းရေးအတွက် စည်းရုံးလုပ်ဆောင်ရပါတော့သည်။ သူသည် လမ်းခရီးတွင် ငှက်ဖျားမိ၍ ငှက်ဖျားဆေးထိုးရာမှ တင်ပါးတွင် အနာဖြစ်တည် လာသဖြင့် ခွဲထားသော ဒဏ်ရာပင်လျှင် ကောင်းစွာ မပျောက်ကင်းတတ်သေးပါ။ သူ့ အနာခွဲခဲ့ရပုံကိုလည်း ဆေးမှူးအောင်ကျော်ခိုင်က ပြန်လည်ပြောပြ၍ သိရှိရပါသည်။ အနာက ပြီတည်ရင့်မှည့်နေပြီး ခွဲစိတ်ရန်အတွက်လည်း ခွဲစိတ်ဓား မရှိပါ။ အနာကို ငှက်ပျောသီးမှည့်အုံလျက် ကုသကြည့်သော်လည်း အကြောင်းထူးမလာပါ။ ထို့ကြောင့် မုတ်ဆိတ်ရိတ်သည့်ဓားကို မီးကင်၍ ဖြစ်သလို ခွဲခဲ့ရသည်ဟု ဆိုပါသည်။

အတွင်းရေးမှူးသည် အငတ်ဘေးပြဿနာကို ဖြေရှင်းရန် အတွက် သူ့အာရုံကို စူးစိုက်ထားနေပါသည်။ အထူးသဖြင့် ပါတီနယ်မြေ အတွင်းမှ ကျေးလက် အငတ်ဘေးပြ ဿနာပါ။ မြို့ပေါ်မှ ဒီအငတ် ဘေးဆိုက်နေသည့် ကျေးလက်တောရွာများသို့ ဂျုံတချို့လှူဒါန်းထားသည် ရှိသော်လည်း ကျေးလက်လူထုမှာ ဂျုံမစားတတ်ကြပါ။ ဂျုံကို ဆန်ပြုတ်လို ပြုတ်သောက်ကြသဖြင့် ဝမ်းဖောဝမ်းရောင် ဖြစ်လာနေကြပါသည်။

ပါတီတွင်းမှုကား မိုးတွင်း အသွားအလာ ခက်ခဲသည့်အချိန်တွင် စားသောက် ရန်အတွက် သိုလှောင်စုဆောင်းထားသော တမိုးတွင်းစာ ရိက္ခာဂိုဒေါင်တလုံး ရှိပါသည်။ အတွင်းရေးမှူးနှင့်ခေါင်းဆောင်များက ဤရိက္ခာများကိုပင် လူထုကို မျှဝေပေးရန် ဆုံးဖြတ် လိုက်ကြပါသည်။ လူထုအတွက် ငဲ့ညှာထောက်ထားကာ ရိက္ခာဝေမျှပေးလိုက်သည့် အတွက် ပါတီရဲဘော်များမှာ ဂျုံတနပ် ဆန်တနပ် ရွှေတာစားသောက် ကြရပါသည်။

ပါတီက လူထုကို ဆန့်ဝေငှပုံ–ဝေငှနည်းအကြောင်း ပြောပြလျှင် အံ့သြကောင်း အံ့သြသွားကြပါလိမ့်မည်။ တာဝန်ခံရဲဘော်က ဆန်ဂိုဒေါင်ကို ဖွင့်ပေးလိုက်ပြီး လူထုက မိမိဘာသာမိမိ လိုအပ်သလောက်အရေအတွက်ကို ယူကြရသည်။ ကိုယ်ဘယ်လောက် ယူတယ်ဆိုတာ ကိုယ့်ဘာသာ မှတ်ထား၊ စပါးပေါ်သည့်အခါ ကိုယ်ယူသည့်အရေ အတွက်အတိုင်း ကိုယ့်ဘာသာ လာပြီး ပြန်ထား၊ ဤနည်းဖြင့် လူထုကို ရိက္ခာဝေခဲ့တာ ဖြစ်ပါသည်။ လူထုကလည်း ပါတီက ပြောထားသည့်အတိုင်း အသီးပေါ်(ဝါ) စပါးပေါ်လာ သည့်အခါ သူတို့ဘာသာ တကယ်ပဲ ပြန်လာထားကြပါသည်။

သည်ကိစ္စများ ဆောင်ရွက်ပြီးနောက် ၁၉၆၇–ခုနှစ် ကုန်ဆုံးသွားသည့်အချိန် တွင် ခေါင်းဆောင်များသည် ပြည်နယ်နှင့်ခရိုင်ကို အတူ စုစည်းထားရာမှ ပြန်ခွဲလိုက်ကြပြီး ပြည်နယ်ရုံး၊ ခရိုင်ရုံး စသည်တို့ကို ပြန်လည် တည်ဆောက်ကြသည်။ ပြည်နယ်မှာ ဌာန နှစ်ခု ဖြစ်သွားသည်။ ဆက်သွယ်ရေးဌာနဆိုသည်ကို သီးသန့်ခွဲထုတ်လိုက်သည်။ အကြောင်းမူကား ဆက်သွယ်ရေးဌာနသည် လျှို့ဝှက်ရေးဌာန ဖြစ်နေ၍လည်းကောင်း၊ စခန်းရုံးတွင် သင်တန်းတခု ဖွင့်လှစ်ရန် အစီအစဉ်ရှိနေသည့်အတွက်လည်းကောင်း၊ လုံခြုံရေးအတွက် စခန်းတွင် လူနည်းစုသာ စုစည်းထားရန် ရည်ရွယ်ထားသည့်အတွက် ဖြစ်ပါသည်။

ဆေးသင်တန်းကိုတော့ ပြည်နယ်ရုံးထဲမှာပဲ ဖွင့်လှစ်ခဲ့ပါသည်။

ပါတီ၏ ရခိုင်ပြည်နယ် ပြောက်ကျားဒေသတွင် ဆရာဝန်ကြီးနှစ်ဦး ရှိပါသည်။ တဦးက ရဲဘော်ကြီးကျော်စိန်ဦး၊ ကျန်တဦးက ရဲဘော်ကြီးကျော်ဦးဖြူတို့ ဖြစ်ပါသည်။ သူတို့နှစ်ဦးသည် တဦးက အတွင်းရောဂါဘက်မှာ ပိုအားသာပြီး ကျန်တဦးက အပြင် ရောဂါဘက်မှာ ပိုအားသာသည်။ နှစ်ဦးစလုံး ပါတီဗဟို ဆေးကျောင်းထွက်တွေ ဖြစ် ကြသည်။ ရဲဘော်ကြီးကျော်ဦးဖြူသည် စစ်တွေခရိုင်၊ ခရိုင်ဆေးတာဝန်ခံဖြစ်ပြီး ခရိုင် ဆေးဌာနအဖြစ် သီးခြားဌာနနှင့် တာဝန်ယူနေထိုင်ပါသည်။ အများအားဖြင့် ဒဏ်ရာရရဲဘော်များကို သူပဲ ကုသပေးသည်။ ရဲဘော်ကြီး ကျော်စိန်ဦးကတော့ ပြည် နယ်ရုံးတွင် တာဝန်ယူပြီး ဆေးသင်တန်းကို တသုတ်ပြီးတသုတ် ဖွင့်လှစ်သင်ကြား ပေးသည်။ သင်တန်းတခု၏သင်တန်းကာလမှာ ၂–နှစ် ဖြစ်သည်။

ပြည်နယ်ရုံးတွင် ဆေးသင်တန်းအပြင် အခြေခံစစ်သင်တန်းလည်း ဖွင့်လှစ် ထားသည်။ သည့်အပြင် တပတ်တွင် ၂–ကြိမ် နိုင်ငံရေးဟောပြောပွဲလည်း စီစဉ် ပေးထားသည်။ နိုင်ငံရေးဟောပြောပွဲတွင် အဘိဓမ္မာဆိုင်ရာ ဟောပြောပို့ချချက်လည်း ပါသည်။ ဟောပြောပွဲ တက်ရောက်သူတို့အတွက် ဘာအဆင့်မှ ခွဲခြားမထားပါ။ စခန်းရှိရဲဘော်အားလုံး တက်ရောက်ကြပါသည်။ ဟောပြောပို့ချချက်များကို မိမိ ခံယူနိုင်သလောက် ရရှိချက်ကောင်းကြသည်။ ဟောပြောပွဲမှ မိမိ၏ရရှိချက်ကို ပြန်လည် ဆွေးနွေးကြသည့်အခါတွင်မူကား ဌာနအလိုက် တဦးစီ၏ ရရှိချက်နှင့် အမြင်ကို ပြန်လည်ဆွေးနွေးကြခြင်း ဖြစ်သည်။ သည်ဆွေးနွေးပွဲကို စာစောင်ဆွေးနွေးပွဲဟု ခေါ်လေ့ ရှိကြသည်။

ဆွေးနွေးပွဲ၊ ဟောပြောပွဲများတွင် အတွင်းရေးမှူးကပဲ ဦးဆောင် ပြောသည်။ လိုအပ်သည့် စာစောင်စာတမ်းများကို သူပဲ ဘာသာပြန်ပေးခြင်း ဖြစ်သည်။

ဤနည်းအားဖြင့် ပြည်နယ်ရုံးတွင် ကေဒါတွေ မွေးမြူပြီး ခရိုင်၊ မြို့နယ်များသို့ ကေဒါများကို ခွဲတမ်းချကာ တာဝန်ပေးသည်။ ပါတီ၏ ရခိုင်ပြည်နယ်ပြောက်ကျား ဒေသသည် ဤနည်းအတိုင်း မိမိတို့လုပ်ငန်းတာဝန်အသီးသီးနှင့် လုပ်ငန်းလည် ပတ်နေခြင်း ဖြစ်သည်။ တပ်သားသစ်အဖြစ် ဝင်ရောက်လာသူများသည်လည်း ၂–လ လောက်ဆို တနေ့တာ–တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့်အဆင့်သို့ ရောက်ရှိ လာပါသည်။

ဟောပြောပွဲများအတွင်း အဘိဓမ္မာဟောပြောပို့ချချက်များကို ပါဝင်နား ထောင်ကြားသိခွင့် ရသောအခါ ကျမ အလွန်အမင်း အားတက်ခဲ့ရပါသည်။ ဘယ်တုန်းက မှ မကြားဖူးခဲ့–မသိဖူးခဲ့တဲ့ အကြောင်းအရာတွေကို ကြားသိရသည်။ လူတွေဆိုတာ မျောက်ကနေ ဆင်းသက်လာသည်ဆိုသည့်အကြောင်း၊ ကျောက်ခေတ်လူသားများ အကြောင်း၊ အဟောင်းများ ပြိုပျက်ပြီး အသစ်–အသစ်တို့ အစားထိုးသည့် ဖြစ်စဉ်၊ အစွန်းထွက်တန်ဖိုး၊ အမြတ်၊ သွေးစုပ်မှု...သည်အကြောင်းအရာတွေဟာ ကျမတို့ အနေဖြင့် တခါမှမကြားဖူးခဲ့သည့် အသစ်အဆန်းအကြောင်းအရာတွေပါ။ ကျမတို့ အသိအမြင် ပိုမိုကျယ်ပြန့်ကြွယ်ဝလာပါသည်။ ရဲဘော်အဖြစ် တာဝန်ထမ်းရွက်ရသည့် အဖြစ်ကို ကျေနပ်မိပါသည်။ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိနေသည့် အတွက် လည်း ကျေနပ်စိတ်ပေါ်ခဲ့ဖူးပါသည်။ ကျမ အကျေနပ်ဆုံးအချိန်တချိန်ကို ပြောရလျှင် စစ်ဝတ်စုံအပြည့်၊ သေနတ်၊ ခါးပတ်၊ ဆန်အိတ်စသည်တို့ အပြည့်အစုံနှင့် စစ်လေ့ကျင့်ခဲ့ ရသည့်အချိန်ဟု ထင်မိပါသည်။

## ရန်သူ့ထိုးစစ်အတွင်းမှ မမေ့နိုင်သော နေ့တနေ့

၁၉၆၉–ခုနှစ်အတွင်း ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တရပ်မှာ ကျမဘဝ အတွက် မမေ့နိုင်သော နေ့တနေ့ဟု ဆိုရပါမည်၊

၁၉၆၉–ခုနှစ်၊ ဇွန်လ၊ ၇–ရက်နေ့မှာပါ။ ခါတိုင်းနှစ်တွေဆိုလျှင် ဧပြီလ၊ မေလတွေဆိုလျှင် ရခိုင်ပြည်နယ်မှာ မိုးဖွိုင်ဖွိုင်ကျနေပါပြီ။ သည်နှစ်တွင်မူ ဇွန်လ ရောက်သည့်တိုင်အောင် မိုးက မရွာသေးပါ။ ထို့ကြောင့် ရန်သူလည်း သွားနိုင်လာနိုင်၊ မိမိတို့လည်း သွားနိုင်လာနိုင်သေးသည့် အချိန်ဖြစ်နေပါသည်။ ကျမတို့စခန်းသည်လည်း မိုးတွင်းအတွက် စခန်းကို ပြင်ဆင်ပြီးဖြစ်နေသလို စားနပ်ရိက္ခာများအတွက်လည်း ပြင်ဆင်ပြီးနေပါပြီ။

အဲဒီအချိန်မှာပဲ ရန်သူ့ထိုးစစ်တခု ဝင်လာနေကြောင်း ကြားသိကြရပါသည်။ ထို့ကြောင့် တစခန်းလုံးကိုတပ်လှန့်ထားပြီး အသင့်အနေအထားရှိနေကြစေဖို့ အမိန့် ပေးထားပါသည်။

ကျမမှာ ၁၉၆၉–ခုနှစ်၊ ဇွန်လ၊ ၅–ရက်နေ့၊ နံနက်(၈) နာရီတွင် ပထမဦးသော ကလေးကို ဖွားမြင်ထားစ ဖြစ်ပါသည်။ ၇–ရက်နေ့(၁၀) နာရီမှာတော့ ရန်သူက ကျမတို့စခန်းကို လာတိုက်ပါသည်။ ရန်သူတို့ စခန်း၏နောက်ကျောဘက်မှ ပေါ်လာခြင်းဖြစ်သည်။ ကျမတို့၏ နောက်ကျော ဘက်မှ ကင်းရဲဘော်က ရန်သူကို စပစ်လိုက်သည့် အတွက် ရန်သူတယောက် အရင်ကျသွားသည်။

ထို့ကြောင့် ကျမတို့စခန်းသည် ဆုတ်ခွာချိန်အနည်းငယ် ရရှိခဲ့သည့်အတွက် အကျအဆုံး အထိအခိုက် မရှိခဲ့ဘဲ ပစ္စည်းအနည်းငယ်သာ ဆုံးရှုံးခဲ့ရသည်။

မိုးကလည်း သည်နေ့ကျမှပဲ သည်းသည်းမည်းမည်း သည်းထန်စွာ စတင်ရွာ သွန်းလာပါသည်။ အားလုံးသိကြသည့်အတိုင်း ပြောက်ကျား စစ်ဆိုသည်မျိုးက ကိုယ်က ပစ်ပြီးလျှင် ပြေးရသည်ပဲ မဟုတ်ပါလား။ ကိုယ်က ရန်သူတွေလို လက်နက်အင်အား မလုံလောက်သည့်အတွက် ရန်သူကို အကြာကြီးခံပစ်မနေနိုင်ပါ။ ထို့ကြောင့် ကျမတို့ စခန်းသည်လည်း အမြန်ဆုတ်ခွာခဲ့ကြရပါသည်။

စခန်းမှ ဆုတ်ခွာသည်အခါ အဖွဲ့နှစ်ဖွဲ့ ကွဲသွားခဲ့သည်။ ထို အချိန်က ကျမတို့ စခန်းတွင် မီးဖွားပြီးစ ကလေးမိခင် ၃–ယောက်တိတိ ရှိနေသည်။ ရဲဘော်အကာ (ခမီး အမျိုးသမီး)။ သူသည် အတွင်းရေးမှူးအတွက် ပေးထားသော ကိုယ်ရံရဲဘော်၏ဇနီးပါ။ သူက မီးဖွားပြီးတာ တလ။ ရဲဘော် မနု(ဆေးမှူး–ရဲဘော် အောင်ကျော်ခိုင်၏ဇနီး) သူက မီးဖွားပြီးစ ၁၀–ရက်။ ကလေးအငယ်ဆုံးက ကျမပါ။ ကျမသည် မီးဖွားပြီးစ ၂–ရက်သာ ရှိပါသေးသည်။ မီးဖွားစ ၂–ရက်ဆိုသည့်အခြေအနေကို အိမ်ထောင်ရှင်များဆိုလျှင် နားလည်နိုင်ကြပါလိမ့်မည်။

ကျမနှင့် မနုက စခန်းနှင့်အနည်းငယ်ဝေးသည့် တဲတလုံးမှာ ယာယီ ရွှေ့ ပြောင်းနေထားခဲ့ကြသည်။ ရဲဘော် အကာကတော့ စခန်းမှာပဲ နေသည်။

ထို့ကြောင့် စခန်းအတိုက်ခံရသည့်အခါ စခန်းရှိ ရဲဘော်အများစုက အတွင်း ရေးမှူးနှင့်တဖွဲ့တည်း ပါသွားခဲ့ကြသည်။ ကျမတို့ထံ ရောက်လာသူများက အနည်းစု ဖြစ်သွားသည်။ လူကြီးထဲကဆိုလျှင် ဗိုလ်ကြီးတင်မောင်တယောက်သာ ကျမတို့အဖွဲ့ထဲ ပါလာသည်။ သို့ရာတွင် ဆရာဝန်ကျော်စိန်ဦးကတော့ ကျမတို့ အဖွဲ့ထဲမှာပါပဲ။ ကျမတို့အဖွဲ့အတွက် လမ်းပြမရှိပါ။ အတွင်းရေးမှူးနှင့် ရဲဘော် အများစုပါသည့်အဖွဲ့ကမူ အရပ်သား လမ်းပြတယောက် ပါရှိသဖြင့် သတ်မှတ်ထားသည့် နေရာကို အစောကြီး ရောက်ရှိသွားကြသည်။

ကျမတို့ အဖွဲ့မှာမူ လမ်းပြလည်း မပါ။ သန်မာသည့် ရဲဘော်ဆိုလျှင်လည်း အနည်းငယ်သာပါသည့်အတွက် သတ်မှတ်ထားသည့် နေရာကို သွားရာတွင် လွယ်လင့် တကူ မဖြစ်ခဲ့ပါ။သတ်မှတ်ထားသည့် နေရာဆိုသည်က တောဖျားချောင်းတလျှောက် အမြင့်ဆုံးတောင်ဖြစ်သည့် မဲခင်တောင် ဖြစ်ပါသည်။

ကျမတို့အဖွဲ့သည ် နံနက်(၈) နာရီကစပြီး ခရီးသွားခဲ့ကြတာ ည(၆) နာရီကျ မှ ရပ်နားကြရပါသည်။ လမ်းလျှောက်သွားစဉ် တနာရီလျှင် ၁၀–မိနစ် အနားပေးပါသည်။ နားရသည့်အချိန်မှာ ဆရာဝန်က ကျမအတွက် လက်ဆွဲသံဘူးကလေးနှင့် ဖယောင်းတိုင် ၃–တိုင်ကို မီးထွန်းပြီး ရေနွေးတည်ကာ ရေနွေးတခွက်နှင့် အေပီစီတပြား တိုက်ကျွေးပါသည်။ ပြီးလျှင် လမ်းပြန်လျှောက်ရပြန်သည်။

မိုးကလည်း အဲဒီနေ့က စပြီးရွာလိုက်တာ တရက်မှ မရပ်တော့ပါ။ ကျမတို့ အဖွဲ့သည် နာရီပေါင်းများစွာ တနေ့လုံးလမ်းလျှောက်နေကြရသော်လည်း ရောက် သည့်နေရာမှာ ဒီနားတဝိုက်သာ တဝဲလည်လည်ဖြစ်နေသည်။ လမ်းကလည်း တတောင် တက် တချောင်းကူးဖြင့် ခက်ခက်ခဲခဲသွားကြရသည်။ တချို့ချောင်းတွေဆိုလျှင် သည် အတိုင်း မကူးနိုင်၍ ဟိုဘက်ကမ်း သည်ဘက်ကမ်း ကြိုးသွယ်တန်းပြီး ကူးကြရသည်။ တချို့တောင်တွေဆိုလျှင်လည်း တောင်တက်လမ်းမရှိပါ။ တောင်ခါးပန်းက ကျနေသည့် နွယ်ပင်တွေကို ကိုင်ပြီး တဦးနှင့်တဦး လက်တန်းဆက်ကာ တက်ကြရပါသည်။

၄–ရက်မြောက်သည်အထိ သတ်မှတ်ထားသည့်နေရာကို ပေါက်နိုင်သည့် လမ်းကိုပင် မရောက်ရှိသေးပါ။ ကျမသည် လမ်းလျှောက် နေစဉ် ဘာမှ မဖြစ်သော်လည်း နားနေသည့်အခါကျတော့ ထိုင်၍မရပါ။ ထိုင်မိလျှင် ပြန်၍ထရန် မလွယ်ကူဘဲ ဖြစ်နေပါ သည်။ ထို့ကြောင့် ၁၀–မိနစ် အနားရသည့်အခါ ကျမသည် သစ်ပင်တပင်ကိုမှီ၊ အခြား သစ်ပင်တပင်ကို ခြေကန်ပြီး မတ်တတ်ရပ်ရင်း အနားယူရပါသည်။

ထိုသို့ ခက်ခက်ခဲခဲ ခရီးသွားနေရသော်လည်း ကျမတို့အဖွဲ့မှာ ထမင်းတော့ မငတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျမတို့မှာ ခါးပတ်ဆန်အိတ်နှင့် ငရုတ်သီးကြော်၊ ငါးခြောက်ကြော်တွေ ပါလာကြသည်။ ညနေစာ ထမင်းကိုတော့ ည ၈–နာရီမှာ စားကြရ သည်။ ရဲဘော်တွေသည် သည်လို ခက်ခဲပင်ပန်းဆင်းရဲပေမယ့် စိတ်ဓာတ်တော့ မကျကြ ပါ။ ထိုမျှမက တယောက်နှင့်တယောက် လူတန်းစား ညီအကိုမောင်နှမ စိတ်ဓာတ်ဖြင့် ရိုင်းပင်းကူညီကြပါသည်။ တဦးကို တဦး ညှာတာကြပါသည်။

ကျမတို့ မီးဖွားပြီးစ ကလေးမိခင်များသည် ထမင်းကို ဆားနှင့်ပဲ စားကြရ သည်။ ငရုတ်ကောင်းတော့ စားကြရသည်။ ငါးကြော်၊ ငရုတ်သီး ကြော်တို့ကို မစားကြ ရပါ။ ကလေး ဗိုက်နာမည်စိုးသည့်အတွက်ဆိုပြီး ပေးမကျွေးကြပါ။ ထိုအချိန်တွင် ထမင်းကို ဝေစုဖြင့် ကျွေးပါသည်။ လမ်းတွင် ရိက္ခာပြတ်သွားမည်စိုးသဖြင့် ချွေတာကျွေးခြင်း ဖြစ်ပါသည်။ ဒါပေမဲ့ ကျမတို့ မီးဖွားပြီးစ ကလေးမိခင်တွေကိုတော့ ထမင်းဝအောင် ကျွေးသည်။ ကျမတို့က ရဲဘော်အားလုံးနှင့်တန်းတူ ထမင်းကို ဝေစုနဲ့ပဲစားမည်ဟု တောင်းဆိုသောအခါ ရဲဘော်တွေက“မဖြစ်ဘူး။ ခင်ဗျားတို့က သွေးနုသားနု ကလေး အမေ တွေ ဖြစ်တယ်။ ကလေးတွေကလည်း ရက်သား လသားလေးတွေပဲ ရှိသေးတယ်။ ဒါကြောင့် ထမင်းကိုတော့ ဝအောင်စားပါ”ဟု ဆိုကြသည်။

သည်သို့နှင့် ကျမတို့အဖွဲ့သည် နံနက်မှ ခရီးစထွက်၊ ညကျမှနား ဆို သည့်အစီအစဉ်ဖြင့် ခရီးဆက်နေကြစဉ် ရဲဘော် ၃–ယောက်၏ တကယ့်စိတ်ရင်းစေတနာ၊ ညီအကို မောင်နှမ စိတ်ဓာတ်ကို ဖော်ပြသော ကိစ္စကလေးကို ကြုံတွေ့ရသဖြင့် စိတ်ထဲမှာ

လှိုက်လှိုက်လဲလဲ ဖြစ်ပေါ်ခံစားမိပါသည်။ ထိုရဲဘော် ၃–ဦးသည် ခရီးသွားရင်း ကလေး မိခင်များ စားရန်လိုအပ်သော ဟင်းညှံ့ပင်–တပင်စီ ခူးလာကြသည်။ ညနေ ခရီးရပ် နားချိန်ရောက်တော့ ရဲဘော်တဦးက"ဒီနေ့ ငါ ဟင်းညှံ့တပင်တွေ့လို့ ကလေးအမေတွေ စားဖို့ ခူးခဲ့တယ်"ဟု ဆိုသည်။ နောက်တယောက်ကလည်း "ငါလည်း တပင်တွေ့လို့ ခူးခဲ့တယ်"ဟု ဆိုရာ အခြားတယောက်ကလည် အလားတူ ဆိုပြန်ပါသည်။ သူတို့ အချင်းချင်း တိုင်ပင်ပြီး အတူတကွ ခူးလာကြသည်လည်း မဟုတ်ပါ။ ထို့ကြောင့် ဟင်းညှံ့ပင် ၃–ပင် ပါလာသည့်အတွက် ကျမတို့ ကလေးအမေများမှာ ထိုနေ့က ထမင်းကို ဟင်းနှင့် စားကြရသည်။

သည်ဖြစ်ရပ်လေးသည် သာမန်ကြည့်လျှင် ဘာမှ မဟုတ် သည့်ကိစ္စလေးပဲဟု ထင်ရမည် ဖြစ်သော်လည်း အသေအချာစဉ်းစားကြည့်ပါက လေးလေးနက်နက် ခံစား ရမည့် ကိစ္စဖြစ်ပါသည်။ လူတန်းစားမေတ္တာစိတ် ထားရှိပုံကိုဖော်ပြသော အဖြစ် အပျက်ကလေးဟု ကျမ စိတ်ထိခိုက်စွာ ခံစားမိသည်။ စဉ်းစားကြည့်ပါ။ မိမိကိုယ်ပေါ်မှာ ထမ်းပိုးသယ်ဆောင်လာရသည့် ဝန်ထုပ်ဝန်ပိုးတွေကလည်း လားတကောင်တင်စာ လောက် ထမ်းထားရသည်။ တနေ့ကုန် လမ်းလျှောက်နေကြရသဖြင့် မောပန်းနွမ်းနယ် မှုကလည်း ရှိနေသည်။ ဝေပုံကျနှင့် ထမင်းစားထားရသဖြင့် နေ့ခင်း လောက်ဆို ဗိုက်ကလည်း အရမ်းဆာနေပြီ။ မိမိ ကိုယ်ပေါ်မှာ အပိုပစ္စည်းဆိုလို့ အပ် တချောင်းမျှပင် မသယ်ချင်တော့သည့် သည်လိုအချိန်မျိုးမှာ ကလေးအမေတွေအတွက် စဉ်းစားကာ သူတို့ တကူးတက ခူးလာကြ–သယ်လာကြသည်။ သည်စိတ်ဓာတ်သည် လူတန်းစား မေတ္တာကို ဖော်ပြသောစိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်တို့ကို နူးညံ့သိမ်မွေ့စွာ ဖော်ပြနေ သော ဖြစ်ရပ်ကလေးပင် မဟုတ်ပါလား။

ကျမတို့ တတောင်တက် တလျှိုဆင်း ခရီးသွားနေကြရာ လေးရက်မြောက် သည့်နေ့တွင်၊ အတွင်းရေးမှူးတို့အဖွဲ့က ကျမတို့အဖွဲ့ ရောက်မလာကြသေးသဖြင့် လူလွှတ်ပြီး ပြန်ရှာရာ ထိုသူများနှင့် တွေ့မှ ကျမတို့ လမ်းမှန်ရောက်ပြီး သတ်မှတ်ထားသည့်နေရာသို့ ချောချော မောမော ခရီးဆက်နိုင်ကြပါသည်။ ကျမတို့ ခရီးထွက်ခဲ့တာ ၇–ရက်တင်း တင်း ပြည့်မြောက်သည့်နေ့ကျမှ သတ်မှတ်ထားသည့် မဲခင်တောင်ထိပ်သို့ ကျမတို့ ရောက်ရှိသွားကြပါသည်။

အရင်ရောက်နှင့်သူများက ကျမကို မြင်တော့ အံ့လည်း အံ့သြ၊ စိတ်မကောင်း လည်းဖြစ်ကာ ဘယ်လိုနေသေးလဲ –ဟု ဝိုင်းဝန်းမေးမြန်းကြပါသည်။ တချို့ဆို မျက်ရည် တောင် ကျကြသည်။ အကြောင်းမူကား ကျမ ဘယ်လိုမှ အသက်မရှင်နိုင်တော့ဘူးဟု သူတို့တွက်ထားကြလို့ပါ။ သည်လောက် သွေးနုသားနုအချိန်မျိုးမှာ မိုးထဲလေထဲ ၊ ကြမ်း တမ်းသည့် တောတောင်ခရီးကြမ်းထဲ ဘယ်လိုမှ ခံနိုင်လိမ့်မည်မဟုတ်ဟု တွေးထင်ထား ကြပါသည်။ ကျမ မဲခင်တောင် တက်သည့်လမ်းမှာ ကင်းရဲဘော်တွေနှင့် စတွေ့ရတော့ ရဲဘော်တွေက ကျမဘေးနား ကပ်လာပြီး လူတန်းစား မေတ္တာစိတ်အပြည့်နှင့် "ဘယ်လို နေသေးလဲ...လမ်းလျှောက်နိုင်သေးရဲ့လား"ဟု လေသံတိုးတိုးဖြင့် မေးလာကြသော အသံတွေကို ကျမစိတ်ထဲမှာ ယခုတိုင် ကြားယောင်နေမိဆဲပါ။

ကျမအနေဖြင့် မိမိကိုယ်ကို အားတင်း၊ အခက်အခဲကို နိုင်အောင်တိုက်ရ မည်ဆိုသောစိတ်ဓာတ်ကို မွေးမြူကာ သည်ခရီးကြမ်းကို သွေးနုသားနုဖြင့် အံခဲ ကျော်ဖြတ်ခဲ့ရခြင်း ဖြစ်သည်။ မေးလာသော ရဲဘော်တွေကိုမူသူတို့စေတနာကို နားလည်အသိအမှတ်ပြုကာ ပြုံးပြလိုက်ပြီး "ကျမ ဘာမ မဖြစ်ပါဘူး" ဟု ပြန်ဖြေ လိုက်ရသည်။

## ကလေးမိခင်များ လူထုရင်ခွင်တွင် ခိုလှုံနေထိုင်ရခြင်း

ကျမမှာ ပင်ကိုယ်က ကျန်းမာရေး အလွန်ကောင်းခဲ့ပါသည်။ ခေါင်းမူး ခေါင်းကိုက်တာမျိုးပင်လျှင် မဖြစ်ဖူးခဲ့ပါ။ တပ်တွင်းဝင်ရောက်ခဲ့ပြီးနောက် ငှက်ဖျား မိတာကစပြီး ရောဂါမျိုးစုံ ရရှိလာတော့သည်။

ကျမတို့ မဲခင်တောင်ထိပ်တွင် တပတ်ခန့် အနားယူပြီးသည့်အချိန်တွင် ပါတီခေါင်းဆောင်များသည် ကျမတို့ သွေးနုသားနု ကလေး မိခင်များကို ကျေးရွာလူထုထံ ယာယီအပ်နှံထားဖို့ စီစဉ်ကြပါတော့သည်။ ထိုအချိန်တွင် ရန်သူ့ထိုးစစ်သည်လည်း မဆုတ်သေးပါ။ ရန်သူက နောက်ထပ်တခါ ထပ်ထိုးလာခဲ့လျှင် ကလေးမိခင်များ မပြေးနိုင် မလွှားနိုင်နှင့် ဒုက္ခရောက်ကြမည်စိုးသောကြောင့် တကြောင်း၊ ကလေးမိခင်များအတွက် ရဲဘော်များ ဝန်ထုပ်ဝန်ပိုးပိမည်စိုးသည်ကတကြောင်း၊ ယင်းအကြောင်းတို့ကြောင့် ဤကဲ့သို့ စီစဉ်ကြခြင်း ဖြစ်ပါသည်။

ခေါင်းဆောင်များက ကျမတို့ကို ခေါ်ယူပြီး ကိုယ့်ဆန္ဒကိုယ်တင်ပြကြဖို့ မေးမြန်းတောင်းခံသည်။ ကျမတို့ ကလေးမိခင်များအားလုံး သည်နေရာမှာ သဘော ထားချင်း တူညီကြသည်။ ကျမတို့ဆန္ဒအရဆိုလျှင် မသွားဘူး၊ သေအတူ ရှင်မကွာ ရဲဘော်များနှင့်နေမည်–ဟု ပြန်တင်ပြကြသည်။ ရဲဘော်တွေနှင့်ခွဲခွာနေရပြီးသည့်နောက် ရန်သူက ဖမ်းဆီးမိပြီး ကြက်ကလေးငှက်ကလေးတွေလို သတ်ဖြတ်ပစ်တာမျိုး မခံလို၊ ရဲဘော်တွေနှင့်အတူနေထိုင်ရင်း ရန်သူကို သူတချက်ကိုယ်တချက်ပစ်ရင်း အသေခံ လိုသည်ဟုလည်း တင်ပြသည်။ သို့ရာတွင် ပါတီက အမိန့်ချ မှတ်ပြီး သွားကြရမည် ဆိုလျှင်တော့ အမိန့်ကို နာခံပါမည်ဟူ၍လည်း မိမိတို့ သဘောထားကို ပေးကြသည်။

ကျမတို့ဆန္ဒကို ကြားသိရပြီးသည့်နောက် ပါတီက လက်ခံစဉ်းစားကာ နောက်ဆုံးတွင်မူ ခပ်ပြတ်ပြတ်အမိန့် ချလိုက်ပါတော့သည်။"ရဲဘော်တို့...ကာလတချို့ ယာယီ သွားရောက်နေထိုင်ကြရမည်"ဟု ဆိုပါသည်။

ကျမတို့ကလည်း ပါတီက အသေခိုင်းရင်တောင်မှ ရဲရဲသေမည့်သူများပါဟု မိမိတို့ စိတ်ဓာတ်သဘောထားကို ဖော်ပြကာ သွားလာရေးအတွက် ပြင်ဆင်ထားပါ တော့သည်။ သည်သို့နှင့် ကျမတို့ ကျေးရွာလူထုထံ သွားရောက်ခိုလှုံခဲ့ကြရသည်။

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင် ပြောက်ကျားဒေသတွင် အဓိကကျသော ချောင်း ၃–ချောင်း ရှိပါသည်။ တောဖျားချောင်း၊ ယောချောင်းနှင့် ငစံပေါ်ချောင်းတို့ပါ။ မဲခင်တောင်သည် ချောင်း ၃–ချောင်း၏အလယ်တွင် တည်ရှိနေသည်။ အတိုက်ခံခဲ့ရသည့် ကျမတို့စခန်းဟောင်းက တောဖျားချောင်းအနီးမှာပါ။

ယခု ကျမတို့တတွေသွားရမည်က ငစံပေါ် ချောင်းဘက်ဆီသို့ ဖြစ်ပါသည်။ ငစံပေါ်ချောင်းတလျှောက် တည်ရှိနေသော ရေကြောင်းချောင်းရွာ၊ ဒိုင်းနက်ဆိုသော ခမီးအမျိုးသားများ နေထိုင်သော ရွာများဘက်ဆီ သွားရမည်ဖြစ်သည်။ ရဲဘော်အကာက

ခမီးရွာဝင်၍ ခမီးလို ဝတ်လိုက်လျှင် ကျေးရွာသူ အရပ်သားအဖြစ် အယောင်ဆောင်၍ ရသည်။ လုံခြုံသည်။ ရဲဘော်မနုသည်လည်း ရေကြောင်းချောင်းရွာတွင် နေလို့ရသည်၊ လုံခြုံနိုင်သည်။ ခက်နေသည်က ကျမ။

အကြောင်းမူကား သည်ရွာများတွင် လူထုသုံးစွဲသော ဘာသာစကားနှင့် ကျမပြောသော ဘာသာစကား မတူညီကြပါ။ ရဲဘော်မနုနှင့် ရဲဘော်အကာတို့ကတော့ ဘာသာစကားချင်းတူညီကြသည့်အတွက် အခက်အခဲ မရှိပါ။ ရခိုင်အချင်းချင်းပေမယ့် ဘာသာစကားချင်း မတူညီသည့်အခက်အခဲကို မကြာခဏ ကြုံရလေ့ရှိပါသည်။ စကားချင်းမတူလျှင် လူထုတွင်း လျှို့ဝှက်နေထိုင်သည့်အဖြစ်မှာ မလွယ်ပါ။ ထိုမျှမက ကျမသည် ကျန်းမာရေးလည်း ချွတ်ယွင်းလာနေပါသည်။ မကြာခဏ အဖျား တက်နေတတ် သည်။ ကလေးမိခင်ဘဝတွင် နို့တွေ ရောင်ရမ်းပြီး လူမမာသည်လို ဖြစ်နေပါပြီ။

နောက်ပြီး ကလေးကလည်း ၂–ယောက်။ ခြောက်နှစ်သမီး စန်းစန်းနှင့် မွေးကာစ ရက်သားသမီးလေး မမြစိန်တို့ပါ။ ကျေးရွာလူထုသည် ပါတီကို ဘယ်လိုပဲ ထောက်ခံထောက်ခံ၊ လယ်လုပ်ငန်းအလုပ်များနေသည့် ယခုလိုအချိန်မျိုးမှာ လူမမာ တဦးကို အိမ်ပေါ်တင်ထားရန်မှာ မဖြစ်နိုင်ပါပြီ။ နောက်ပြီး ကျမအနာတွေဟာ ဆေးမကုလျှင် တစတစ ပိုမိုပြင်းထန်လာမှာကိုလည်း ကျမ သိနေသည်။

ထို့ကြောင့် "တဘက်ကမ်းမှာ ကျမအကို ရှိတယ်။ အဲဒီကို ကျမ သွားမယ်"–ဟု တင်ပြလိုက်ပါသည်။ ကျမတို့ကို လိုက်ပို့သော ကလာပ်စည်းအဖွဲ့ဝင်ရဲဘော်က သဘော မတူပါ။ သည့်အတွက် မိမိအစီအစဉ်နှင့် မိမိဘာသာ သွားရန် ပြင်ဆင်ရပါ တော့သည်။

ကျမ၏အကို ဆိုသူမှာ အဖေ့အမေ အကြီးဆုံး၏သား၊ တဝမ်းကွဲ အကိုပါ။ ဒါကြောင့် ဆွေမျိုးရင်းချာအနေနှင့်ကတော့ ဘယ်လို အခြေအနေဖြစ်ဖြစ် လက်ခံမှာပဲဟု ကျမတွက်ပါသည်။ အကိုက လယ်ရှိပေမယ့် လယ်ကို ကိုယ်တိုင်မလုပ်၊ လူငှားနှင့် ့လုပ်ကာ တဖက်က ကုန်သည်လုပ်ရင်း အခြားတဖက်မှ ဆေးကုသောအလုပ်ကိုလည်း လုပ်ပါသေး သည်။ အကိုကိုယ်တိုင် ဆေးဝါးကုသသူဖြစ်သဖြင့် ကျမအတွက် အဆင်ပြေ မည်ဟုလည်း စဉ်းစားမိပါသည်။

ကျမတို့ စခန်းက ထွက်လာခါနီးတွင် စခန်းခေါင်းဆောင်က ကျမတို့တတွေကို တဦးလျှင် ငွေ ၂၅၀–ကျပ်စီ ပေးလိုက်သည်။ ထို့ကြောင့် ကျမက လူတယောက်နှင့် လှေတစီးကို ငွေ တရာကျပ်ပေးပြီးငှားလိုက်ကာ  အကိုတို့ ရွာဆီ လိုက်ပို့ခိုင်းလိုက်ပါ သည်။

အကိုနေသောရွာက "ဥဖောက်ရွာ"ဖြစ်၏။ ရသေ့တောင်မြို့နယ် ပိုင်နက် အတွင်းရှိပြီး သင်္ဘောဆိပ်ကမ်းရွာ ဖြစ်သည်။ ရန်သူရော၊ အလံနီပါ ဝင်ထွက်သွားလာ တတ်သော ဒေသဖြစ်သည်။ ရန်သူက အဲဒီရွာကို လာမည်ဆိုလျှင်  လူလွှတ်၍ ထမင်း ဟင်း ကြိုချက်ခိုင်းထားပြီးမှ လာတတ်သည်။ ထို့ကြောင့် ရန်သူ့သတင်း ကြိုသိနိုင်သည်။ အလံနီများကတော့  တခါတလေ ဝင်လိုက်ထွက်လိုက်လုပ်တတ်သည်။

လှေနှင့် သွားနေစဉ်မှာပင် ကျမသည် အပူတွေတက်ကာ တကိုယ်လုံး ကိုက်ခဲ နာကျင်လာသည်။ ဟိုဘက်ကမ်းလည်း ရောက်ရော၊ မိမိဘာသာ အကိုထံ မသွားနိုင် တော့ပါ။ ထို့ကြောင့် စာရေးပြီး လှေသမားကို ပေးလိုက်ကာ အကို့–ကို သွားရောက် အခေါ်ခိုင်းလိုက်ရပါတော့သည်။ ကျမက လှေထဲမှာနေပြီး အကိုအလာကို စောင့်နေ ရသည်။ ချက်ချင်းပဲ အကိုနှင့်ယောင်းမဖြစ်သူတို့ လိုက်လာကြပြီး ယောင်းမက ကျမပွေ့ထားတဲ့ ကလေးအငယ်ကို ယူ၊ အကိုက စန်းစန်းကို ပွေ့ချီကာ သူတို့အိမ်ကို ခေါ်သွားပါသည်။ အထုပ်အပိုးတွေကိုတော့ လှေသမားက သယ်ယူလိုက် ပို့ပေးပါသည်။

အကို့အိမ်တွင် အကိုကိုယ်တိုင် ဆေးဝါးကုသပေးပါသည်။ အကိုသည် စစ်တွေက ဆရာဝန်ကြီး ဦးစောလှဆေးတိုက်မှာ အလုပ်လုပ်ခဲ့ဖူးသဖြင့် ဆေးဝါးများ အကြောင်း နားလည်အောင် လေ့လာသင်ယူခဲ့ပါသည်။ ထို့ကြောင့်လည်း ယခုအခါ သူ ဆေးဝါးကုသသော အလုပ်ကို တဘက်တလမ်းမှ လုပ်ကိုင်နေခြင်းဖြစ်သည်။ အကို၏ ကုသပေးမှုကြောင့် ကလေး နို့တိုက်သော ကျမနို့မှာ အနာဖြစ်မလာတော့ဘဲ အဖျား ရောဂါလည်း ပျောက်ကင်းသွားပါသည်။

ကျမအတွက် နောက်ထပ် အခွင့်သာသောကိစ္စတခုမှာ အကို့ဇနီး၏ ဦးလေးဖြစ်သူက အလံနီကျေးရွာ ဥက္ကဌဖြစ်နေ၍ ကျမ၏သတင်းကို ဖုံးဖိရာတွင် ပိုမိုအဆင်ပြေပါသည်။ အကို့ညီမဖြစ်သူ သူ့အကိုထံ လာပြီး ဆေးကုတယ်–ဟူ၍သာ သိကြသည်။ အလံနီဆိုသူများသည် ကျမတို့ပါတီကိုဆိုလျှင် သူ့မှာ တိုက်နိုင်သည့် အင်အားရှိလျှင် တိုက်၊ သူမတိုက်နိုင်လျှင်လည်း ရန်သူ့ထံ သတင်းပို့တတ်သူများ ဖြစ်ပါသည်။

ကျမ ထိုရွာမှာ တလခွဲကြာ နေထိုင်ခဲ့စဉ်အတွင်း ရွာသို့ ရန်သူ သုံးကြိမ် လာပါသည်။ အထက်မှာဖော်ပြခဲ့သလို ရွာသို့ ထမင်းချက်ထားရန် ကြိုတင် အကြောင်းကြားထားပြီး သင်္ဘောနှင့် လာကြသည်။ ရွာရောက်လျှင် ထမင်းဟင်းစား၊ တညအိပ်ပြီး ပြန်သွားတတ်ကြသည်။

သို့သော် ကျမအနေနှင့်မူ အလေးအနက် စဉ်းစားလာရပါသည်။ သည် အတိုင်းဆို  ရေရှည်အတွက် သည်မှာ နေထိုင်သွားရန် မဖြစ်နိုင်ပါ။ တနေ့မဟုတ်တနေ့ သတင်းပေါက်ကြားသွားလျှင် အားလုံး ဒုက္ခရောက်နိုင်ပါသည်။ ကျမက သည်လို စဉ်းစားနေတုန်းမှာ အကိုကလည်း ပြော လာသည်။ "မင်းကို အိမ်ပြန်ပို့မယ်။ ခုတောင် ဒီလောက် ဒုက္ခတွေ ကြုံနေရပြီ။ နောင်မှာ ဘာတွေ ဆက်ဖြစ်ဦးမယ်လဲ မသိနိုင်ဘူး။ မင်း ဒီလို ဒုက္ခရောက်တဲ့ အဖြစ်မျိုး ငါ မကြားလို မမြင်လိုပါ"ဟု ပြောသည်။ အိမ်ပြန်ပို့မယ်–ဆိုတာ ကျမ အဖေအမေတို့ထံ ပြန်ပို့မည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ အကိုက  စန်းစန်းကိုတော့ ကျမတို့ရဲဘော်များ၏လက်တွင်း ရောက်အောင် သူ ပြန်ပို့ ပေးဖို့  စီစဉ်မည်။ ကျမကတော့ ကျမကမွေးသည့် သမီးငယ်နှင့်အတူ အိမ်ပြန်ရမည်–ဟု ဆိုပါသေးသည်။

ကျမ အဖေအမေတို့ရွာနှင့် ယခု အကိုနေသောရွာက ငါးရက်ခရီး ဝေးသည်။ အကိုက ကျမတို့ရွာမှာ နေထိုင်ရာက ခရီးသွားရင်းလာရင်းနှင့် သည်ကဲ့သို့ အဝေးက ရွာမှာ လာပြီး အိမ်ထောင်ကျခြင်း ဖြစ်သည်။ အကိုပြောလာသောစကားကို ကျမ လက်မခံနိုင်ပါ။ ကျမ လက်နက် မချလိုပါ။ လက်နက်ချလျှင် ရန်သူ့လက်ခုပ်ထဲက ရေလို ဖြစ်သွားမည်။ သူတို့စိတ်ကြိုက်

သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်ချင်သလို လုပ်နိုင်ပါသည်။ အကို့ကိုတော့ ကျမ ဘဝနှင့် ကျမ ရှိပါစေတော့–ဟု စကားလှအောင် ပြောလိုက်ရသည်။

နောက် ၂–ရက်လောက် ကြာတော့ အကိုက သူ "ရသေ့ တောင်" သွားဦး မည်ဆိုပြီး ကောက်ခနဲ ထသွားသည်။ အကိုထွက်သွားလျှင် အကို ကျမကို ပြန်ပို့ဖို့ သွားစီစဉ်တာပဲ ဟု တွေးကာ ကျမ စိုးရိမ်လာသည်။

ထို့ကြောင့် လာစဉ်တုန်းကလိုပဲ လှေတစီး လူတယောက်ကို ငွေတရာပေးပြီး ငှားကာ ကျမတို့ ပါတီနယ်မြေ ဘက်ကမ်းကို ပြန်ပြေးခဲ့ ပါသည်။

အကို့အိမ်မှာနေစဉ် အကိုက ဂရုစိုက် စောင့်ရှောက်ခဲ့ပါသည်။ ကိုယ့်ငွေ တပြားတချပ်မှ မထုတ်ရသည့်အပြင် ကိုယ့်ကလေးအနီးကိုတောင် ကိုယ်မလျှော်ရပါ။ အကို့မှာလည်း ကလေးငယ်ရှိသဖြင့် အကို့ကလေးအနီးတွေနှင့်အတူ နဘေး ကုလား ရွာမှ ကုလားမကိုပဲ လျှော်ဖွပ်ခိုင်းပေးခဲ့ပါသည်။ အကို့အိမ်မှ ပြန်ပြေးလာ ခဲ့ပြီးနောက်–နောက်တနှစ်လောက်အကြာမှ သိရတာက အကို့ကို ပြောက်ကျားလက်ခံထားမှုနဲ့ ဖမ်းဆီးသွားသည့်အတွက် ငွေနှင့်ပြန်ရွေးရသည်ဟု ကြားသိရပါသည်။ အဲဒီအခေါက် အကိုနှင့်တွေ့ခဲ့ရတာ နောက်ဆုံးတွေ့ရခြင်းပါ။ သည့်နောက် တခါမျှ ပြန်လည်မတွေ့ ဆုံရတော့ပါ။

ကျမသည် အကို့အိမ်မှ ပြန်ပြေးလာပြီးနောက် ရေကြောင်းချောင်းရွာသို့ ပြန်ရောက်လာခဲ့ပါသည်။ အဲဒီအချိန်မှာတော့ ကျမ၏ ကျန်းမာရေးသည် အတော် အသင့် ပြန်လည်ကောင်းမွန်လာခဲ့ပါပြီ။ ရေကြောင်းချောင်း ရွာသူကြီးက သူတို့ရွာတွင် သည်လို လက်ခံထားရသူမှာ သုံးယောက်တောင် ရှိနေပြီဖြစ်၍ နောက်ထပ်လက်ခံ ထားရန် မသင့်တော့ ကြောင်း၊ တခြားရွာတွင် ထားပေးပါမည်ဟုဆိုကာ "ရေစိုးချောင်း" ရွာတွင် ထားပေးသည်။

ကျမနေသည့်အိမ်၏အိမ်ရှင်တွင် သားငယ်လေးနှစ်ဦးရှိ၍ တဦးက ရေကြောင်း ချောင်းရွာ ဘုန်းတော်ကြီးကျောင်းသို့ ပို့ထားရာ တပတ်မှတခါသာ အိမ်ပြန်လာ တတ်သည်။ အိမ်ရှင်ဇနီး မောင်နှံနှင့်သူတို့၏သားငယ်လေးတို့သည် မနက်မှသည် ညနေမိုးချုပ်သည်အထိ လယ်တဲမှာပဲ နေကြသည်။ ထို့ကြောင့် အိမ်မှာ ကျမတို့ သားအမိ ၃–ဦးသာ ရှိနေသည်။ ကျမက အိမ်မှုကိစ္စအဝဝကို လုပ်ကိုင်ပေးထားရသည်။ မောင်းနှင့် ဆန်ထောင်းရပါသည်။ ထမင်းဟင်းချက်၊ အိမ်၏သန့်ရှင်းရေးတို့ကို လုပ်ကိုင်ထား သည့်အပြင် သူတို့ပြန်လာလျှင် ရေမိုးချိုးနိုင်ရန် ရေပါခပ်ပေးထားပါသည်။

ထိုရွာသည် (ရမလ) ခေါ် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ချုပ်ကိုင်ထား သောရွာဟု ဆိုရပါမည်။ တလောကမှ ဆုံးသွားပြီဟု ကြားလိုက်ရသော မောင်စိန်ညွန့်တို့ နယ် ဖြစ်သည်။ ထိုစဉ်က အဲဒီ မောင်စိန်ညွန့်တို့ပဲ ကျမကိုလာပြီး ဘယ်က မိန်းမလဲ၊ ဘာကြောင့် ဒီမှာ အိမ်ဖော်လာလုပ်နေရတာလဲ၊ ကျမအကိုကြီး ဖြစ်သူက လာမခေါ်သေး ဘူးလား...စသဖြင့် စစ်ဆေးခြင်းခံခဲ့ရသေးသည်။ သည်သို့နှင့် ထိုရွာမှာ တလခွဲခန့် နေထိုင်ခဲ့ရသည်။ ကျမတို့စခန်းနှင့်လည်း အဆက်အသွယ် မရသေးပါ။ စက်တင် ဘာလ ရောက်သည့်အခါကျမှ ကျမ စာရေးပြီး ကျေးရွာလူကြီးထံ ပေးပို့ခိုင်းလိုက်သည်။ ပါတီရဲဘော်များလာလျှင် ပေးလိုက်ပါဟု ပြောထားသည်။ မကြာခင်မှာပဲ ရဲဘော် အောင်ကျော်ခိုင်နှင့် ရဲဘော် ၃–ယောက် ရောက်လာပြီး ကျမတို့ ကလေးအမေ အားလုံးကို စခန်းသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပါတော့သည်။

ကျမ စခန်းသို့ ပြန်ရောက်သည့်အခါ ကျမ၏ကလေး၏ အသက်မှာ ၃–လပင် ရှိသွားပါပြီ။

## ရဲဘော်တူ ကျဆုံးသွားခြင်း၊ ပါတီ၏(လူထုကူညီရေး) လူထုလုပ်ငန်း

ကျမတို့စခန်းအတွက် စခန်းသစ်ဆောက်ပြီး တပတ်အကြာတွင် အစည်း အဝေးတခုအတွက် အတွင်းရေးမှူးနှင့်အဖွဲ့သည် ခရီးထွက်သွားကြပြန်သည်။ ထိုစဉ်က ကျမတို့စခန်းဟာ "ငစံပေါ်"တောင်ပေါ်မှာပါ။

အတွင်းရေးမှူးနှင့်အဖွဲ့က တောဖျားဘက် သွားကြရမှာဖြစ်သည်။ ခရီး ကလည်းဝေးပြီး လမ်းကလည်း ဆိုးသည့်အတွက် အတွင်းရေးမှူးနှင့်အဖွဲ့သည် တနေ ကုန်ခရီးသွားသည့်တိုင် နည်းနည်းလောက်သာ ခရီးပေါက်သည်။

သည်အစည်းအဝေးအတွက် တာဝန်ယူ ပြင်ဆင်ပေးရသူက ရဲဘော်တူ ဖြစ်သည်။ ရဲဘော်တူသည် အစည်းအဝေးအတွက် ပြင်ဆင်ပြီး အဲဒီကျေးရွာမှာ ကျေးရွာ လူထု အစည်းအဝေးပွဲတခု လုပ်သည်။ အစည်းအဝေးက ညအချိန်မှာ လုပ်ရတာ ဖြစ်သည့်အတွက် အစည်းအဝေးပွဲပြီးသည့်အခါ အတော်ညဉ့်နက်သွားသည်။ ထို့ ကြောင့် ခါတိုင်းကဲ့သို့ ရွာပြင်ထွက်မအိပ်ဘဲ ရွာထဲမှာပဲ အိပ်လိုက်တော့သည်။ ထို့ကြောင့် နံနက် ၆–နာရီအချိန်မှာ ရန်သူက ရွာကိုဝိုင်းပြီး ပစ်ခတ်ဖမ်းဆီးရာ ရဲဘော်တူ သေနတ်ထိမှန်ပြီး ကျဆုံးသွားရှာပါသည်။ (ရဲဘော်တူ၏အကြောင်းကို နောက်ပိုင်းမှာ သီးသန့်ဖော်ပြပါဦးမည်)

ထို့ကြောင့် အတွင်းရေးမှူးနှင့်အဖွဲ့သည် အလုပ်တွေ အလွန်များသွားပြီး စခန်းသို့ ပြန်မလာနိုင်တော့ဘဲ အောက်ပိုင်းမှာပဲ လုပ်ငန်းတာဝန်များကို ဆက်လက် ထမ်းဆောင်နေကြသည်။ ထို့ကြောင့် သမီးငယ် တနှစ်ခွဲရှိမှ သူ စခန်းသို့ ပြန်ရောက် လာနိုင်ပါတော့သည်။

ကျမတို့ စခန်းသည်လည်း ရန်သူနှင့် ရှောင်ရင်းတိမ်းရင်းနှင့် တောဖျားဘက် ပြန်ရောက်လာကြသည်။

အတွင်းရေးမှူးရဲဘော်ကျော်မြသည် ဒု–အတွင်းရေးမှူး ရဲဘော်တူ ကျဆုံး သွားသဖြင့် အတော် စိတ်ထိခိုက်မှု ဖြစ်ခဲ့သည်။ ငါ့ရဲ့ ညာလက်ရုံး တဖက် ပြုတ်သွားသလို ခံစားရသည်ဟု အစည်းအဝေးတွင် ပြောပြပါသည်။ သူသည် လုပ်ငန်းတာဝန်များ ပိုများလာသဖြင့် နှစ်ဆ ပို၍ လုပ်လာရသည်။

ပါတီသည် မိုးတွင်းကာလတွင် ကေဒါမွေးမြူရေးကို အဓိကထားလုပ်ပြီး ခြောက်သွေ့ရာသီတွင်မူ တဖက်က လူထုလုပ်ငန်းလုပ်ရင်း အခြား တဖက်မှ ရန်သူကို တိုက်ခိုက်ဖို့ တိုက်ကွက်ဖော်ရေးကို အားစိုက်လုပ်ရသည်။ မိုးတွင်းမှာလည်း လူထု လုပ်ငန်းကို တတ်နိုင်သမျှတော့ လုပ်ဆောင် ပေးကြရပါသည်။

ကျမတို့၏အခြေခံလူထုသည် လူမျိုးစုများ ဖြစ်ကြသည်။ တောင်ယာလုပ်ကိုင် စားသောက်ကြရသည်။ တောင်ယာတွင် ပေါင်းဦးမနိုင်ပါက စပါးမထွက်တော့ပါ။ ပေါင်းဦးသည် အလွန်အရေးကြီးသည်။ ကျမတို့ဘက်မှာ ပေါင်းဦးဆိုသည်က တောင်ယာမီးရှို့၊ စပါးကောက်ထိုးပြီးသည့်နောက် စပါးနှင့်အတူ ပေါ်ထွက်လာသည့် ဝါးပင်တွေကို ဆိုလိုတာပါ။ တဖြည်းဖြည်း စပါးကသေးပြီး ဝါးပင်တွေက ကြီးကြီးလာသဖြင့် ပထမ အချိန်မှာ အဲဒီဝါးပင်များကို မခုတ်သတ်နိုင်ပါက စပါးကို ဝါးက ဖုံးသွားပြီး စပါးပင် သေသွားလေ့ရှိပါသည်။ သည်အတွက် ပေါင်းဦးနိုင်ရန် အရေးကြီးသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် စခန်းရှိရဲဘော်များသည် လူအင်အား များလျှင်များသလို နည်းလျှင်လည်း နည်းသလို လူစုခွဲပြီး လူထုကူညီရေးလုပ်ငန်းကို လုပ်ကြသည်။ ရွာတွင် လုပ်အားမရှိသောအိမ်၊ ဖျားသူနာသူ ရှိသည့်အိမ်များကို ဦးစားပေးပြီး ပေါင်းနုတ်ကူ ကြရသည်။ စခန်းရှိ ရဲဘော်များကို နှစ်သုတ်ခွဲလိုက်ပြီး တရက်ကို တသုတ်၊ အလှည့်ကျ သွားကူကြခြင်းပါ။

သည်လို သွားရောက်ကူညီသည့်အထဲမှာ ရဲဘော်ကျော်မြလည်း ပါပါသည်။ သူ့ကို ရဲဘော်များက မသွားရန်ပြောသော်လည်း မရပါ။ မိုးတွင်းမှာ သူသည် ဘာသာ ပြန်လုပ်ငန်းကို အဆက်မပြတ်လုပ်နေရသည့် အပြင် အခြားတာဝန်များလည်း ရှိသောကြောင့် အလုပ်မအားလပ်သဖြင့် ရဲဘော်များက သူ့ကို တားကြခြင်း ဖြစ်သည်။

ကျမတို့သည် လူထုလုပ်ငန်းသွားလုပ်ကြရာတွင် မိမိရိက္ခာနှင့် မိမိ သွားကြ ရခြင်းဖြစ်သည်။ ရိက္ခာတာဝန်ကျ ရဲဘော်များက အစောကြီး ထချက်ထားသည့် ထမင်းကို တနပ်စားပြီး နေ့လည်စာအတွက်လည်း ကိုယ်စီထုပ်ယူပြီး သွားကြသည်။ ညနေစာကိုတော့ စခန်းပြန်ရောက် သည့်အခါမှ စားကြပါသည်။

ငင်းကာလသည် (၆၇–၆၈–၆၉) နှစ်ကာလများ ဖြစ်သည်။ ၁၉၇၀–ခုနှစ်မှသည် ၁၉၇၄–ခုနှစ်အထိ ကာလသည် ပါတီအလံတော် အောက်မှ ရခိုင်ပြည်နယ် ပြောက်ကျားဒေသ၏ အကောင်းဆုံး နှစ်ကာလများဟု ဆိုရမည်ထင်ပါသည်။ ရန်သူက မထိုးသလောက်ပါပဲ။ မိမိကသာ ရန်သူကို ထိုးစစ်ဆင်နေရသည့်အချိန်ပါ။ ပြောက်ကျား စခန်းမှာ အားကစားကွင်းများပင် ဖောက်လုပ်ထားကြသည်။ ပါတီ၏စခန်း ထောက်ပံ့ ရေးဌာနသည်လည်း ကုန်စုံဆိုင်ကြီးပမာ ဟည်းနေပြီး ပစ္စည်းအမယ် စုံလင်စွာဖြင့် ဘာပစ္စည်းမဆို လိုလေသေးမရှိ ပြည့်စုံနေပါသည်။ တပ်များသည်လည်း အတော့်ကို လွတ်လွတ်လပ်လပ် သွားနိုင်လာနိုင် လှုပ်ရှားနိုင်သည့်အချိန်ပါ။

## ပြောက်ကျားရဲဘော်များ၏ စစ်ဝတ်စုံ

ဤနှစ်များအတွင်း ကျမတို့၏ ထောက်ပံ့ရေးအခြေအနေ ကောင်းလာခဲ့ သည်မှန်သော်လည်း ကျမတို့ ပြောက်ကျားရဲဘော်များမှာ စားဝတ်နေရေးဘက်တွင် ဆင်းရဲခက်ခဲသည်ကသာ များပါသည်။ အစားအသောက် အနေအထိုင်ကိစ္စကို မပြော တော့ပါ။ ဝတ်စုံကိစ္စကိုမူ အလျဉ်းသင့်သဖြင့် တင်ပြပါဦးမည်။

ပြောက်ကျားရဲဘော်များအတွက် တနှစ်လျှင် စစ်ဝတ်စုံ ၂–စုံပေးမည်ဟု သတ်မှတ်ထားပါသည်။ သို့ရာတွင် တခါမျှ တနှစ် ဝတ်စုံ ၂–စုံ သတ်မှတ်ချက်အတိုင်း ပေးနိုင်ခဲ့သည် မရှိပါ။ ခြွင်းချက်အဖြစ်နှင့်တော့ ရန်သူနှင့် တိုက်ပွဲဖြစ်ချိန်အတွင်း ဝတ်စုံ ဆုံရှုံးသွားရသည်ဆိုလျှင်တော့ နောက်ထပ် ဝတ်စုံအသစ်တထည် ထပ်မံထုတ်ပေး တတ်ပါသည်။

ရဲဘော်များအတွက် တနှစ်စာ ဒေါက်ပါသည့် အပေါ်ဝတ် အင်္ကျီတထည်၊ ရိုးရိုးရှပ်အင်္ကျီတထည်၊ စွပ်ကျယ်တထည်၊ ပုဆိုး ၂–ထည်။ အမျိုးသမီးများအတွက်ကိုမူ လုံချည်တထည်ထပ်တိုးကာ လုံချည်သုံးထည် ပေးသည်။ ပြောက်ကျားဒေသမှာ အမျိုး သမီး အမျိုးသား အားလုံးပင် လုံချည်ကွက်စိပ်တွေကို ဝတ်ဆင်ကြရပါသည်။ စခန်းမှာနေသည့် ရဲဘော် မဟုတ်ဘဲ တပ်နှင့် သွားလာနေရသည့် ရဲဘော်များကိုတော့ ဘောင်းဘီရှည် တထည် ပိုပေးသည်။ ဤသည်မှာလည်း သတ်မှတ်ထားချက်သာ ဖြစ်သည်။ တကယ်တမ်းမှာ လူစေ့အောင် မပေးနိုင်ခဲ့ပါ။

ရန်သူက ပိတ်ဆို့ထားသဖြင့် ဝတ်စုံအတွက် ဝယ်ယူရေးခက်ခဲခြင်းသည် လည်း အကြောင်းတချက် ဖြစ်ပါသည်။ သည်ပစ္စည်းများ ဝယ်ယူရတာကလည်း အရပ် သားတွေကို မှာယူအဝယ်ခိုင်းရတာ ဖြစ်သည်။ အရပ်သားက ပစ္စည်းများများ ဝယ်လျှင် ရန်သူက စစ်ဆေးမေးမြန်း တတ်သဖြင့် များများလည်း မဝယ်ရဲကြပါ။တခါတလေ—ချည်ထည်အဖြူကိုပဲ ဝယ်လာလျှင်၊ သွတ်နင်းသစ်ခေါက်ဆိုးပြီးဝတ်ကြရသည်၊

တနှစ်ကို ဝတ်စုံနှစ်စုံသတ်မှတ်ထားပေမဲ့ လောက်ငှ အောင်ဝယ်မရသည့် အတွက် အရင်ကုန်သူကိုသာ ဦးစားပေးပြီး အရင်ထုတ်ပေးရသည်။ တပ်ရဲဘော်များသည် အဝတ်အစားကုန်တာမြန်ပါသည်၊သူတို့သည် အမြဲတမ်း သေနတ်နှင့် ကျောပိုးအိတ်ကိုထမ်းပြီး မနားတမ်းသွားလာ လှုပ်ရှားနေသောကြောင့် အဝတ်အစား အကုန်မြန် ခြင်းပါ။ သည်တော့ ရဲဘော်တွေက ဝတ်စုံတွေကို ဖာထေးဝတ်ကြသည်။ တချို့ ရဲဘော်တွေ၏ ဝတ်စုံများမှာ ဖာထေးရာတွေ များလွန်းသောကြောင့် အောက်ခံချည်သားပင် မပေါ်တော့အောင် ဖြစ်နေသည်ကို စိတ်မကောင်းစွာ မြင်တွေ့နေရပါသည်။ ကျမတို့ရဲဘော်များသည် ဤသို့ ဆင်းရဲဒုက္ခခံကာ တော်လှန်ရေးလုပ်ကြရခြင်းပါ။

ကျမတို့ရဲဘော်များသည် လူတိုင်းလူတိုင်း ဘောင်းဘီရှည် မဝတ်ကြရပါ၊ ပုဆိုးကိုတိုတို ဒူးအပေါ်အထိဝတ်ပြီး၊ခါးပါတ်ဖြင့် စည်းထားကာ သွားလာလှုပ် ရှားကြရပါသည်။

ကျမတို့ရုံးရဲဘော်များသည် ဆပ်ပြာမသုံးကြပါ။ အဘယ့်ကြောင့်ဆိုသော် ဆပ်ပြာသည် အလွန်အနံ့ပြင်းပါသည်။ ချောင်းဖျားတနေရာက ဆပ်ပြာသုံးနေလျှင် ချောင်းဝကနေအနံ့ရသဖြင့်၊ ရန်သူလာသည့် အချိန်နှင့်တိုးလျှင် ရန်သူက အနံ့ခံ၍

ရပါသည်။ တောင်ပေါ်သားများမှာ ဆပ်ပြာမသုံးကြပါ။ တရော်၊ ကင်းပွန်းသီး တို့ကိုသာ သုံးကြပါသည်။ ကျမတို့လည်း လူထုသုံးသည့်ပစ္စည်းကိုပဲသုံးကြပါသည်။ ကျမတို့ရဲဘော်တွေသည် လက်ဖက်ရည်ကြမ်းကိုတော့ အလွန်ကြိုက်နှစ် သက်ကြပါသည်။ ထို့ကြောင့် လက်ဖက်ခြောက်ကိုတော့ အများဆုံးဝယ်ယူထားရသည်။

ကျမတို့စခန်း၏ မရှိမဖြစ်လိုအပ်သောပစ္စည်းများ ဖြစ်ကြသည့် လက်ဖက် ခြောက်၊ ငပိ၊ ဆား...စသည်တို့ကို ရန်သူနယ်ထဲသို့ သွားရောက်ဝယ်ယူရသည်။ နောက်ပြီးရုံးသုံးပစ္စည်းများလည်း ဝယ်ယူရသေးသည် ။ ကျမတို့အခြေခံထားသော လူထုသည် တောင်ပေါ်လူမျိုးစုများ ဖြစ်ကြသည့် အတွက် တချို့ပစ္စည်းကို သူတို့မသိကြ ပါ။ သည်လိုပစ္စည်းများ အရေအတွက် များများဝယ်တာကို ရန်သူမြင်လျှင် ခန့်မှန်း နိုင်ပါသည်။ သည်ပစ္စည်းများသည် အရပ်သားသုံးပစ္စည်းများ မဟုတ်ပါ ။ ထို့ကြောင့် ဝယ်ယူသူသည် ဘယ်ရပ်ဘယ်ရွာကလဲဆိုတာမေးပြီး အဲဒီအရပ်သည် ပါတီစခန်း ရှိသည့်အရပ် ဖြစ်သည်ကို သူတို့ ခန့်မှန်းတွက်ဆ သိရှိသွားနိုင်ပါသည်။

## ရခိုင်တော်လှန်ရေးနယ်မြေသို့ မီဇိုအမျိုးသားအဖွဲ့ ရောက်ရှိလာခြင်း

ထိုအချိန်မှာပင် မီဇိုအမျိုးသားအဖွဲ့အစည်းသည် အင်အား တထောင်ခန့်ဖြင့် ရခိုင်ပြည်နယ်တွင်း ဝင်ရောက်လာခဲ့ကြသည်။

မီဇိုအမျိုးသားအဖွဲ့အစည်းသည် အများသိကြသည့်အတိုင်း လူမျိုးရေး အဖွဲ့အစည်းပါ။ သူတို့တိုင်းပြည်တွင် မီဇိုပြည်နယ် ရရှိရေးအတွက်ဆိုပြီး တိုက်နေကြ သည့်အဖွဲ့ ဖြစ်သည်။ အခိုင်အမာ ပေါ်လစီ မရှိပါ။ သူတို့သည် အရှေ့ပါကစ္စတန်တွင် ခိုလှုံနေထိုင်ခဲ့ကြသည်။ အရှေ့ပါကစ္စ တန်နှင့် အနောက်ပါကစ္စတန် စစ်ဖြစ်ကြသည့်အခါ အရှေ့ပါကစ္စတန် ရှုံးနိမ့်သွားသည့်အတွက် မီဇိုများသည်လည်း ရခိုင်ပြည်နယ်ဘက်သို့ ပြေးလာကြခြင်း ဖြစ်သည်။

ပါတီ၏ပေါ်လစီက စည်းရုံးနိုင်သောအင်အားမှန်မျှနှင့် စည်းရုံးရမည်၊ မဟာမိတ်ဖွဲ့ရမည်–ဟု ဆိုထားသဖြင့် သည်ပေါ်လစီအောက်မှာ မီဇိုအဖွဲ့အား ယာယီခိုလှုံခွင့်ပေးပြီး လက်ခံထားလိုက်ပါသည်။

သို့သော် မီဇိုအဖွဲ့၏ကိုယ်စားလှယ်ကိုသာ ကျမတို့စခန်းတွင်ထားပြီး ကျန်အများစုကို သူတို့စခန်းနှင့်သူတို့ သီးသန့်နေထိုင်စေပါသည်။ သူတို့ကို စခန်း နှစ်နေရာ ချထားပေးပါသည်။

မီဇိုတို့၏အယူအဆတခုက နောက်ခံအင်အား(ဒါမှမဟုတ်) ကျောထောက် နောက်ခံအကူအညီမရှိလျှင် တော်လှန်ရေးလုပ်၍မရနိုင် ဆိုသောအချက် ဖြစ်သည်။ ဒါကိုပဲ သူတို့ စွဲမြဲစွာ ယုံကြည်နေကြသည်။

မီဇိုတို့သည် အပြောကောင်းသည်။ မိုးတလုံး လေတလုံး ပြောတတ်ကြသည်။ လက်တွေ့တွင် သူတို့သည် သူတို့ပြောသလောက် မလုပ်နိုင်ကြပါ။ သူတို့အား သာချက်တခုကတော့ အများအားဖြင့် မီဇိုအမျိုးသားအဖွဲ့မှ တပ်သားများသည် ခွန်အားဗလ တောင့်တင်းကြသည်။ အဆင်းရဲ အပင်ပန်းခံနိုင်ကြသည်။

ရန်သူတို့သည်လည်း မီဇိုတို့၏သတင်းကို အနံ့ခံ ရရှိသွားသောအခါတွင် အပြင်သို့ ပို၍ မထွက်ရဲဘဲ ဖြစ်လာကြသည်။ သူတို့ နေထိုင်ရာ ကင်းစခန်းတွေကိုသာ လုံခြုံအောင် ပြုပြင်တည်ဆောက် ထားကြသည်။ မြို့များနှင့်ဝေးသော၊ အစွန်အဖျား ကျသော ကင်းစခန်းတွေကိုဆိုလျှင် ပြန်လည် ရုပ်သိမ်းသွားသည်။

## မြို့များသို့ ဝင်ရောက်တိုက်ခိုက်ကြခြင်း

ရန်သူ့အခြေအနေနှင့် တော်လှန်ရေးတပ်ဖွဲ့များ၏အခြေအနေ ဤသို့ အပြောင်းအလဲ ရှိလာချိန်တွင် ရရှိထားသောအခွင့်သာချက်ကို ဆုပ်ကိုင်ပြီး မြို့တွေကို အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ရန် ပါတီက ဆုံးဖြတ်ချက်ချလိုက်သည်။

ကျမတို့တပ်ဖွဲ့နှင့် မီဇိုတပ်ဖွဲ့တို့ပေါင်းပြီး ရသေ့တောင်မြို့နယ်ကို ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ အဓိက ရည်မှန်းချက်က ရန်သူ၏ လက်နက်တိုက်ကို သိမ်းပိုက်နိုင် ရေးပါ။ အဓိက ရည်မှန်းချက် မပေါက်မြောက်ဟု ဆိုရပါမည်။ ရန်သူ၏ကုန်ပစ္စည်း ဂိုဒေါင်ကိုသာ သိမ်းနိုင်ခဲ့၍ အဝတ်အထည်နှင့် လူသုံးပစ္စည်းမျိုးစုံကိုပဲ ရရှိခဲ့ကြသည်။ ကောင်းသောအချက်တခုမှာ ဤလူသုံးပစ္စည်းအများအပြားကို လူထုအား ရရှိစေ လိုက်ခြင်းပင် ဖြစ်သည်။ အထူးသဖြင့် မြို့ပေါ်နေလူထုက အခြေအနေပိုသိ၍ ပိုရကြ သည်။ လူတချို့ကလည်း နာရီဆိုင်၊ ရွှေဆိုင်တွေ ဖွင့်ပြီး ယူကြတာလည်းရှိသည်။ ကျေးလက်လူထုသည်လည်း ပိတ်အုပ်တွေ၊ ရခိုင်လုံချည်တွေ... စသဖြင့် အများအပြား သယ်ယူရရှိနိုင်ကြသည်။

ကျမတို့ ရဲဘော်များမှာလည်း ရည်မှန်းချက်ပေါက်မြောက်သည်အထိ အကုန်မသိမ်းနိုင်ခဲ့သော်လည်း မိမိဘက်မှ အကျအဆုံးမရှိ၊ အောင်ပွဲရရှိခဲ့သဖြင့် အထူး ဝမ်းမြောက်ဝမ်းသာ ရှိနေကြပါသည်။ တိုက်ပွဲဝင် ရဲဘော်တွေကတော့ ပစ္စည်းတွေကို သယ်ယူမလာနိုင်ကြပါ။ ပစ္စည်းသယ်ယူလာနိုင်သည့် လူထုတွေကသာ ရဲဘော်တွေကို ဝေစုအဖြစ် ပြန်လည်ခွဲဝေပေးသဖြင့်သာ ရရှိကြသည်။

ရရှိသော ပစ္စည်းတွေကိုလည်း ရဲဘော်တွေက မိမိကိုယ်ပိုင် အဖြစ် မယူကြပါ။ ပါတီအတွက် ဘဏ္ဍာငွေ ဖြစ်လာအောင် လူထုတွင်းလှည့်လည်၍ သေနတ်တဖက်၊ အထုပ်တဖက်ဖြင့် လှည့်ရောင်းကြသည်။ လူထုတွေကလည်း ဝမ်းမြောက်လိုလားစွာ ဝယ်ယူကြပါသည်။ လူထုထဲမှ တချို့က ပြောလာကြသည်။ “ငါတို့တသက်မှာ ဒီလောက် ဈေးပေါတဲ့ အဝတ်တွေကို ဒီတခါပဲ

ရဖူးတယ်၊ ဒီတခါပဲ ဝတ်ရဖူးတယ်’’တဲ့။ ရဲဘော်များ က ရခိုင်လုံချည်တထည်ကို ၃–ကျပ်၊ ၄–ကျပ်လောက်နှင့်သာ ရောင်းချပေးခဲ့ကြတာပါ။

ထိုအချိန်တွင် ပါတီအလံတော်အောက်မှ ရခိုင်တော်လှန်ရေးနယ်မြေ၌ အမျိုးသမီးတပ်စိတ်တစိတ်လည်း ရှိလာခဲ့ပါပြီ။ ထိုတပ်စိတ်သည် အမျိုးသားရဲဘော် များနှင့်တန်းတူ တိုက်ပွဲတချို့တွင် ပါဝင်နိုင်ခဲ့ကြသည်။ ရုံးများတွင်လည်း အမျိုးသမီးရဲဘော်တွေ အတော်များလာသည်။

တော်လှန်ရေးတပ်ဖွဲ့များသည် နောက်တကြိမ်တွင် ကျောက်တော်မြို့ကို ဝင်တိုက်ပြန်သည်။ ယခင်တကြိမ်ကလိုပဲ ပစ္စည်းများသာ ရခဲ့ကြသည်။ ထိုစဉ်အချိန်က ရခိုင်ပြည်နယ်ရှိ တော်လှန်ရေးတပ်ဖွဲ့တွေရော လူထုပါ ပျော်မဆုံးအောင်ပါပဲ။ လူထုတွေ သည် ရဲဘော်(၃၀) လောက် လာရောက်တာကို မြင်လိုက်ကြလျှင်ပင် မြို့သိမ်းတော့မည် ထင်ပြီး နောက်က လိုက်လာကြတော့သည်။

ကျေးလက်ရှိ ရန်သူ့ပုလိပ်စခန်း နှစ်ခုကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။

အခြားတိုက်ပွဲတခုမှာတော့ မီဇိုတွေက သတ်မှတ်ထားတဲ့ နေရာမရောက်မီ ပစ်ခတ်ရမည့်အချိန်မကျသေးဘဲ စတင်ပစ်ခတ်ကြသဖြင့် ရဲဘော်(၇) ယောက် ဒဏ်ရာရ သွားပြီး ပြန်ဆုတ်လာခဲ့ကြရသည်။ ဒဏ်ရာ ရသူ(၇) ယောက်ထဲတွင် မီဇိုက (၃) ယောက်၊ ကျမတို့ရဲဘော်က (၄) ယောက်ဖြစ်ပါသည်။ အဲဒီ နောက်ပိုင်းတွင် မီဇိုအဖွဲ့သည် ရန်သူနှင့် တိုက်ခိုက်ရန် စိတ်အားထက်သန်ခြင်း မရှိတော့ပါ။ မတက်ကြွကြတော့ပါ။

## မီဇိုအမျိုးသားအဖွဲ့အား ပြန်လည်ထွက်ခွာစေခြင်း

မီဇိုအဖွဲ့သည် တိုက်စိတ်ခိုက်စိတ်ကင်းမဲ့လာသည့်ပြင် ပိုဆိုးသည်မှာကား လူထုဆန့်ကျင်ရေးတွေ လုပ်လာကြခြင်းဖြစ်သည်။ လူထု၏စိုက်ခင်းထဲမှ အသီးအနှံတွေ ကို ပိုင်ရှင်မသိဘဲ ယူစားကြသည်။ လူထုထံမှ ကြက်ဝက်တွေကို မတန်တဆဈေးနှင့် ဖိနှိပ် ဝယ်ယူသည်။ သည့်အပြင် အမျိုးသမီးအပေါ် စော်ကားသော ကိစ္စများပါ ကြားသိလာ ကြရသည်။ မီဇိုများ သည်လုပ်ရပ်များ ကျူးလွန်လာသည့်အတွက် ကျမတို့ တော်လှန် ရေးတပ်ဖွဲ့များက သူတို့အား ဆက်လက်– လက်ခံထားရေးမှာ မဖြစ်နိုင်တော့ပါ။

မီဇိုများအား ကျမတို့တော်လှန်ရေးဒေသတွင် သည်လောက် ကြာကြာ လက်ခံထားခြင်းမှာ ပါတီ၌ အခြားရည်ရွယ်ချက်တခု ရှိနေသည့်အတွက်လည်း ဖြစ်ပါ သည်။ ၎င်းအချက်မှာ ရခိုင်ပြည်နယ်ပါတီကော်မတီအနေဖြင့် ပါတီဗဟိုနှင့် အဆက် အသွယ်ရရှိရေး ရည်ရွယ်ချက်ဖြစ်ပါသည်။ ပါတီဗဟိုနှင့် အဆက်အသွယ်ပြုရန် တောလမ်းမှသွားရမည်ဆိုလျှင် မုချ မီဇိုနယ်ကို ဖြတ်သန်းရမည်။ ထိုအခါ မီဇိုက လမ်းပြအကူ အညီပေးနိုင်စေဖို့ ဖြစ်ပါသည်။ သို့ရာတွင် ဤအလုပ်ကိုပင် မီဇိုများက လုပ်မပေးလိုကြပါ။

သူတို့လုပ်မပေးချင်ကြသည်မှာလည်း အကြောင်းရှိပါသည်။ သူတို့သည် တရုတ်ပြည်သို့ရောက်ဖူးပြီး၊ တရုတ်ပြည်မှ လက်နက်တချို့၊ စစ်သုံးပစ္စည်းတချို့ကို နည်းလမ်းအမျိုးမျိုးဖြင့် တောင်းခံရရှိဖူးခဲ့ပါပြီ။ ကျမတို့သာ ပါတီဗဟိုသို့သွားရင်း တရုတ်ပြည်ဘက်ဖြတ်၍ တရုတ်ပြည်နှင့် ဆက်သွယ်မိလျှင် သူတို့အကြောင်းတွေ အားလုံး တရုတ်ဘက်မှ သိရှိသွားပြီး သူတို့ဘာမှ နောက်ထပ် မရတော့မှာကိုလည်း စိုးရိမ်သည်။ တရုတ်ပြည်နှင့်ဆက်သွယ်ရာတွင် ကျတို့ပါတီနှင့် သူတို့ မယှဉ်သာမှန်း လည်း သိသည်။ ထို့ကြောင့် ကျမတို့ ပါတီဗဟိုနှင့် ဆက်သွယ်ရေးကို သူတို့ အကူအညီ မပေးလိုကြခြင်း ဖြစ်၏။

ကျမတို့တပ်မှ ရဲဘော်များကလည်း မီဇိုတွေနှင့် ပူးတွဲလှုပ်ရှားမှု မပြုလို တော့ပါ။ သူတို့သည် အလွန်ကြောက်တတ်ပြီး အမြဲတမ်း သတ်မှတ်နေရာ မရောက်မီ ကြောက်လန့်တကြီး သေနတ်ပစ်ဖောက်တတ်ကြသည်။ သူတို့အားသန်သည်မှာ အဝေးမှနေ၍ လက်နက်ကြီးများနှင့် ပစ်ခတ်ရေးသာ ဖြစ်သည်။ သူတို့တပ်ဖွဲ့သည် ပြောက်ကျားတပ် မဆန်ကြပါ။

မီဇိုများသည် ရခိုင်တော်လှန်ရေးဒေသတွင် (၃) နှစ် ကြာမျှ ခိုလှုံနေထိုင် သွားခဲ့သည်။ ရခိုင်တော်လှန်ရေးဒေသမှ ပါတီ၏ဘဏ္ဍာရေးသည်လည်း ကုန်သလောက် နီးပါးပါပဲ။ သူတို့ကတော့ ကျွေးထားမယ့်သူ ရှိနေရင် ပြန်ဖို့ လုံးဝ မစဉ်းစားကြသူတွေပါ။ ပထမတွင် သူတို့ကို ပြန်ကြဖို့ သွယ်ဝိုက်ပြီး ပြောသည်။ သူတို့က တုတ်တုတ်မျှ မလှုပ်။ သည်တော့ မတတ်သာတော့ပဲ ပြောင်ဖွင့် ဆွေးနွေးပြောပြရပါတော့သည်။ ငါတို့ဟာ လည်း လွတ်မြောက်သေးတာ မဟုတ်ပါ။ မိမိဘာသာ ခက်ခဲပင်ပန်းစွာ လုံးပန်းတိုက် ခိုက်နေရတာ ဖြစ်တယ်။ ဒါကြောင့် ခင်ဗျားတို့ကို ရေရှည် လက်ခံထားရန် မတတ်နိုင်ပါ။ ဒါကြောင့် ခင်ဗျားတို့လည်း ခင်ဗျားတို့ ရည်မှန်းချက်ပေါက်မြောက်အောင် ကိုယ့်နိုင်ငံ ကိုယ်ပြန်ပြီး လုံးပန်းကြပါ... ဆိုသည့်သဘောမျိုး ဆွေးနွေးပြောဆိုပြီး အပြန်ခိုင်းရသည်။ ထိုသို့ ဆွေးနွေး ပြောဆိုမှသာ သူတို့ ပြန်ကြတော့သည်။

သို့ရာတွင် သူတို့သည် အင်အားတချို့သာ သူတို့နိုင်ငံသို့ ပြန်လွှတ်ပြီး သူတို့ ဌာနချုပ်ကတော့ ကျမတို့နိုင်ငံဖြစ်သော ပလက်ဝမြစ်ဖျားမှာပဲ စခန်းချထားသည်။ သူတို့အား ပါတီက လက်ခံထားခြင်း မပြုတော့ သည့်အတွက်လည်း သူတို့က ကျေနပ်ပုံ မရပါ။

သည့်နောက် အချိန်တချိန်တွင် ကျမတို့ပါတီမှ တော်လှန်ရေး ဒေသသစ် တိုးချဲ့ရေးစီမံကိန်းအတွက် တပ်အင်အား(၃၀) ကို ခရိုင်ကော်မတီ တယောက် ဦးဆောင် စေပြီး ပလက်ဝမြစ်ဖျားဘက် စေလွှတ်လိုက်သည်။ ထိုဒေသသည် ကျမတို့ရဲဘော်တွေ အတွက် ဒေသသစ်ဖြစ်ပါသည်။ စိမ်းနေပါသေးသည်။ ရဲဘော်တွေက ဒေသ၏နယ်မြေ အနေအထားကို ကျွမ်းကျင်မှု မရှိကြသေးပါ။ မီဇိုအဖွဲ့ကတော့ ထိုဒေသ တောတောင် ရေမြေကို ကျွမ်းကျင်နေကြပြီး ဖြစ်သည်။

ကျမတို့အဖွဲ့မှ ရဲဘော်များ သူတို့အဖွဲ့နှင့်တွေ့ရာ သူတို့က “မင်းတို့ဟာ ငါတို့ ကျေးဇူးရှင်တွေ ဖြစ်တယ်။ ဒါကြောင့် ငါတို့စခန်းမှာပဲ အရင်ဆုံး အခြေခံပြီး အတူတူ လှုပ်ရှားကြတာပေါ့”ဟု ဆိုကာ သူတို့စခန်းသို့ ကျမတို့ ဒေသသစ်တိုးချဲ့ရေး တဖွဲ့လုံးကို ခေါ်ယူသွားခဲ့သည်။ သူတို့သည် ရဲဘော်များကို ထမင်းကျွေးဧည့်ခံသည့်ပုံမျိုး ဟန်ဆောင် ပြီး ကျမတို့ရဲဘော်အားလုံးကို လက်နက်သိမ်းပြီး ဖမ်းဆီးလိုက်ပါတော့သည်။ ထိုမျှသာ မကသေးပါ။ ရဲဘော်အားလုံးကို သတ်ဖြတ်ပြီး ခေါင်းတွေကိုဖြတ်ကာ ပလက်ဝမြို့ရှိ ရန်သူ့ စခန်းသို့ သွားရောက်ပို့ဆောင် အပ်နှံလိုက်သေးသည်။ အသက် သွေးတွေပေးပြီး ရလိုက်သော ကြီးမားသည့် သင်ခန်း စာတရပ်ပါပေ။

ထိုအဖွဲ့ထဲမှ ခေါင်းဆောင်လုပ်သူ တဦးသာ လွတ်လာသည်။ သူသည်လည်း ထွက်ပြေးလာ၍ လွတ်လာခြင်း ဖြစ်သည်။ မိမိနယ်ကို ရောက်သည်အထိ ၄–ရက်တိတိ ထမင်းမစားခဲ့ရ၊ တောင်ယာဟောင်းတခုထဲက ရရှိသော ကျောက်ဖရုံသီးတလုံးကို တနေ့နည်းနည်းစီစားပြီး တောင်ကြီး တောင်ငယ်တွေကို ကျော်ဖြတ်လာရခြင်း ဖြစ်သည်။ မိမိတို့ နယ်ထဲ ပြန်ရောက်လာသည့်အခါ ထမင်းပဲ အတင်းတောင်းနေသဖြင့် လူထုက လည်း သူ အစားအစာနှင့် ရက်တချို့ကင်းကွာခဲ့ရသည့်အခြေအနေကို မသိသဖြင့် သူ စားလိုသည့်အတိုင်း ပေးကျွေးလိုက်ပါသည်။ ဝတ်ဝတ်နှင့် သူ ထမင်းစားလိုက်ရာ ချက်ချင်းတော့ မသေပါ။ အစာပြတ်နေရာမှ ရုတ်တရက် တဝစားလိုက်သဖြင့် သူ ဝမ်းဖောဝမ်းရောင် ဖြစ်ကာ ကျဆုံးသွားရှာပါသည်။

သည်ခေါင်းဆောင်ရဲဘော်မှာ ရဲဘော်ကြီး စံလှဖြူ(ခမီးအမျိုးသား) ဖြစ် ပါသည်။

## ရခိုင်ပြည်နယ်တော်လှန်ရေး၏အခက်အခဲ ကာလ

၇၅–ခုနှစ် နောက်ပိုင်းတွင် ရန်သူသည် ရခိုင်ပြည်နယ် တော်လှန်ရေးဒေသကို ဖြတ်လေးဖြတ်လုပ်ပြီး ထိုးစစ်ဆင်လာပါသည်။

ကျမတို့ ပြည်နယ်ကော်မတီရှိသည့် စခန်းကိုလည်း တောနင်း၍ ပိုက်စိပ်တိုက် ရှာဖွေခြင်း လုပ်လာသည်။ ချောင်းဖျားက ရွာတွေဆိုလျှင် ချောင်းဖျားမှာ နေဖို့ ခွင့်မပြုတော့ဘဲ ရွာဖျက်ပြီး အောက်ဘက်ကွင်းပြင်ဆီ ခေါ်စုတာအထိ လုပ်လာသည်။ ကျမတို့စခန်းအဖွဲ့သည်လည်း ရှောင်ရ တိမ်းရ အလွန်ခက်ခဲလာသည်။ ပါတီအနေဖြင့် မတတ်သာတော့ဘဲ လူလျှော့ပေါ့ရေး လုပ်လာရသည်။ စခန်းတွေ လေးလံနေသော အခြေအနေကို ပြောင်းလဲပစ်ရတော့မည် ဖြစ်ပါသည်။ ထို့ကြောင့် စခန်းရှိ အိမ်ထောင်သည်များကို မိမိတို့ဇာတိရပ်ရွာသို့ ယာယီ ပြန်နေကြရန် ပြန်ပို့ပေးလိုက်ရသည်။ ကျမတို့စခန်းတွင် ကိုယ့်ရပ်ကိုယ့်ရွာ ပြန်နေ၍ မရသော မိသားစု နှစ်ခုသာ ကျန်ရှိနေပါ တော့သည်။ မိသားစုတခုက ကျမတို့မိသားစုဖြစ်၍ ကျန်မိသားစုတခုက ဗိုလ်ကြီး တင်မောင်တို့ မိသားစု ဖြစ်ပါသည်။

ဗိုလ်ကြီးတင်မောင်တို့မိသားစုသည် ဗမာအမျိုးသား မိသားစုလည်းဖြစ်၊ ဆက်သွယ်ရေးတာဝန်ခံလည်း ဖြစ်သည့်အတွက် ရန်သူက အလွန်အလေးထားပါသည်။ ရန်သူ လိုချင်–ဖမ်းဆီးချင်နေသော မိသားစု ဖြစ်သည်။ ကျမတို့မိသားစုကိုတော့ ရန်သူက အသေရရ–အရှင်ရရ ဆုငွေပေးမည်ဟု ကြေညာထားသော မိသားစု ဖြစ်နေသည်။ သည်မိသားစု နှစ်ခုသည်လည်း အတူတကွ တစခန်းတည်းမှာ မနေကြရဘဲ တစုစီခွဲနေ ကြရသည့်အတွက် ကျမတို့သည်ဘက်ထွက်လာခါနီးအချိန်အထိ ပြန်လည်မတွေ့ ဆုံကြရတော့ပါ။

ကျမတို့စခန်းသည် အမြဲ အသင့်အနေအထားမှာ ရှိနေကြရပါသည်။

ကျမတို့၏ ပြည်နယ်ပါတီကော်မတီ ရုံးစိုက်ရာစခန်းသည် ကျမရောက်ရှိပြီး ချိန်မှစ၍ ရန်သူနှင့် ၃–ကြိမ် ၃ခါ တွေ့ဆုံတိုက်ပွဲ ဖြစ်ခဲ့ရသည်။ အထက်မှာ ဖော်ပြပြီးခဲ့သည့် အတိုင်း ၁၉၆၉–ခုနှစ်မှာ တခါ၊ ၁၉၇၆–ခုနှစ်မှာ တခါနှင့် ၁၉၇၈–ခုနှစ်မှာ တခါ စခန်းကို ရန်သူလာရောက်တိုက်ခိုက်ခဲ့ပါသည်။

၁၉၇၆–ခုနှစ်၊ ရန်သူလာထိုးသည့်အခါ ကျမတို့စခန်းအတွင်းမှာ တိုက်ပွဲ မဖြစ်ပွားခဲ့ပါ။ ကျမတို့က ငါးမိနစ်ခန့်စောပြီး စခန်းမှ ထွက်ခွာလာနိုင်ခဲ့၍ ဖြစ်သည်။

ကျမတို့ စခန်းကထွက်ခွာလာခဲ့ကြသည့်အချိန်တွင် ညနေ ၅–ရီ ရှိနေပြီ ဖြစ်သဖြင့် မကြာမီမှာပဲ မိုးချုပ်သွားသဖြင့် ဝေးဝေးမသွားနိုင်တော့ဘဲ စခန်းနှင့် သိပ်မဝေးလှတဲ့ နေရာမှာပဲ ညအိပ်ကြရသည်။ ညအိပ်တယ်ဆိုတာထက် ညနားကြတယ် ဆိုတာက ပိုမှန်လိမ့်မည်ထင်ပါသည်။ ထိုညမှာ ရဲဘော်အားလုံး ငုတ်တုတ်ထိုင်ပြီး သတိကြီးစွာနှင့် နေခဲ့ကြရပါသည်။

ရန်သူသည်လည်း စခန်းတွင်း ဝင်ရောက်လာပြီးနောက် လူမတွေ့သည်နှင့် စခန်းကို မီးရှို့ပြီး ရွာဘက် ပြန်ဆုတ်သွားကြသည်။ ကျမတို့လည်း မိုးမလင်းမီ ထမင်းချက် ပြီး မိုးလင်းသည်နှင့် ခရီးစထွက်ကြသည်။

ရန်သူသည် အရပ်သားများကို ခေါ်ယူပြီး ကျမတို့ ရှိရာကို လိုက်လံပြသဖို့ အတင်းအကြပ်အမိန့်ပေးတော့သည်။ အရပ်သားများမှာ မတတ်သာတော့၍ ကျမ တို့ရဲဘော်တွေ တောင်ယာခုတ်ချိန်က ခေတ္တနေထိုင်ခဲ့သော တဲကလေးများရှိရာ နေရာကို ပြသရန် ရန်သူကို ခေါ်အလာ၊ ကျမတို့ကလည်း စခန်းဟောင်းကို အဖြတ် ထိပ်တိုက်တိုးမိ ကြ၍ တိုက်ပွဲ ဖြစ်ပွားပါတော့သည်။

သည်တိုက်ပွဲမှာ ကျမသမီး စန်းစန်း ဒဏ်ရာရသည်။ ဒုတိယသမီးနှင့် သား လည်း တကွဲတပြားစီ ဖြစ်သွားသည်။ သမီးရီရီက သူ့ကို ချီပိုးထားသော ရဲဘော် အောင်ထွန်းစိန်နှင့်အတူ သူတို့နှစ်ဦးတည်း ကွဲသွားခြင်း ဖြစ်သည်။ သူတို့ နှစ်ယောက်သည် ရန်သူရှိနေသည့် ရွာထိပ်ကို ရောက်သွား၍ ရဲဘော်အောင်ထွန်းစိန်သည် ဆက်လက်မသွားတော့ ဘဲ ရွာထိပ်တောင်ပေါ်မှာပဲ ကလေးကို ပွေ့ပြီး တညအိပ်ခဲ့ ရသည်။ မနက်မိုးလင်းတော့ သူက ကလေးကို တောင်ထိပ်မှာ အသာငြိမ်၍ ထိုင်နေရန်

မှာကြားထားပြီး သူက ရွာတွင်း တိတ်တဆိတ်ဝင်ကာ ထမင်းနှင့် စားစရာများ တောင်း သည်။ ရလာသောအခါ ကလေးကို ထမင်းကျွေးပြီး ခရီးဆက်ခဲ့ရာ နေ့လည်ပိုင်းတွင် ကျမတို့အဖွဲ့နှင့် ပြန်တွေ့ကြသည်။

သားကတော့ ထိုစဉ်က ပြည်နယ်ကော်မတီဝင်တဦးဖြစ်သူ ဦးရဲထွန်း(ခေါ်) ရဲဘော်ထွန်းအောင်ဖြူ အဖွဲ့နှင့် ပါသွားသည်။ ကျမတို့စခန်းသည် ရန်သူထိုးလာ၍ ဖြစ်စေ၊ ရန်သူ့သတင်းကြားသိ၍ဖြစ်စေ စခန်းဆုတ်ခွာသည့်အခါ အဖွဲ့လိုက် စနစ်တကျ သွားကြရသည်။ ကျမတို့က အမြဲတမ်း အလယ်အဖွဲ့မှာ နေရသည်။ သို့ရာတွင် သွားရင်းလာရင်းဖြင့် နောက်အဖွဲ့နှင့် အလယ်အဖွဲ့တို့မှာ အမြဲနီးကပ်နေတတ်သည်။ ကလေးနှင့်ကျမ အကြာကြီး ကွဲကွာမသွားရခြင်းမှာ ထိုအကြောင်းကြောင့်ပင် ဖြစ်သည်။

ရန်သူထိုးလာလျှင် ခေါင်းဆောင်များကို ကာကွယ်ရန် အမြဲတမ်း သီးသန့် ရဲဘော် (၃) ယောက်မှ (၅) ယောက်အထိ တာဝန်ပေးထားတတ်သည်။ သူတို့မသေဘဲ ခေါင်းဆောင်များ မသေစေရ–ဆိုသည့် ကြီးလေးသည့်တာဝန်ပါ။ ထိုစဉ်က ဦးရဲထွန်း၏လုံခြုံရေးအတွက် တာဝန်ယူထားသောရဲဘော်နှင့် ကျမသားကို ချီပိုးခေါ် ဆောင်လာသော ရဲဘော်တို့သည် ကျမတို့မသိလိုက်ဘဲ ကလေးနှင့် အထုပ် လဲပြီးထမ်း ကြသတဲ့။ ထိုအချိန်မှာပဲ တိုက်ပွဲဖြစ်လာတော့ ခေါင်းဆောင်၏လုံခြုံရေးကို တာဝန် ယူထားရသော ရဲဘော်သည် ကလေးတဖက်၊ ခေါင်းဆာင်လုံခြုံရေးတဖက်နှင့် ဗျာများ သွားရတော့သည်။ သူသည် ခေါင်းဆောင်လုံခြုံရေးအတွက်သာမက ကလေး လုံခြုံရေး အတွက်ပါ တာဝန်ယူရတော့သည်။ သူသည် စက်ကလေးထမ်းသော ရဲဘော်လည်း ဖြစ်သည်။ ထို့ကြောင့် သူသည် ကလေးကို ကျောမှာပိုးထားရင်းက ရန်သူကို စက်ကလေးနှင့် ပစ်ခတ်ရသည်။ ထို့ကြောင့် သားမှာ ၃–ရက်လောက် နားအူသွားရုံမက စကားလည်း မပြောနိုင်မဆိုနိုင် ဖြစ်သွားရှာသည်။ ထိုစဉ်က သားမှာ ၃–နှစ်ခွဲ အရွယ် သာရှိပါသေးသည်။ ဆီးဝမ်းလည်း မထိန်းနိုင်တော့ပါ။ ရဲဘော်တွေက သားကို ကိုယ့်သားသမီးသဖွယ် စောင့်ရှောက်ကြရုံမက အညစ်အကြေးသုတ်သင်၊ အညစ် အကြေးပေလူးနေသော အဝတ်ကအစ လျှော်ဖွပ်ပေးခဲ့ကြပါသည်။ သူတို့အဖွဲ့နှင့် ကျမတို့အဖွဲ့ နောက် ၅–ရက်အကြာမှ ပြန်လည်ဆုံတွေ့ နိုင်ကြပါတော့ သည်။

ဒါက ၇၆–ခုနှစ် စခန်းအတိုက်ခံရစဉ်က အဖြစ်အပျက်ပါ။

## ပါတီဗဟိုစခန်းဆီသို့

ထိုအချိန်မှစ၍ ကျမတို့စခန်းသည် တည်ငြိမ်မှု သိပ်မရှိလှတော့ပါ။ မကြာ ခဏဆိုသလို စခန်းကို ပြောင်းရွှေ့ပြီး နေထိုင်လာခဲ့ကြရသည်။

ဤသို့ဖြင့် (၁၉၆၉–ခုနှစ် စခန်းအတိုက်ခံခဲ့ရစဉ်က ၂–ရက်သမီးလေးသာ ရှိခဲ့သေးသော) သမီးကြီးသည် ၉–နှစ်နှင့် ၃–လအရွယ် ၁၉၇၈–ခုနှစ်၊ ၈–လပိုင်းတွင် တိုက်ဖွိုက်ခေါ် အူရောင်ငန်းဖျားရောဂါဖြင့် ဆုံးပါးသွားရရှာပါသည်။ ထိုအချိန်မှာ သူ့ဖခင် ရဲဘော်ကျော်မြမှာလည်း မကျန်းမာပါ။ သွားတွေကျိုး၊ သွားတွေကိုက် အဖျားလည်း တက်လာသဖြင့် “လူထူလူထ”အခြေအနေပါ။

ထိုစဉ်က ကျမသည် ဘာအတွေ့အကြုံမှလည်း မရှိ၊ ဗဟုသုတကလည်း နည်းသည့်အထဲ ကလေးအဖေရော၊ သူ့သမီးပါ မကျန်းမမာဖြစ်ချိန်တွင် ဗျာများ နေခဲ့ရ ပါသည်။ ထိုအချိန်က ဆရာဝန် ရဲဘော်ကြီး ကျော်စိန်ဦးသည်လည်း ခရိုင်ဆေးရုံ တွင် ဒဏ်ရာရရဲဘော်ကို ခြေထောက် ဖြတ်ရန်ရှိသဖြင့် ရဲဘော်ကြီး ကျော်ဦးဖြူကိုပါ အတူခေါ် ထား၍ ဆရာဝန် နှစ်ဦးစလုံး ဆေးရုံတွင် ရောက်ရှိနေကြချိန် ဖြစ်ပါသည်။ ထို့ကြောင့် ၂–နှစ်သင်တန်းဆင်းစ ရဲဘော်သာမောင်နှင့်သာ ကုသကြရသည်။ သမီးလေးသည် ဖျားပြီး ၂၁–ရက်အကြာမှာ ဆုံးပါးသွားရခြင်း ဖြစ်သည်။ ဆရာဝန် ရဲဘော်ကြီး ကျော်စိန်ဦး ပြန်ရောက်လာသော်လည်း သမီးလေး အသက်မမှီတော့ပါ။

ကျမသည်လည်း ဆုံးပါးသွားရှာသော သမီးလေးအတွက် သောကတွေ ကြောင့် မအိပ်နိုင်မစားနိုင်နှင့် အိပ်ရာထဲ လဲပါတော့သည်။ သည့်အတွက် ဆေးထိုးကု သရာက တင်ပါးတွင် အနာဖြစ်လာခဲ့ပြီး ခွဲစိပ်ကုသရသည့်အဖြစ် ရောက်ခဲ့ရပါသည်။

ကျမတို့စခန်းသည်လည်း တဖက်နိုင်ငံဘက်ဆီ မကြာခဏကူးပြီး ခိုလှုံရသည့် အနေအထား ဖြစ်လာသည်။

၁၉၇၈–နှစ်အတွင်း ရန်သူက ကျမတို့စခန်းသို့ လာတိုက်ရာတွင် ကျမတို့ ပါဝင်ခဲ့ရသည့် နောက်ဆုံးတိုက်ပွဲလည်း ဖြစ်ပါသည်။ ထိုတိုက်ပွဲတွင် ဗဟိုမှ စေလွှတ်လိုက် သူ ရဲဘော်သန်းမောင်(ကွယ်လွန်) လည်း ပါဝင်ခဲ့သည်။ ထိုစဉ်က ရန်သူသည် ကျမတို့ စခန်းကို နောက်ကျောဘက်မှ ဝင်တိုက်ရန် အင်အားအလုံးအရင်းဖြင့် တက်လာနေ ကြသည်။ ထိုရန်သူ ကျမတို့ဆီ ရောက်မလာမီ ရှေ့မှလာသည့်ရန်သူနှင့် ကျမတို့ ကင်းတပ်ဖွဲ့ အရင်တိုးမိပြီး တိုက်ပွဲစဖြစ်ခဲ့သဖြင့် ကျမတို့တစခန်းလုံး သက်သက် သာသာနဲ့ ဆုတ်ခွာနိုင်ခဲ့ကြသည်။ ရန်သူက ကျမတို့ထံ အဝေးမှနေ၍ လက်နက် ကြီးများဖြင့် လှမ်းပစ်တာလောက်သာ ခံကြရပါသည်။

သည့်နောက်မှာမူကား ကျမတို့စခန်းသည် နယ်စပ်ချောင်း ဖြစ်သော ရေကြည်ချောင်းဘက်မှာသာ အခြေချကြရပါတော့သည်။ ရေကြည်ချောင်းသည် တဖက်နိုင်ငံနှင့် ပိုနီးကပ်ပါသည်။

ကျမတို့၏ ပြည်နယ်တပ်၊ ခရိုင်တပ်နှင့် စခန်းတချို့ကတော့ ကိုယ့်နယ်၊ ကိုယ့်ဒေသတွင်သာ ရှိနေကြပါသည်။

ပြည်နယ်အတွင်းရေးမှူးသည် ပါတီဗဟိုမှလည်း ခေါ်ယူနေသဖြင့် ပါတီဗဟို သို့သွားရန် နောက်တကြိမ် ထပ်ပြီး ကြိုးစားရပြန်သည်။ ပြည်နယ်တပ်ဖွဲ့နှင့်အတူ တောလမ်းအတိုင်းသွားခဲ့ရာ မီဇိုနယ်ကိုပဲ ဖြတ်ရသည်။ မီဇိုနယ်မြေကို ခိုးဖြတ်ရန် ကြိုးစားသောအခါ နယ်မြေဒေသ မကျွမ်း၍ မီဇိုများထံ သတင်းပေါက်သွားပြီး ဖြတ်သွား ၍မရဘဲ ဖြစ်သွားခဲ့ရသည်။ မီဇိုများက “လက်နက်နှင့် မဖြတ်ပါနဲ့။ လက်နက်မဲ့ ဖြတ်ပါ”တဲ့။ လက်နက်မဲ့ တော့ ဘယ်သူက ဖြတ်မှာတဲ့လဲ။ သူတို့အကြောင်း သိသွားပြီ၊ တခါသေဖူး၊ ပျဉ်ဖိုး နားလည်ခဲ့ပြီပဲ။

ထို့ကြောင့် နောက်ကြောင်းအတိုင်း လှည့်ပြန်ခဲ့ရသည်။

၁၉၇၆–ခုနှစ်ကျမှပဲ ပါတီဗဟိုထံသို့ မိသားစုလိုက် နောက်တကြိမ် ထွက်ခွာ ရောက်ရှိခဲ့ရခြင်း ဖြစ်ပါသည်။

## ပြဿနာများ

ပါတီအလံတော်အောက်မှ ရခိုင်ပြည်နယ် တော်လှန်ရေးအကြောင်း အထက် တွင် ကျမ ရေးသားဖော်ပြခဲ့ရာတွင် ရဲဘော်များ၏ ကောင်းမွန်သည့် စိတ်ဓာတ်အခြေ အနေကိုသာ အလေးပေးဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဘယ်အရာမဆို အကောင်းနှင့် အဆိုး ဒွန်တွဲလျက် တည်ရှိနေတတ်စမြဲပါ။ ထို့ကြောင့် 'မ'တရာသားများဖြင့် စုစည်းထားရသော ရခိုင်တော်လှန်ရေးတွင်လည်း ချွတ်ယွင်းချက်များ၊ ပြဿနာများ လုံးဝ ကင်းစင်နိုင်လိမ့်မည် မဟုတ်ပါ။ ထို ချွတ်ယွင်း ချက်နှင့် ပြဿနာများအကြောင်း ကျမ မဖော်ပြဘဲ ချွင်းချန်ထားခဲ့လျှင် သဘာဝကျမည် မဟုတ်သလို သင်ခန်းစာများလည်း ရယူနိုင်လိမ့်မည် မဟုတ်ပါ။

ပါတီ၏တော်လှန်ရေးရဲဘော်များသည် ပစ္စည်းမဲ့ အလံတော်အောက်မှာ ပစ္စည်းမဲ့ဘဝကို ပြောင်းလဲခံယူလာခဲ့ကြသော်လည်း မိမိတို့ ပင်ကိုယ် လူတန်းစားဗီဇသည် နတ်ရေကန်ထဲချလိုက်သလို အဆိုးတွေ ချက်ချင်းပျောက်ပြီး အကောင်းတွေချည်း ချက်ချင်း ရောက်လာသည် မဟုတ်ပါ။ မိမိတို့၏ ပင်ကိုယ်လူတန်းစားဗီဇများ မကုန်စင်နိုင်ကြ သေးသဖြင့် ပညာတတ်နှင့် ပညာမတတ်သူတို့ကြားမှ ပြဿနာ၊ မြို့သားနှင့် တောသူ တောင်သားတို့ကြားက ပြဿနာ၊ အမျိုးသမီး အမျိုးသား ပြဿနာ စသဖြင့် ပြဿနာ အမျိုးမျိုး ဖြစ်ပေါ် တည်ရှိနေတတ်ပါသည်။

အထူးသဖြင့် အခက်အခဲများလာသည့်အခါ ပြဿနာလည်း များလာတတ် ပါသည်။ စိတ်ဓာတ်ကျဆင်းလာသည့်အချိန်တွင် ပြဿနာများသည် ပိုမို ဖြေရှင်းရ ခက်လေ့ရှိပါသည်။ အခက်အခဲနှင့်ဧ တွေ့ကြုံရချိန် စိတ်ဓာတ်ကျသွားလျှင် ပြန်တက်အောင် လုပ်ရာမှာ အခက်အခဲ အများကြီး ကြုံတွေ့ရတတ်သည်။

ကျမတို့စခန်းသည် ၇၈–ခုနှစ်နောက်ပိုင်းတွင် နေရတာကလည်း တဖက်နိုင်ငံ (သို့မဟုတ်) တဖက်နိုင်ငံအနီး နယ်စပ်တောထဲမှာ။ စားရတာကလည်း နေ့တိုင်း မျှစ်ပြုတ်။ နေ့တိုင်း မိမိဝမ်းစာအတွက် မိမိဘာသာ တောင်ယာခုတ်ကြရသေးသည်။ အမှန်ပင် အခက်အခဲ အတော်ကြီးမားလာသည့် အချိန် ဖြစ်ပါသည်။

ထို့ကြောင့် ပါတီသည် မတတ်သာပဲ စခန်းကိုလူလျှော့၊ အိမ်ထောင် သည်များကို ပြန်ပို့...စသဖြင့် စီစဉ်ခဲ့ရပါသည်။ ဒါ့အပြင် လူလွတ်ရဲဘော်များကိုလည်း ယာယီအားဖြင့် အိမ်ထောင်မပြုကြဖို့ တောင်းဆိုရပါတော့သည်။

ဒီအခြေအနေတွင် ပြဿနာတွေ ပိုများလာသည်။ အထူးသဖြင့် အမျိုးသမီး အမျိုးသား ပြဿနာတွေ ပိုများလာသည်။ နိုင်ငံရေးပြဿနာတွေ ဖြေရှင်းရာမှာတော့ သိပ်ပြီး အခက်အခဲမကြီးလှပါ။ အတွေးအခေါ် လိုက်ပါနိုင်သလောက် လိုက်ပါ။ လိုက်ပါ နိုင်သလား–မလိုက်ပါနိုင်ဘူးလားဆိုတာ ကိုယ့်ဘာသာ ဆုံးဖြတ်။ ဘယ်သူ့ကိုမျှ အတင်းအကြပ်ခေါ်ထားတာ မရှိပါ။ မလိုက်ပါနိုင်ဖူးဆို ပြန်ဖို့ပဲ။ သည်လမ်းသာ ရှိသည်။ အတွေးအခေါ် အရ စိတ်ဓာတ်ကျလာသော ရဲဘော်ကို ၃–ကြိမ် ၃– ခါတိတိ ကူညီဆွေး နွေး အားပေးတာ လုပ်သည်။ သည်လိုလုပ်သည့်တိုင် မိမိအတွေးအခေါ် မိမိ မပြင်နိုင်ဘူး ဆိုလျှင်တော့ သွားပေရော့ပဲ။ ကိုယ့်နေရာ ကိုယ်ပြန်ကြဖို့ပဲ။

ဒါပေမဲ့ အမျိုးသမီးနှင့် အမျိုးသားများအကြားဖြစ်ပွားသည့် လူမှုရေး ပြဿနာကတော့ အလွန်ဖြေရှင်းရ ခက်သည့် ပြဿနာဟု ကျမ ထင်ပါသည်။ ဥပမာ– တပ်မှူးတယောက်သည် တိုက်ခိုက်ရေးဘက် တွင်လည်း တက်ကြွစွာ ပါဝင်သည်။ အတွေး အခေါ်နှင့် ခံယူချက်အရလည်း ပါတီနှင့် ဖက်သေမည့်သူ ဖြစ်နေသည်။ သည်လိုလူက လူမှုရေးပြဿနာကို ကျူးလွန်မိသောအခါ ပြဿနာကို ဖြေရှင်းရေးမှာ အတော့်ကို ခက်ပါသည်။

သူ့ကို ပစ်ပယ်လိုက်ရမှာလည်း ဒီလို တပ်မှူးမျိုးတယောက် ထွက်ပေါ်လာဖို့ မလွယ်ကူပါ။ သည်အတိုင်း ဆက်ထားပြန်လျှင်လည်း ဂယက်က မကောင်း။ နောက်လူ တွေကို ပညာပေးဖို့ အလွန်ခက်သွားလိမ့်မည်။ ပစ်ရမှာလည်း အဆီနှင့်ဝင်းဝင်း၊ စားရမှာကလည်း သဲနှင့် ရှပ်ရှပ်ဆိုသည့် ပြဿနာမျိုးဟု ထင်ပါသည်။ အထူးသဖြင့် ယာယီအိမ်ထောင်မပြုရ– ဆိုသော စည်းကမ်းချက်ထွက်လာပြီးနောက် သည်ကဲ့သို့ သော လူမှုရေးပြဿနာများ ပိုမို ကြီးမားလာခြင်း ဖြစ်သည်။

ဒါပေမဲ့ ပြည်နယ်အတွင်းရေးမှူး၏စိတ်ဓာတ်ကတော့ အားလုံးသိကြသည့် အတိုင်းပါပဲ။ ပညာပေးသည်။ ပညာပေး၍မရလျှင်တော့ ဘာပဲဖြစ်ဖြစ် သွားပေတော့ ဆိုပြီး အတွဲလိုက် ပါတီနှင့်တပ်ထဲမှ ထုတ်ပယ်ပစ်လိုက်သည်။

သည်သို့နှင့် တပ်၏တိုက်ခိုက်ရေးအင်အားသည်လည်း ကျဆင်းလာသည်။ ရခိုင်ပြည်နယ်တော်လှန်ရေး၏အခြေအနေသည် အကြပ်အတည်း ပိုမိုကြီးမားလာခဲ့ သည်။ ဝေဖန်များသည်လည်း ပြင်းထန်သထက် ပြင်းထန်လာသည်။ ဝေဖန်ရေးကြောင့် မလိုလားအပ်သော အဖြစ်အပျက် တွေလည်း ဖြစ်ပျက်ခဲ့ရပါသည်။

သို့သော်လည်း ရဲဘော်အများစုကြီးက ရခိုင်ပြည်နယ်တွင် တော်လှန်ရေး အလံတော်ကို အခက်အခဲများအကြားမှ အံခဲရုန်းကန်ရင်း ဆက်လက်လွှင့်ထူထားခဲ့ ကြပါသည်။

## လွမ်းသူ့ပန်းခွေ

“နှစ်တွေ× × ×လတွေ× × ×အချိန်တွေ ကြာညောင်း× × ×ရာသီအပေါင်းတွေ ဘယ်လိုပဲ ပြောင်းပစေ× × ×ကျဆုံးသူ ရဲဘော်အပေါင်းတွေ× × ×အသက်သွေးတွေ လှူခဲ့ပေ× × ×သြော်× × ×မမေ့နိုင်ပေ× × ×တမ်းတကာနေ ဖြေမပြေ× × ×လွမ်းသူ့ပန်းခွေ လှမ်းလင့်ကာပဲ ခြွေ× × ×”

ကျမစာရေးနေရင်း အိမ်မှာဖွင့်ထားသော တိတ်ခွေကြိုးပြားထဲမှ ပေါ်ထွက် လာသော ကျမတို့ပါတီ၏ သည် “လွမ်းသူ့ပန်းခွေ”သီချင်းသံကြောင့် ရေးလက်စ စာကို ခဏ ရပ်နားထားလိုက်ရပါသည်။ သီချင်းသံနှင့် အတူ ဖြစ်ပေါ်လာသော ခံစားချက်ကြောင့် ရခိုင်ပြည်နယ်တွင် ပြည်နယ်ပါတီအတွင်းရေးမှူးအဖြစ် နှစ်ပေါင်းများစွာ တာဝန် ထမ်းဆောင်ခဲ့သော ကျမ၏ခင်ပွန်းသည် ရဲဘော်ကျော်မြနှင့်တကွ ရခိုင်ပြည်နယ်မှာ တော်လှန်ရေးအတွင်း ကျဆုံးသွားသော အာဇာနည်ရဲဘော်များ၊ သူရဲကောင်းများ၊ ခေါင်း ဆောင်များတို့၏ရုပ်သွင်ပုံရိပ်များကိုလည်း မျက်ရည်များကြားမှ ဝိုးတဝါး ပြန်လည် မြင်ယောင်လာမိပါသည်။ ကျမ မမေ့နိုင်သော သည်ရဲဘော် များသည် လေးစားဂုဏ်ပြု အပ်သော ရဲဘော်များ ဖြစ်ကြပါသည်။ သူတို့ အတွက် ရခိုင်ပြည်နယ်သို့ ကိုယ်တိုင်သွား ရောက်ပြီး လွမ်းသူ့ပန်းခွေ ကမ်းလင့်လိုသော်ငြားလည်း အခုအချိန်မှာဖြင့် အခွင့်မသာ သေးပါချေ။ သို့သော်လည်း ကျမမမေ့နိုင်သော သည်ရဲဘော်များ၏ ရုပ်ပုံလွှာ တစိတ် တပိုင်းကို ကျမသိရှိမှတ်မိသမျှ မှတ်တမ်းတင်ရေးသားထားမည်ဟု ကျမ ပိုင်းဖြတ်ထား မိသည်။ သည်ရေးသားချက်များသည်ပင်လျှင် သူတို့ကို လေးစားစွာ ဂုဏ်ပြုကမ်းလင့် လိုက်သော ကျမ၏“လွမ်းသူ့ပန်းခွေ”များပါပေ။

## ရဲဘော်ကျော်မြ

သူနှင့် လက်ထပ်ချိန် ၁၉၆၆–ခုနှစ်မှသည် သူကွယ်လွန်ချိန်အထိ ၃၉–နှစ်တိုင်တိုင် ပေါင်းသအကြောင်းများမှာ ကျမအတွက် ရေး၍ ကုန်နိုင် ဖွယ် မရှိပါ။ သည်စာလွှာတွင်မူ သူ့ဘဝ အကြောင်းအရာများထဲမှ ကျမခံစား ထိတွေ့ မိသည့်၊ မြင်မိသိမိ သည့်အချက် ကလေးများကို အကျဉ်းချုပ်၍ ကြိုးစားဖော်ပြသွားရုံသာ တတ်နိုင်ပါလိမ့်မည်။

သူ ကွယ်လွန်သွားသည့်အချိန်အထိ သူ့မှာ ကိုယ်ပိုင်ပစ္စည်းဟူ၍ သူ့မိသားစု မှတပါး အခြား မရှိခဲ့ပါ။ ဤသည်မှာ သူ့၏ ကိုယ်ကျိုးစွန့် လွတ်မှုနှင့် ရိုးသားဖြောင့်မတ်မှု ဂုဏ်ရည်တရပ်ဟု ဆိုရလိမ့်မည် ထင်ပါသည်။

သူသည် ပင်ကိုယ်အားဖြင့် စကားနည်းသူတယောက် ဖြစ်သည်။ လုပ်ငန်း တာဝန်တခုခု ရှိနေပြီဆိုလျှင်မူ မအိပ်မနေ ကြိုးစားပမ်းစား လုပ်တတ်သူတဦးပါ။ ဥပမာအားဖြင့် ပြောရလျှင် သူ ရခိုင်ပြည်နယ်တွင် နေခဲ့စဉ်က ရဲဘော်များ လေ့လာနိုင် စေဖို့ မာ့က်စ်လီနင်ဝါဒကျမ်းများနှင့် တခြားတော်လှန်ရေးစာအုပ်များကို ဘာသာပြန် ဆိုပေးရသည့်အခါ သူသည် သူသတ်မှတ်ထားတဲ့ အတိုင်းအတာ မပြီးမချင်း မအိပ်ပါ။ ဘယ်လောက် ညဉ့်နက်သည်ဖြစ်စေ၊ သူသတ်မှတ်ထားသည့် အတိုင်းအတာအထိ ပြီးအောင် ရေးသည်။ သူသည် လုပ်စရာရှိလျှင် ချက်ချင်း လုပ်တတ်သည်။ သူ့ရဲဘော်များ ကိုလည်း သည်အတိုင်း ဖြစ်စေလိုသည်။

သူ့တွင် သေနတ် သုံးလက် ရှိခဲ့ပါသည်။ ကာဘိုင်တလက်၊ ပစ္စတိုတလက် အပြင် ငှက်ပစ်သည့် ပွိုင့်တူးတူး သေနတ်တလက်လည်း ရှိခဲ့သေးသည်။ ကာဘိုင်နှင့် ပစ္စတိုကိုတော့ သူ အမြဲကိုင်ထားတတ်ပြီး ပွိုင့်တူးတူးကိုတော့ သူ့သမီးအား ပေးကိုင် တတ်ပါသည်။ သူ့တွင် အပျော်အပါးအဖြစ် ငှက်ပစ်သည့်ဝါသနာတော့ ရှိသည်။

သူသည် ပါတီစည်းကမ်းအတိုင်း သူကိုယ်တိုင်လိုက်နာ ကျင့်သုံးသလို တခြား သူများအားလည်း သည်ကဲ့သို့ လိုက်နာကျင့်သုံးအောင် တိုက်တွန်းတောင်းဆိုတတ် သည်။

ကျမ မှတ်မိသလောက် သူသည် ခရီးသွားရင်း နှစ်ခါ မေ့မျောသွားခဲ့ဖူးသည်။ သူ ငှက်ဖျားဖျားနေချိန် ရန်သူထိုးလာ၍ နေရာပြောင်း ကြရသည်။ ဆောင်းရာသီ အလွန်အေးစက်နေသော ရေချောင်းထဲ ဖြတ်ကူးရမည်ဖြစ်သဖြင့် ရဲဘော်တွေက သူတို့ထမ်းပိုးပြီး ဖြတ်ပါမည်–ဟု တောင်းဆိုတိုက်တွန်းကြသည်ကို သူက လက်မခံဘဲ သူ့ဘာသာဖြတ်မည်ဆိုပြီး သူကိုယ်တိုင် ရှေ့ကနေ ချောင်းထဲ ဖြတ်သည်။ ချောင်းဟိုဘက် ကမ်း သောင်ပြင်ပေါ်လည်း ရောက်ရော သူ လဲကျပြီး သတိလစ်သွားခဲ့ပါသည်။ ချက်ချင်း ဆရာဝန်များက ဂရုတစိုက် ကုသပေး၍ မကြာခင်မှာပဲ ပြန်လည် သတိရလာခဲ့ပါသည်။ သည့်နောက်မှ သူများထမ်းပိုးတာကို လက်သင့်ခံပါသည်။ သူ့တွင် ခါးနာရောဂါလည်း ရှိသည်။ ခါးနာလာလျှင်တော့ ထမ်းပိုးပြီး သွားကြရသည်။

တခါမှာတော့ သည်လို စခန်းပြောင်းရသည့်အချိန်အခါသည် မိုးတွင်း ကာလကြီး ဖြစ်နေသည်။ လျှိုထဲ မြောင်ထဲ ချောက်နှစ်ခုကြားထဲမှာ ရှောင်နေကြရခြင်း ဖြစ်သည်။ အချိန်ကလည်း ညအချိန်။ အောက်ဘက်ရွာထဲမှာ ရန်သူတွေရှိသဖြင့် ကျမတို့ရဲဘော်များသည် မီးမထွန်းရဲဘဲ မှောင်ကြီးမည်းမည်း တိတ်တဆိတ် ခရီးသွား ကြရသည်။ သည်အချိန်တွင် သူက ဖျားလည်းဖျား၊ ခါးလည်း နာနေသည်။ ထိုကြောင့် ရဲဘော်များက ထမ်းပိုးသွားပါမည်ဆိုသည်ကို လက်မခံပြန်ပါ။ သူ့ဘာသာ လျှောက်နေ တုန်း ခြေချော်ပြီးလဲကျကာ သတိလစ်သွားပါတော့သည်။ သူ့ကို ဆေးထိုးကုသရန် အတွက် ဆေးနှင့်စပ်ထိုးဖို့ မိုးရေကလည်း ပါမလာပါ။ ထိုကြောင့် ဆေးကို တကယ့် မိုးရေဖြစ်သည့် ကောင်းကင်က ကျလာသည့်မိုးရည်နှင့် စပ်ထိုးပြီး ကုသပေးခဲ့ရသည်။

သူသည် ကလေးသူငယ်များကိုလည်း ချစ်ခင်တတ်သည်။ ကျေးရွာတွေကို သူ ရောက်ရှိသွားပြီဆိုလျှင် ကလေးသူငယ်များနှင့် အရင်ဆုံး စကားပြောတတ်သည်။ ပြီးမှ လူကြီးတွေနှင့် ပြောပါသည်။ “ကလေးတွေက မညာတတ်ဘူး။ ရွာအခြေအနေကိုလည်း သူတို့သိကြတယ်။ မေးရင်လည်း လိုလိုချင်ချင် ပွင့်ပွင့်လင်းလင်း ပြောတတ်ကြတယ်။ ဒီတော့ သူတို့ဆီကနေ ရွာအခြေအနေကို ကိုယ်က သိထားပြီးသား ဖြစ်နေတော့တာပေါ့။ ဒီလို သိထားရင် ရွာမှာ လူကြီးတွေနဲ့ အစည်းအဝေးလုပ်တဲ့အခါ ပိုပြီး အဆင်ပြေ တာပေါ့”ဟူ၍ သူက ပြောပြဖူးသည်။

သူသည် ရွာတွေကို လှည့်လည်ကာ စည်းရုံးရေးလုပ်ငန်း လုပ်သည်။ အခါအခွင့်ရတိုင်း သည်ကဲ့သို့ ကျေးရွာတွေဆီ ခရီးထွက်သွားတတ်ပြီး သူပြန်လာပြီ ဆိုလျှင်လည်း ကလေး ၂–ယောက်၊ ၃–ယောက် ပါလာတတ်စမြဲ။ ကလေးဆိုတာက ၁၂–နှစ်၊ ၁၃–နှစ် အရွယ်လေးတွေပါ။ သူသည် သည်ကလေးတွေကို သနားပြီး အလွန် အလိုလိုက်ပါသည်။ သူ ခေါ်လာသည့် ကလေးများမှာ ရွာမှာ ဆင်းရဲဒုက္ခရောက်နေကြ ရရှာသော ကလေးတွေပါ။ တချို့က မိဘမဲ့။ တချို့က အမေမရှိ၊ တချို့က အဖေရင်း မရှိတော့၍ ပထွေးနှိပ်စက်သဖြင့် သနားစရာ ဖြစ်နေသည့် ကလေးတွေ။ သူသည် သည်ကလေးတွေကို တော်လှန်ရေးနာမည်ပေးရာမှာ သူ့ဆွေမျိုး သားချင်းတွေ၏ နာမည်တွေ ပေးတတ်သည်။ သူ့ဆွေမျိုး သားချင်းတွေကို ချစ်ခင်သတိရကြောင်း ဖော်ပြတာဖြစ်သလို သည်ကလေးတွေကို ဆွေမျိုး ၁းချင်းသဖွယ် သဘောထားကြောင်း ဖော်ပြရာလည်း ရောက်သည်။

သူသည် စခန်းမှာပဲနေနေ၊ တပ်ထဲမှာပဲနေနေ၊ အခြေအနေတွေကို အမြဲ စူးစမ်းလေ့လာနေတတ်သည်။ ရဲဘော်တွေ၏ အခြေအနေကိုလည်း လေ့လာစူးစမ်းသည်။ ဥပမာ–တပ်ချထားသည်ဆိုလျှင် တပ်စုလိုက်၊ တပ်စိတ်လိုက်၊ သို့မဟုတ် အဖွဲ့လိုက် စသဖြင့် တပ်ချထားသည့်နေရာကို သွားပြီး ရဲဘော်တွေနှင့် စကားပြောသည်။ သူတို့အခြေအနေကို စကားပြောရင်း မေးမြန်းလေ့လာယူခြင်း ဖြစ်သည်။ သာမန် အားဖြင့် ဆိုလျှင် ရဲဘော်များသည် ကိုယ့်ကိစ္စ ကိုယ့်ပြဿနာများကို သီးသန့်တင်ပြဖို့ အလွန် ဝန်လေးတတ်ကြသည်။ အထူးသဖြင့် ကိုယ်ရေးကိုယ်တာကိစ္စများဆိုလျှင် ပိုပြီး ပြောမထွက်တတ်ကြ။ သည်ကိစ္စမှာ ရခိုင်ဘက်မှရဲဘော်များသည် အခြားဒေသမှ ရဲဘော်များထက် ပိုထူးခြားသည်။ ဥပမာ– ရဲဘော်တဦးဦး၏မိဘ၊ သို့မဟုတ် ဇနီးသား သမီးများ မကျန်းမမာဖြစ်နေကြောင်း၊ အခက်အခဲနှင့် ကြုံနေကြောင်း ခေါင်းဆောင်များ က ကြားသိပြီး သည်ရဲဘော်ကို ခေါ်ယူကာ သူ့အခက်အခဲနှင့် သူ့ဆန္ဒကို မေးမြန်းသည့် အခါ မပြောလိုကြ။ သူတို့နှင့် ရင်းရင်းနှီးနှီး စကားစမြည် ပြောဆိုမှ သူတို့အကြောင်း တွေ၊ သူတို့ကိုယ်ရေးကိုယ်တာကိစ္စတွေနှင့် ပြဿနာတွေ ဖွင့်ဟပြောဆိုလာတတ်ကြ သည်။ သူတို့နှင့် ပြောရင်းဆိုရင်းမှ “ရဲဘော်…ဘယ့်နှယ်လဲ။ အိမ်က စာလာ သေးသလား။ အိမ်သားတွေအခြေအနေကော ဘယ့်နဲ့လဲ”စသဖြင့် မေးလျှင် အလွယ် တကူ ပြောပြတတ်ကြပါသည်။

စခန်းမှာနေလျှင်လည်း သူသည် မနက်ပိုင်းဆို အိမ်ထောင်သည်တန်း လျားများကို တအိမ်ဝင်တအိမ်ထွက် သွားတတ်သည်။ စကားပြောဆိုရင်း အခြေ အနေတွေကို လေ့လာသည်။ အခြေအနေတွေကို သူက အရင်ဆုံးသိတာ များပါသည်။ (ပန်ဆန်းဘက်ရောက်တော့လည်း သူက သည်အလေ့အထ မဖျောက်နိုင်ဘဲ အိမ်တွေ သွားလည်တော့ တချို့က အိမ်လည်တတ်သည့် ခေါင်းဆောင်ဟု ထင်တတ်ကြသည်။ အမှန်မှာ အခြေအနေ မတူတော့သည်ကို သူ သတိမပြုမိဘဲ အရင်က အလေ့အထ အတိုင်း ဆက်လက်ကျင့်သုံးနေမိတာပါ)

ရဲဘော်များအပေါ် သူက ချစ်ခင် အလေးထားသည့်အတွက် ရဲဘော်များက လည်း သူ့ကို အထူးချစ်ခင်လေးစားကြသည်။ ရဲဘော်များသည် ရန်သူကို သွားတိုက်ရာ မှ သိမ်းဆည်းရမိသော ဘောင်းဘီ၊ အင်္ကျီ…စသည့် ပစ္စည်းလေးများကို တိုက်ပွဲလက် ဆောင်အဖြစ် သူ့ကို လာပေးတတ်ကြသည်။ သူက လက်မခံပါ။ ထိုအခါ ရဲဘော်တွေ စိတ်မကောင်းဖြစ်ကြရသည်။ “ဒို့က အသက်နဲ့ရင်းပြီး ရတဲ့ပစ္စည်းကို ကိုယ်လေးစား ကြည်ညိုတဲ့ ခေါင်းဆောင်မို့ အမှန်အမြတ်ပေးတာ”ဟု ဆိုတတ်ကြသည်။ ထို့ကြောင့် နောက်တော့ သည်လိုလက်ဆောင်များ လာပေးလျှင် သူ ယူထားလိုက်သည်။ သူ ကိုယ်တိုင်တော့ မဝတ်ပါ။ တခြား လိုအပ်နေသော ရဲဘော်များကို တဆင့် ပြန်ပေး တတ်သည်။ အထူးသဖြင့် တပ်ရဲဘော်များကို ပေးတာ များပါသည်။

တပ်မှ ရဲဘော်များသည် အမြဲတမ်း ကျောပိုးအိတ်နှင့် သေနတ်ကိုလွယ်ပြီး တောထဲတောင်ထဲ သွားလာလှုပ်ရှားနေကြရသည့်အတွက် အဝတ်အစားစုတ်တာ မြန်ပါသည်။ အဲဒီလို ရဲဘော်များကို သူက အင်္ကျီ၊ ဘောင်းဘီများ လက်ဆောင်အဖြစ် ပြန်ပေးခြင်း ဖြစ်သည်။

သူ့ကို ရဲဘော်များကသာမက ပြည်သူများကပါ လေးစားချစ်ခင်နေကြခြင်း ၏အဓိကအကြောင်းရင်းမှာ သူ၏ကိုယ်ကျိုးမဖက် ပါတီနှင့် ပြည်သူလူထုအကျိုး စိတ်ရော ကိုယ်ပါနှစ်၍ အလုပ်အကျွေးပြုသော စိတ်ဓာတ်ကြောင့်ဟူ၍ ကျမ ထင်မြင်မိပါသည်။ သူသည် ပါတီအလံတော်အောက်မှ ရခိုင်ပြည်နယ်၏ပါတီလုပ်ငန်း၊ တော်လှန်ရေး လုပ်ငန်းတခုလုံးကို ရဲဘော်တွေ တာဝန်အသီးသီးနှင့် ထမ်းဆောင်လည်ပတ်စေရန် ခေါင်းဆောင်ပေးနိုင်သူလည်း ဖြစ်ပါသည်။ ထိုစဉ်က သူသည် ပါတီကို ဘယ်လိုကောင်း အောင် တည်ဆောက်မလဲ၊ တပ်ကို ဘယ်လို ကောင်းအောင်တည်ဆောက်မလဲ၊ ရန်သူကို ဘယ်လို တိုက်ပွဲဆင်မလဲ၊ ပြည်သူကို ဘယ်လို စောင့်ရှောက် အလုပ်အကျွေးမလဲ… စသည်တို့ကိုသာ အဓိက အာရုံစိုက် စဉ်းစားတွေးခေါ်နေခဲ့ပါသည်။ သူသည် နိုင်ငံရေး လုပ်ငန်းကိစ္စကိုပဲ အဓိက အလေးထားတတ်ပါသည်။

စားတော့လည်း ဘုံရိက္ခာရုံက ထမင်းကို ရဲဘော်တွေနှင့် တန်းတူစားသည်။ သူ့မိသားစု၊ သူ့သားသမီးများကိုလည်း ရဲဘော်တွေကို ယုံကြည်စွာ အပ်နှံထားသည်။ ရဲဘော်တွေကလည်း ရန်သူနှင့် တိုက်ပွဲဖြစ်လျှင်ဖြစ်စေ၊ တခြားအရေးအကြောင်း ကြုံလာလျှင် ဖြစ်စေ ကလေးများမဆုံးပါးစေရအောင် အသက်နှင့်လဲပြီး ကာကွယ်စောင့် ရှောက်မည်–ဟု ဂတိသစ္စာ ပြုထားကြသည်။ သူသည် အမြဲတမ်း တပ်နှင့် နေရာတကာ သွားလာနေရ၍ သည်လို စီစဉ်ထားတာပါ။ ကျမတို့မှာ စခန်းက ရဲဘော်များနှင့်သာ အများအားဖြင့် နေကြရပါသည်။ ရဲဘော်တွေကလည်း သူတို့ဂတိသစ္စာပြုထား သည့်အတိုင်း တကယ်ပဲ စောင့်ရှောက်ခဲ့ကြပါသည်။ အထက်မှာ တင်ပြခဲ့သလို ရန်သူနှင့် တိုက်ပွဲဖြစ်၍ မိခင်ဖခင်နှင့် ကွဲကွာခဲ့ရသော ကျမတို့ကလေးများကို အခက်အခဲကြားထဲမှ သူတို့ပဲ စောင့်ရှောက်ကာကွယ်ခဲ့ကြခြင်း ဖြစ်ပါသည်။

သူသည် ပါတီကို အလွန်ချစ်ခင်လေးစားသလို ပါတီဗဟိုကိုလည်း အလွန်ယုံ ကြည်အားကိုးပါသည်။ ကျမသိမြင်ထိတွေ့ရသော ကိစ္စတခုကို ပြန်ပြောပြပါမည်။ ခုနှစ်ကိုတော့ အတိအကျ မမှတ်မိတော့ပါ။ ၁၉၇၈–ခုနှစ်ဟု ထင်ပါသည်။ ပါတီဗဟိုမှ ပထမဆက်သား ရောက်လာပြီးချိန်ဟု ထင်ပါသည်။ ပါတီဗဟိုမှ ဥက္ကဌသခင်ဇသိန်းတင် ရေးပို့လာသော စာတစောင်ကို သူ လက်ခံရရှိလိုက်ပါသည်။ သူသည် အလွန်ဝမ်းမြောက် ဝမ်းသာ ဖြစ်နေပြီး တကယ့်ကို ကလေးတယောက် ပျော်မြူးနေသလိုပါပဲ။

ထိုအချိန်မှာ ကျမတို့စခန်းအတိုက်ခံထားရသည့်အချိန်ပါ။ ကျမတို့၏ မိုးတွင်းရိက္ခာအဖြစ် သိုလှောင်ထားသော ဆန်ဂိုဒေါင်ကို ရန်သူက မီးရှို့သွားသဖြင့် စိတ်ညစ်နေကြသည့်အချိန်လည်း ဖြစ်သည်။ သည်အချိန်မျိုးမှာတောင် သူ အခုလို ပျော်ရွှင်နေတာကြောင့် ရဲဘော်တိုင်းက သူ့ကို အံ့သြနေကြသည်။ ထိုအချိန်က တဖွဲ့ တနေရာစီ စခန်းချထားသည်ဖြစ်၍ သူက"ပါတီဝင်တွေ ခဏလောက် ချက်ချင်းလာကြ။ ကင်းရဲဘော်တွေမှအပ အကုန်လာကြ"ဟု ဆင့်ခေါ်လိုက်သည်။ ရဲဘော်တွေက ဘာကိစ္စမှန်းမှန်းမသိဘဲ ကျမတို့စခန်းကို လာရောက်စုဝေးမိကြတော့ သူက"ပါတီ ဥက္ကဋ္ဌဆီက စာလာတယ်။ ရဲဘော်တို့ကို ဖတ်ပြမလို့"ဟု ပြောသည်။ ထိုအချိန်က သူ့မျက်နှာသည် တကယ့်ကို ကြည်ကြည်လင်လင်တောက်ပနေပြီး သူ့အပျော်ဓာတ်သည် အားလုံးသို့ ကူးစက်ကာ စောစောက စိတ်ညစ်စရာတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားသည်ဟု ကျမ ခံစားလိုက်မိပါသည်။ သူက စာကို ဆက်ဖတ်ပြနေသည်။ စာပါတခြားအကြောင်းအရာတွေကိုတော့ ကျမ မမှတ်မိတော့ပါ။ "ချစ်လှစွာသော ရဲဘော်ကျော်မြ။ ခင်ဗျားကို ချစ်ခင်လေးစားစွာ အထူးသတိရစွာဖြင့် စာရေးလိုက်သည်" ဟူသော စာကြောင်းကလေးကိုပဲ ကျမစိတ်ထဲ စွဲနေမိပါသည်။

စာဖတ်ပြပြီးနောက် သူသည် ဥက္ကဋ္ဌသခင်ဇသိန်းတင်နှင့် သူ ဘယ်တုန်းက စတင်တွေ့ဆုံခဲ့သည်၊ အတူတကွ ဘယ်လို သွားခဲ့ရသည် …စသည့် အကြောင်းအရာ တွေကို ဆက်လက်ပြောပြနေသည်။ "အဲဒီတုန်းက ဥက္ကဋ္ဌဟာ တီဘီရောဂါ ရနေခဲ့တယ်။ အခု သူ ဒီလောက်ကောင်းလာတာကိုလည်း ဝမ်းသာမိတယ်"ဟုလည်း ပြောပြသေး သည်။ သူ့ဝမ်းမြောက်ဝမ်းသာ ဖြစ်မှုသည် ပါတီဗဟိုအပေါ် သူဘယ်လောက် ယုံကြည် တယ်၊ ပါတီဥက္ကဋ္ဌကို သူ ဘယ်လောက်ချစ်မြတ်နိုးတယ်–ဆိုတာကို ဖော်ပြနေသည်ဟု ကျမ သိမြင်လိုက်ပါသည်။

၁၉၇၉–ခုနှစ်။ ပါတီဗဟိုမှ ကျမတို့မိသားစုတခုလုံး ပါတီဗဟိုရှိရာသို့ လာကြရမည်–ဟု ခေါ်ယူလိုက်သောအခါ ရခိုင်ပြည်နယ်မှ ရဲဘော်များက လမ်းခရီးတွင် ဖြစ်စေ၊ မမျှော်လင့်သော ကိစ္စများကြောင့် ဖြစ်စေ…ကျမတို့မိသားစုတတွေ အခက်အခဲ ကြုံတွေ့မှာကို သူတို့က စိုးရိမ်ပူပင်ကြသည်။ သူတို့အတွင်းရေးမှူးသည် မိမိအတွက် ဘာတောင်းဆိုတာမှ လုပ်မှာ မဟုတ်ဘူးဆိုတာလည်း သူတို့သိသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်၊ တော်လှန်ရေး၏ဘဏ္ဍာဖြစ်သည့် ရွှေငွေတို့ကိုလည်း ယူဆောင်သွားရန် ပြောလာကြသည်။

ထိုအချိန်တွင် သူက"ငါဟာ ပါတီရဲဘော်တယောက် ဖြစ်တယ်။ ငါ့မှာ ပါတီဗဟိုရှိနေရင် ဘာမှ မလို။ ပါတီဗဟိုက ငါ့ကို ပစ်မထားပါ"ဟူ၍ ပြန်ပြောခဲ့သည်။ ကျမကိုလည်း သူမှာသည်။ "ပါတီဗဟိုရောက်ရင် နင်က ဟိုက ရဲဘော်တွေကို အတွေး အခေါ်အရ နိုင်ငံရေးအရ အမီလိုက်နိုင်အောင် ကြိုးစားရမယ်။ ဘာတောင်းဆိုမှုတွေ၊ ညာတောင်းဆိုမှုတွေမှ မလုပ်ရဘူး။ ကိုယ့်ကိုယ်ပေးလာတဲ့ တာဝန်ကိုသာ ကျေပွန် အောင်ထမ်းဆောင်ရမယ်"ဟု ဆိုပါသည်။

ပါတီဗဟိုသို့ရောက်ရှိလာပြီးသည့်နောက်တွင် တချို့သော အရာကိစ္စ များသည် သူမျှော်လင့် မျှော်မှန်းထားသည်များနှင့် ကွဲပြားခြားနားနေသည်ကိုလည်း သူ တွေ့ရှိလာသည်။ ပါတီတွင်းက တချို့သော အနိဋ္ဌာရုံအခြေအနေများကို သူ တွေ့ရှိရ သောအခါ အံ့သြတုန်လှုပ်သွားသည်။ နောက်ပိုင်းတွင် သူသည် လူရောစိတ်ပါ အရင်က နှင့် မတူတော့ဘဲ ကွာခြားပြောင်းလဲမှုများ ရှိလာသည်ဟု ကျမထင်မိပါသည်။ ရခိုင် တွင်နေစဉ်က သူသည် အလွန်စိတ်အေးပြီး စကားနည်းခဲ့သူ တယောက်ပါ။ သည်ဘက် ရောက်တော့ စိတ်တိုလာသည်။ စကားများ ပေါက်ကွဲတတ်သူ ဖြစ်လာသည်။ သူ့အနေနှင့် ပါတီနှင့် တော်လှန်ရေးအတွင်း ပေါ်ပေါက်နေသော တချို့ကိစ္စများအပေါ် မနှစ်ခြိုက်မှုတွေ တိုးများလာသည့် အတွက် သည်သို့ ဖြစ်လာသည်ဟု ကျမ ထင်မိပါသည်။ ပါတီနှင့် တော်လှန်ရေးအတွင်းမှ တချို့ကိစ္စများကို သူ့အနေဖြင့် ကျေနပ်အားရမှုမရှိသဖြင့်လည်း သူသည် ပါတီလုပ်ငန်းများကို တတ်နိုင်သလောက် ကြိုးစားပြီး လုပ်ကိုင်ပါသည်။

သူကဲ့သို့ ခေါင်းဆောင်တဦး မဟုတ်သဖြင့် နိုင်ငံရေးကိစ္စများအပေါ် သူဘယ်လို အကဲဖြတ်ပြီး ဘယ်လိုခံစားနေရသည်ဆိုသည်ကို အပြည့်အစုံမသိနိုင်ပါ။ အတွေးအခေါ် တိုက်ပွဲတွေ ရှိခဲ့တာကတော့ သေချာပါသည်။

ကျမကိုယ်တိုင်သည်လည်း အခက်အခဲများနှင့် နပန်းလုံးရင်း အတွေးအခေါ် တိုက်ပွဲကို ဖြတ်သန်းခဲ့ရပါသည်။ ကျမ သူ့လို ကျမတို့ မိသားစု ပါတီဗဟိုသို့ ရောက်လာ သည့်အခါ ကလေးငါးယောက်အနက် အကြီးဆုံးမိန်းကလေးသာ ၁၅–နှစ် ရှိနေပြီး ကျန်တာတွေက ၈–နှစ်၊ ၆–နှစ်၊ ၄–နှစ်၊ ၂–နှစ်…စသဖြင့် ဘုစုခရုလေးတွေပါ။ ပါတီဗဟိုသို့ အားကိုးတကြီးနှင့်လာခဲ့ကြသော မိသားစု။ တနည်းအားဖြင့် ပါတီ၏အမိန့်ကို တသွေ မတိမ်း လိုက်နာခဲ့သော မိသားစုပါ။ သို့ရာတွင် များပြားသော ကလေးတွေနှင့် အခက် အခဲပေါင်း မြောက်မြားစွာ တွေ့ကြုံခဲ့ရပါသည်။ အထူးသဖြင့် ကလေးများနှင့် ပတ်သက်ပြီး စိတ်ဆင်းရဲရပါသည်။ ပါတီဗဟိုရုံးမှ ဘုံရိပ်သာတွင် ထမင်းစားကြရ သည့်အခါ ဟင်းက "ဝ"ရေတ်သီးခေါ် ငရုတ်သီးအစပ်နှင့် ကျောက်ဖရုံသီး ရောပြုတ်ထားသည့်ဟင်း။ ထမင်းက ဆန်တဝက်ပါသည့်၊ ပြောင်းဖူးနှင့်ကန်စွန်းရွက်တို့ရောထားသည့် သုံးလွန်းတင် ထမင်း။ သည်ထမင်းဟင်းကို ကလေးတွေက ဘယ်လိုမှ မစားနိုင်ကြပါ။ လူကြီးတွေက ဘာနဲ့ပဲ ဖြစ်ဖြစ် စားနိုင်ရမည်ဆိုတဲ့ အတွေးအခေါ်စိုက်ထူပြီး စားနိုင်ပေမယ့် ကလေး တွေက ငယ်သေးတော့ ဒီအတွေးအခေါ် စိုက်ထူပေး၍ မရပါ။ ထို့ကြောင့် ကျမတို့ အလွန်စိတ်ဆင်းရဲ ခဲ့ကြရပါသည်။

သည်တွင် အတွင်းရေးမှူးသည် သူ့တသက်တွင် တခါဖူးမျှ မလုပ်ဖူးသော အလုပ်တခုကို မျက်ရည်စက်လက်နှင့် လုပ်ခဲ့ပါသည်။ ပါတီဗဟိုသို့အလာ လမ်းတွင် တဖက်နိုင်ငံက သူ့ကို လက်ဆောင်အဖြစ် ပေးလိုက်သော အကောင်းစားနာရီ တလုံး ရှိပါသည်။ ထိုနာရီကို သူက ချွတ်ပြီး ကျမကိုပေးရင်း ပြောလာသည်။"နင်…ဒါကို ရောင်းပြီး ကလေးတွေကို ဟင်းဝယ်ကျွေးလိုက်ပါ"တဲ့။ သည်အလုပ်မျိုးကို မလုပ်လိုသူဖြစ် သဖြင့် သူသည် ရင်နင့်အောင် ခံစားလိုက်ရရှာပါသည်။ ထိုငွေသည်လည်း ဘယ် လောက်မျှ မစားလိုက်ရပါ။ နေဝင်းက ၂၅–ကျပ်တန် တရားမဝင်တော့ –ဟု ကြေညာ လိုက်သောအခါ သုံးမရသော ငွေ ဖြစ်သွားခဲ့ရပါသည်။

ပါတီဗဟိုစခန်းတွင် တအိမ်ထောင် ကြက်မနှစ်ကောင် မွေးခွင့်ပြုကြောင်း တခြားသူများက ပြောလာကြသည်။ သူ့ကို ကျမက “တို့လည်း ခွင့်ပြုချက်အတိုင်း ကြက်မနှစ်ကောင် မွေးကြရအောင်။ ကြက်ဥရင် ကလေးတွေ စားနိုင်တာပေါ့”ဟူ၍ ပြောမိသည့်အခါ သူက ဘယ်လိုမှ သဘောမတူပါ။ “ငါ…တလျှောက်လုံး အိုးကလေး စနစ်ကို တိုက်ခဲ့တဲ့သူ။ ဒါမျိုးကို ဘယ်လိုမှ လက်မခံနိုင်ဘူး”ဟု ဆိုပါသည်။

သည်အကြောင်းတွေက ဒု–ဥက္ကဋ္ဌသခင်ဖေတင့်နား ရောက်သွားသည်။ ဒု–ဥက္ကဋ္ဌက ကျမကို ခေါ်မေးခဲ့သည်။ ကျမက ဟုတ်မှန်ကြောင်း ပြောလိုက်သည့်အခါ ဒု–ဥက္ကဋ္ဌက သူ့ကို ခေါ်ပြောသည်။ “ဒါဟာ ခွင့်ပြုချက် ပေးပြီးသား ဖြစ်လို့ မွေးလို့ရပါတယ်။ ခင်ဗျား မွေးခွင့်ပေးလိုက်ပါ”ဆို၍ ကျမ ကြက် ၂–ကောင် မွေးခွင့်ရသွားပါသည်။ သူကတော့ အဲသလို စိတ်ဓာတ်မျိုး ရှိသူပါ။

သူကိုယ်တိုင်ကတော့ အစားအသောက်ကို မက်မက်မောမော ရှိလှသူ မဟုတ်ပါ။ တနေ့ အိမ်တွင် ကိုယ့်ဘာသာဖျော်သည့် လက်ဖက်ရည်သုံးခွက်လောက် သောက်ရလျှင် ကျေနပ်နိုင်သူ ဖြစ်ပါသည်။ သို့ရာတွင် ပန်ဆန်းတွင် နေစဉ်တလျှောက်လုံး ကြက်မွေး၊ ဝက်မွေး၊ စိုက်ပျိုးရေးလုပ်ပြီး သူ့ကို တတ်နိုင်သမျှ ပြုစုစောင့်ရှောက် လာခဲ့ ပါသည်။

သူသည် အရာရာတွင် ပြတ်ပြတ်သားသား ပြောဆိုလုပ်ကိုင်တတ်ပါသည်။ ဘယ်တော့မှ ပါတီအရေး၊ နိုင်ငံအရေးတို့ကို မပစ်ပယ်ဘဲ ဦးထိပ်ရွက်တတ်သူပါ။ သူ ကွယ်လွန်သွားသည်အထိ ပါတီအရေးနှင့် တော်လှန်ရေးအတွက် ဦးထိပ်ထားခဲ့ပါသည်။ သူမကျန်းမာသည့် အချိန်တိုင်အောင် ပါတီနှင့် ရဲဘော်များသို့ အကြံပေးတာ တင်ပြ တာတွေ လုပ်သွားခဲ့ပါသေးသည်။ ပါတီဗဟိုသို့ တင်ပြရန် စာတမ်းတစောင်ကိုလည်း ခက်ခက်ခဲခဲဖြင့် ကြိုးစားပမ်းစား ရေးသွားပါသေးသည်။

သူ၏ ပါတီစိတ်ဓာတ်အတွက် ကျမ ဂုဏ်ယူမိပါသည်။

## ရခိုင်ပြည်နယ်၊ ပါတီကော်မတီ ဒု–အတွင်းရေးမှူး ဦးတူ(ခေါ်) ရဲဘော်တူ

ရဲဘော်တူက သူ့အကြောင်းတွေကို ရဲဘော်များအား စပ်မိလျှင် စပ်မိသလို ပြန်လည်ပြောပြတတ်သည်။ ကျမသည်လည်း မကြာခဏ နားထောင်ဖူးခဲ့သဖြင့် သူ့လူတန်းစားဗီဇကအစ သိရှိနေပါသည်။

ရဲဘော်တူသည် မြေရှင်မျိုးရိုးမှ ဆင်းသက်လာခဲ့သူပါ။ မြေရှင်ဖြစ်သူ သူ့အဖွား သည် လယ်မြေတွေများစွာ ပိုင်သည်၊ အလွန်ချမ်းသာသည်ဟု ပြောသံလည်း ကြားဖူး သည်။ သူ့ကို မွေးဖွားစဉ်က သူ့တွင် သွားကလေးသုံးချောင်းပါလာ၍ ဘီလူးဝင်စားသည်ဆိုကာ အမေအဖေများက သေချင်သေပါစေဆိုပြီး သည်အတိုင်း ပစ်ထားကြ သည်။ ဘီလူးဖြစ်လျှင်လည်း ငါ့ကို စားပါစေဆိုပြီး အဖွားက ယူမွေးသည့်အတွက်သာ သူ အသက်ရှင်ကြီးပြင်းလာရကြောင်း သူ ပြောပြပါသည်။ သူငယ်စဉ်က အဖွား အလိုလိုက်ထားသဖြင့် အတော်ဆိုး အတော်မိုက်ခဲ့ရုံမက ငွေကြေးလည်း အတော်ဖြုန်း တီးခဲ့သည်–ဟု ဆိုသည်။ ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းသို့ ဝင်ရောက်ခဲ့ပြီး၊ ပစ္စည်း မဲ့ဘဝကို ခံယူပြီးသည့်နောက်မှာ ပစ္စည်းမဲ့တယောက် ပီသအောင်၊ တော်လှန်ရေးသမား ပီသအောင် မိမိ၏လူတန်းစားဗီဇကို ခက်ခဲပင်ပန်းစွာ ပြုပြင်လေ့ကျင့်ခဲ့ကြောင်း သူက ရဲဘော်များကို ပြောပြပြီး သူ့ဘဝဖြစ်ရပ်မှတဆင့် ပညာပေးခဲ့ပါသည်။

သူ့နာမည်ရင်းကလည်း မောင်တူပါ။ ရဲဘော်များကတော့ ဦးတူ(သို့မဟုတ်) ဗိုလ်မှူးတူ စသဖြင့် ခေါ်ဝေါ်တတ်ကြသည်။ လူထုကတော့ သူ့ကို ဥက္ကဋ္ဌတူလို့ပဲ ခေါ်ကြသည်။ သူက တောင်သူလယ်သမားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် လုပ်ကိုင်ခဲ့၍ သည်သို့ ခေါ်ကြခြင်း ဖြစ်သည်။

ရဲဘော်တူသည် လူထုစည်းရုံးရေးတွင် အထူးသဖြင့် နာမည်ကြီးသည်။ လူထုအတွင်းတွင် စကားပြောကောင်းသူအဖြစ်လည်း နာမည်ရသည်။ သူသည် လူငယ် ရဲဘော်တွေနှင့်လည်း ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံတတ်သလို လူကြီးတွေနှင့်လည်း အပြန်အလှန် ခင်မင်လေးစားမှုဖြစ်နေအောင် ဆက်ဆံနိုင်သူ ဖြစ်သည်။

သူက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အထူးဝါသနာပါသည်။ သပ်သပ်ယပ်ယပ် သန့်သန့်ရှင်းရှင်း နေထိုင်တတ်သည်။ ပါတီကပေးအပ်လာသော ဘယ်လိုတာဝန်မျိုးကို မဆို ကျေပွန်စွာ ထမ်းဆောင်တတ်သူဖြစ်သည်။ သူသည် ရခိုင်ပြည်နယ်ပါတီ ကော်မတီ၏ ဒု–အတွင်းရေးမှူးတယောက်ဖြစ်သလို ပြည်နယ်ဘဏ္ဍာရေးတာဝန်ကိုလည်း ယူထား ရသေးသည်။ သည့်အပြင် ရခိုင်ပြည်နယ် အမျိုးသမီးစည်းရုံးရေးတာဝန်ခံလည်း ဖြစ်သည်။ သည်လောက် အလုပ်တွေများနေသည့်အထဲက စိုက်ပျိုးရေးနှင့် မွေးမြူရေး တို့ကိုလည်း လုပ်ဖြစ်အောင် လုပ်လိုက်ပါသေးသည်။

စစ်တွေခရိုင်အရှေ့ခြမ်း လေးမြို့ဘက်က ရဲဘော်တွေ အစည်းအဝေးလာ သည့်အခါ လိမ္မော်ပင်များမှာယူပြီး လိမ္မော်ခြံ ငှက်ပျောခြံများ စိုက်ပါသည်။ မြေရှင်များထံ မှ သိမ်းဆည်းရသောနွားများကို ဆင်းရဲသားလူထုကို မွေးခိုင်းကာ သူတို့လည်းသုံးဟု အပ်ထားသည်။ တပ်အစည်းအဝေး ပြည်နယ်အစည်းအဝေးလုပ်သည့် အခါ အသား ဟင်းအဖြစ် ကျွေးတတ်သည်။

သူသည် ပျော်ပျော်နေတတ်သည်။ အများအားဖြင့် နယ်ထဲမှာပဲ နေတာများ သည်။ တာဝန်ထမ်းဆောင်ရာတွင်လည်း ဘာတာဝန်ပဲကျကျ မညည်းညူတတ်ပါ။ အသက် ၆၀ ရှိနေတာတောင် ကျောက်ဖြူခရိုင်ကို တာဝန်ပေးခံရ၍ ဒီတာဝန်ကို ထမ်းဆောင်ရန် တောလမ်းခရီး တောင်ကြီးတောင်ငယ် အသွယ်သွယ်တို့ကို ခြေလျင် ကျော်ဖြတ်ပြီး တာဝန်များကိုထမ်းဆောင်ခဲ့သည်။ ကျောက်ဖြူခရိုင် ကမ်းထောင့်ကြီး ရန်သူ့ပုလိပ်စခန်းသိမ်းပိုက်ပြီး ရန်သူ့ဂိုဒေါင်ထဲမှ ပစ္စည်းများကို ဒေသခံလူထုများအား ခွဲဝေပေးခဲ့ပါသည်။ လူထုနှင့်လည်း တသားတည်းကျစွာဆက်ဆံသည့် ရဲဘော်ကြီး တယောက်ဖြစ်ပါသည်။

အမျိုးသမီးများကိုလည်း အလွန်ဂရုစိုက်ပါသည်။ အမျိုးသမီးများသည် စခန်းမှာပဲနေရသည့်အတွက် လိုအပ်သောပစ္စည်းများကို သူပဲ စီစဉ်ပြီးပို့ပေးသည်။ ဆောင်းဆိုလျှင် ဆောင်းအင်္ကျီ၊ နွေဆိုလျှင်နွေအင်္ကျီအမျိုးသမီးများကို ဦးစားပေးပြီး ပို့ပေးတတ်သည်။

သူစိုက်သော လိမ္မော်ခြံတွင်အသီးတွေသီးလာလျှင်လည်း ပါတီစခန်း တွေကို ပို့ပေးသည့်အတွက် စားကြရသေးသည်။ သူ့လိမ္မော်ခြံထဲတွင် ငှက်ပျောပင် တွေ ကိုလည်း စိုက်ထားသေးသည်။ ငှက်ပျောသီးလည်းသီးပါသည်။

သူစခန်းမှာနေလျှင် အားလပ်ရက်ဆို ရဲဘော်များကိုခေါ်ပြီး တယောက် ဓား တလက်စီနဲ့ သူကရှေ့ကထွက်ပြီး လိမ္မော်ခြံ ငှက်ပျောခြံများကို မြက်နုတ်ပေါင်းသင် လုပ်တတ်သည်။ ရဲဘော်များမပျင်းရိအောင် ရယ်စရာ မောစရာလည်း ပြောတတ်သည်။

သူသည်လေ့လာရေးတွင်လည်း စံနမူနာယူလောက်သည်။ သူသည် မာ့က်စ် ဝါဒကျမ်းများကို လေ့လာလိုပါသည်။ သို့ရာတွင် မာ့က်စ်ကျမ်းစာများသည် နိုင်ငံခြား ဘာသာနှင့်ရေးထားသည်က အများစု။ ဗမာဘာသာပြန် နည်းသည်။ ထို့ကြောင့် သူများဘာသာပြန်ပေးသလောက်ပဲ လေ့လာရတဲ့အတွက် အင်္ဂလိပ်ဘာသာကို သင်ယူ လိုစိတ်ပြင်းပြပြီး သူကိုယ်တိုင် အင်္ဂလိပ်စာကို စသင်ပါတော့သည်။ ပညာတတ် ရဲဘော်များကို အခြေခံမှစ၍သင်ပေးစေပြီး အခြေခံရရှိသည်နှင့် သင်ပေးသည့်ရဲဘော်များ အလုပ်ပျက်မှာ စိုးရိမ်လာသည်။ သင်ကြားပို့ချပေးသည့် ရဲဘော်များကို သည်သို့ သင်ကြားပေးနေရသည့်အတွက် သူတို့၏တာဝန်များ လစ်ဟင်းသွားမည်စိုးသဖြင့် သူ့ အတွက်အချိန်ကုန်မခံစေတော့ဘဲ သူ့ဘာသာသူကျက်မှတ်ပါတော့သည်။ သူသည် အသံကျယ်ကြီးနှင့် အော်ဖတ်ပြီး လုပ်ငန်းထဲမှ အင်္ဂလိပ်စာတတ်ရဲဘော်များကို သူမှားလျှင် ထောက်ပြစေဖို့ မှာထားသည်။ သူမှားနေသည်ကို ရဲဘော်များကလာ၍ ပြင်ပေးမည်၊ သင်ပေးမည်ဆိုလျှင်လည်း လက်မခံပါ၊ အဲဒီကပဲအော်ပြောလိုက်ပါဟု ဆိုပါသည်။ သည်သို့နှင့် သူသည် သူကျဆုံးခါနီး အချိန်အရောက်တွင် အင်္ဂလိပ်စာ အတော်အသင့် ဖတ်နိုင်နေပါပြီ။

သူသည် ရဲဘော်များနှင့် စကားလက်ဆုံကျတိုင်း အဖြစ်အပျက်များကို ပြောပြတတ်ပါသည်။ ထို့ကြောင့်ရဲဘော်များသည်သူ့နှင့်နေလျှင် မပျင်းကြပါ။ကျမတို့ အမျိုးသမီးများကိုလည်း အမျိုးသားများနဲ့တန်းတူ လိုက်ပါနိုင်ရန် အမျိုးမျိုး ပြုစုပျိုးထောင်၊ အကြံပေး အားပေးတာတွေကိုအမြဲလုပ်ပါသည်။ ကျမဘဝကို သူ ပြုပြင်ပြောင်းလဲ ပညာပေးခဲ့ပုံအကြောင်းကတော့ အထက်မှာ ကျမ ဖော်ပြခဲ့ပြီးပါပြီ။ ကျမကိုသာမကပါ။ အခြားရဲဘော်များကိုလည်း သူ ပြုပြင်မြေတောင်မြှောက်ပေးခဲ့သည်။ သူသည် ရဲဘော် များကို ပြုစုပျိုးထောင်သည့်အခါတွင် နည်းနာအမျိုးမျိုးဖြင့် ပြုစုပျိုး ထောင်ပေးတတ်သူ ဖြစ်သည်။ ထို့ကြောင့် ရဲဘော်တွေက သူ့ကို ချစ်ကြသည်။

ရဲဘော်တွေကို စည်းရုံးသည့်နည်းတူ လူထုစည်းရုံးရာတွင်လည်း နည်းနာ အမျိုးအမျိုးကိုသုံးပြီး စည်းရုံးတတ်ပါသည်။ တောဖျားချောင်းတွင် ရင်းတားရွာ၊ ပေါက်တောပြင်ရွာ၊ အပေါင်တောရွာ...စသည့်ရွာများသည် သူပြုပြင်တည်ထောင် ပေးခဲ့သည့်ရွာများ ဖြစ်သည်။ ထိုရွာများသည် ယခင်ကဆို ဖြစ်သလိုနေကြသည်။ ဦးတူဦးဆောင်ပြီး အိမ်တွေကို စနစ်တကျ အတန်းလိုက်ဆောက်၊ ကိုယ့်အိမ်ကိုယ်ခြံအဖြစ် စည်ပင်လာအောင် နည်းပြ၊ သစ်ပင်ဝါးပင် ဥယျာဉ်ခြံတွေ ဘယ်လိုစိုက်...စသဖြင့် သင်ပြပြီး၊ မျိုးစေ့များကအစ သူကိုယ်တိုင်ရှာပေးကာ စိုက်ခိုင်းပါသည်။ ထိုသို့ သူ လုပ်ဆောင်ပေးခဲ့သည့်အတွက် သရက်၊ ပိန္နဲ စသောအသီးများသည် ထိုဒေသများတွင် စီးပွားဖြစ် ရောင်းစားနိုင်သည့်အဖြစ်သို့ ရောက်ခဲ့သည်။ အိမ်တွေလည်း ဝါးအိမ်ပင် ဖြစ်စေ ခိုင်ခိုင်ခန့်ခန့် ဘယ်လိုဆောက်ရတယ်ဆိုတာ သူက စံပြအိမ်ဆောက်ပြလိုက် ပါသေးသည်။ ထိုသို့ လူထုစည်းရုံးရေးကိုလည်း ဇောက်ချ လုပ်သည့် အတွက် လူထုတွေ ကလည်း သူ့ကို ချစ်ခင်လေးကြခြင်း ဖြစ်သည်။

နောက်ပိုင်း သူအသက်ကြီးလာချိန် သူအမြဲပြောလာသည့် စကားတခွန်း ကတော့ "ပြည်တော တပြည်တွေ့ပါယက် အသက် မလေ၁ခ"ဆိုသည့် စကားပါ။ ဆိုလိုတာက သူသည် အသက်ကြီးလာပြီဖြစ်၍ ယခင်ကကဲ့သို့ စိတ်ရှိသလောက် မလုပ်နိုင်တာကို ဆိုလိုခြင်းဖြစ်သည်။ သူပြောဖူးသည်။ ရခိုင်ပြည်နယ်၏သမိုင်း တွင် မပါမဖြစ်သော "တောကံ" ညီလာခံတွင် သူသည် အိမ်သာဆောက်လုပ်ခြင်း အပါအဝင် ဆောက်လုပ်ရေး တာဝန်ကိုယူခဲ့ရ သည်။ အိမ်သာအလုံးပေါင်း (၃၀၀) ကိုဆောက်ခဲ့ရ သည်ဟု ဆိုသည်။ ပါတီတာဝန်များကို ထမ်းဆောင်ရာတွင်လည်း (အစည်းအဝေးလုပ် တာ၊ ရိက္ခာစုဆောင်တာ၊ စခန်းနေရာချတာ) ကအစ ဘာတာဝန်ကိုယူရယူရ မညည်းမညူ တက်ကြွစွာ ထမ်းဆောင် တတ်ပါသည်။

သူ ကျဆုံးသွားသည့်အကြောင်း အထက်တွင် ကျမ တင်ပြခဲ့ပြီးပါပြီ။ သိပ်ပြီး မပြည့်စုံသေးသည့်အတွက် သည်နေရာတွင် အနည်းငယ် ဖြည့်စွက်တင်ပြပါဦးမည်။ ၁၉၆၉ ခုနှစ် စက်တင်ဘာလ။ ရက်တော့ မမှတ်မိတော့ပါ။ အဲဒီရက် မနက် ၆ နာရီမှာ ရဲဘော်တူသည် ညက အစည်းအဝေးပြီးတာနောက်ကျသဖြင့် ရွာပြင်မထွက် နိုင်တော့ပဲ သူဆောက်ထားသော စံပြအိမ်မှာပဲ ညအိပ်လိုက်သည်။ ထိုစဉ် ပုဏ္ဏားကျွန်းမှ ရန်သူ သည် ညတွင်းချင်းလာပြီး အိမ်ကို ဝိုင်းပစ်ကြသည်။ သူက အိမ်ပေါ်မှာ အိပ်ပြီး သူ့ ကင်းရဲဘော်နှစ်ယောက်က အိမ်အောက်မှာ အိပ်ပါသည်။ သူ့ကင်းရဲဘော်တွေနဲ့ တိုက်ပွဲဖြစ်နေစဉ် သူကလည်း အိမ်ပေါ်မှနေ ကာဘိုင်နှင့် ပြန်ပစ်ပြီး ခုခံသည့်အတွက် သူ့ကိုပဲ ဝိုင်းပစ်ကြသဖြင့် ဂုဏ်ရောင်ပြောင်စွာ ကျဆုံးခဲ့ရပါသည်။ သူ ကျဆုံးချိန်တွင် အသက် ၆၀ ကျော်ပါပြီ။ ရန်သူသည် ရဲဘော်တူ၏အလောင်းကို လှေကလေးမှာတင်ပြီး သင်္ဘောနှင့် ပုဏ္ဏားကျွန်းထိ ဆွဲသွားသည်။ ဟိုရောက်တော့ ပုဏ္ဏားကျွန်းဆိပ်ကမ်းရှိ ဆန်စက်မှာပဲ မြုပ်နှံကာ တပါတ်တိတိ တပ်ခွဲတခွဲ ကင်းချထားပါသည်။ ကျမတို့ တပ်နဲ့ လူထုပါ အလောင်းလုရန်သွားခဲ့ကြပါသေးသည်။ ရန်သူနှင့် လူအား၊ ကျည်အား မမျှသဖြင့် ပြန်ဆုတ်ခဲ့ရပါသည်။ ရဲဘော်တူ ကျဆုံးခြင်းသည် ရခိုင်ပြည်နယ်၊ ပါတီ၊ လူထုနှင့် တော်လှန်ရေးအတွက် ကြီးမားသည့် ဆုံးရှုံးမှုဖြစ်သည်သာမက ဗမာတပြည်လုံးက တော်လှန်ရေးအတွက်လည်း ကြီးစွာသော ဆုံးရှုံးမှုတရပ်ဟု ကျမ ခံစားမိပါသည်။

## ဗိုလ်ကြီးသန်းမြင့်(ခေါ်) ရဲဘော် သန်းမြင့်

သူ့နာမည်ရင်းက (ငပုချေ)။ သူသည် ပင်ကိုယ်ဗီဇအရ အလတ်တန်းစား လယ်သမားအိမ်ထောင်စုမှ ဆင်းသက်လာသူပါ။သူအိမ်ထောင်ကျသည့်အခါ သူ့ဇနီး သည်က ချမ်းသာလယ်သမားအိမ်ထောင်စုမှ ဆင်းသက်လာသူဖြစ်သဖြင့် သူသည်လည်း ချမ်းသာလယ်သမားဗီဇသို့ ပြောင်းလဲသွားခဲ့သည်ဟု ဆိုရပါမည်။ သူ့ဇနီးသည်မှာ မောင်နှမ နှစ်ယောက်သာ ရှိသည်။ အကိုဖြစ်သူ အစောကြီးဆုံးပါသွားခဲ့သဖြင့် တဦး တည်းသော သမီးလို ဖြစ်လာသည်။ သူ့မိဘများ ပိုင်ဆိုင်သောပစ္စည်းများနှင့် လယ်ယာ မြေများကို သူတို့ဇနီးမောင်နှံနှစ်ဦးက ပိုင်ဆိုင်ရရှိလိုက်ပါသည်။ ထို့ကြောင့် သူသည် ချမ်းသာလယ်သမားဘဝ ပြောင်းလဲသွားသည်ဟု ဆိုရခြင်းဖြစ်သည်။

သို့ရာတွင် သူသည် ပစ္စည်းမဲ့လူတန်းစားဘဝသို့ ခံယူလိုက်ပြီးသည်၏ နောက် တွင် ပစ္စည်းမဲ့ရဲဘော်တယောက်ပီသစွာ ပါတီတာဝန်များကို ထမ်းဆောင်ခဲ့ ပါသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကတည်းက တက်ကြွစွာပါဝင်ခဲ့ဖူးသူ ရဲဘော်ကြီးတဦးဖြစ်သည်ဟုလည်း ကြားသိရပါသည်။ ဖက်ဆစ်ဂျပန်ခေတ်အပြီး ရခိုင်ပြည်နယ်တွင် သူပုန်ခေတ်တခေတ် ရှိခဲ့သေးသည်ဟု သူပြောပြဖူး၍ သိရှိခဲ့ရပါသည်။ သူပုန်ခေတ်ဟုသာ ခေါ်လေ့ရှိသော်လည်း အမှန်မှာ ဓားပြများ သောင်းကျန်းသောခေတ်ဖြစ်သည်။ ကျေး လက်တောရွာများတွင် ငွေကြေးရှိသည့်အိမ်များကို တိုက်ခိုက်လုယက်ကြခြင်း ဖြစ်သည် ဟု ဆိုသည်။ ထိုစဉ်ကလည်း သူသည် ကျေးရွာလူထုနှင့်အတူ ရပ်ရွာကာကွယ်ရေး အတွက် ဓားပြများကို ရှပ်ရှပ်ခွံ့ခွံ့ တိုက်ခိုက်နှိမ်နင်းခဲ့ရကြောင်း သူပြောပြသဖြင့် သိရှိ ရပါသည်။

သူသည် စစ်တွေခရိုင် အတွင်းရေးမှူးတာဝန်နှင့် ခရိုင်ဘဏ္ဍာရေးမှူးတာဝန် တို့ကို ထမ်းဆောင်ခဲ့သည်။ သူ့အနေနှင့် တော်လှန်ရေးအတွက် စွန့်လွှတ်ခဲ့ရသည်များ မနည်းလှပါ။ တခြားသူများကဲ့သို့ ကိုယ့်မိသားစုနှင့်ပင်လျှင် ပြန်တွေ့ဖို့ မလွယ်ကူခဲ့ပါ။ သူ့ဇနီးသည်မှာ ကျန်းမာရေးမကောင်းသူဖြစ်သဖြင့် တခြားခေါင်းဆောင်များ၏ဇနီး သည်နှင့် မိသားစုတွေလို သူ့ကို လာရောက်တွေ့ဆုံနိုင်ခြင်း မရှိသည့်အတွက် ဖြစ်ပါသည်။

အခြားခေါင်းဆောင်များသည် တနှစ်တခါ သို့မဟုတ် နှစ်ဝက်လောက်တွင်တခါ ကိုယ့်မိ သားစုနှင့် တွေ့နိုင်ကြသည်။ သူကတော့ သူ သွားမှသာလျှင် တွေ့ရှိနိုင်သည့်အခြေအနေ ဖြစ်နေသည်။ သူတို့ဇာတိဒေသမှာလည်း ရန်သူ့နယ်မြေဖြစ်နေသဖြင့် သူ မသွား ရောက်နိုင်ခဲ့ပါ။ သူ့မိသားစုနှင့် လေးငါးခြောက်နှစ်လောက်အကြာမှ တခါတရံ အဆင် ပြေလျှင် တွေ့ရတတ်ပါသည်။

နောက်ပိုင်း ပါတီအားနည်းလာပြီး တဖက်နိုင်ငံဘက်ဆီ ဆုတ်ခွာလာ ရသည့်အချိန်တွင် လူကြီးပိုင်းထဲမှ ဗိုလ်ကြီးတင်မောင်နှင့် သူပဲ လိုက်ပါလာသည်။ သူသည် ရဲဘော်ကျော်မြနှင့် သက်တူရွယ်တူပါ။ သည်လောက် အသက်အရွယ်ကြီးရင့်နေသည့် ပုဂ္ဂိုလ်တဦးဖြစ်သည့်တိုင် ငယ်ရွယ်သည့်ရဲဘော်များနှင့် တတန်းတည်း အတူနေ အတူ စားကာ တိုက်ပွဲပေါင်း မြောက်မြားစွာအတွင်း ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ပြီး ရဲဘော်များကို ဦးဆောင်မှုပေးနိုင်ခဲ့သူ ဖြစ်သည်။

သူသည် တဖက်နိုင်ငံစခန်းတခုတွင် လူကြီးရောဂါဖြင့် အသက်(၇၀) ကျော်အရွယ်တွင် ကွယ်လွန်သွားရှာပါသည်။ အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်ပြီး ရေရှည်တော်လှန်ရေးကို ဖြတ်သန်းကာ ရာသက်ပန်တော်လှန်ရေးဘဝအဖြစ်ခံယူဖို့ ဆိုသည်မှာ အပြောလွယ်သလောက် လက်တွေ့တွင် မလွယ်ကူကြောင်း စာနာ နားလည် ကြလိမ့်မည်ဟု ထင်ပါသည်၊ ဗိုလ်ကြီးသန်းမြင့်ကတော့ နောက်ဆုံးထွက်သက်အထိ ပါတီကို ဖက်တွယ်ရင်း ကွယ်လွန်သွားသူဟု ကျမ ခံစားနားလည်မိပါသည်။

## ဗိုလ်ကြီးတင်မောင်(ခေါ်) ရဲဘော်တင်မောင်

သူသည် ဗမာတပ်မတော်သားဟောင်း တယောက်ဖြစ်ပြီး ဗမာအမျိုးသားပါ။ ပါတီဗဟိုမှ သူ့ကို ဆက်သွယ်ရေးတာဝန် ထမ်းဆောင်ရန် ရခိုင်ပြည်နယ်သို့ တာဝန် လွှဲအပ်ပေးလိုက်သဖြင့် ရခိုင်ပြည်နယ်သို့ ရောက်လာခြင်းဖြစ်သည်။ ပါတီအလံ တော်အောက်မှ ရခိုင်ပြည်နယ်၏တော်လှန်ရေးသမိုင်းတွင်၊ သူ့ရဲ့အခန်းကဏ္ဍသည် မသေးလှဟု ကျမ ထင်မြင်ယူဆမိပါသည်။သူသည် သူ့တသက်တာလုံး ဆက်သွယ်ရေး တာဝန်ကို ထမ်းဆောင်သွားခဲ့ပါသည်။ သင်တန်းပေါင်းများစွာကိုဖွင့်ပြီး ဆက်သွယ်ရေး တပ်သားပေါင်း အများအပြားကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည်။ သည်ကဲ့သို့ ဆက်သွယ် ရေးလုပ်ငန်းတွေရှိနေမှုကြောင့် ရခိုင်ပြည်နယ်ရှိ ပါတီနှင့် တော်လှန်ရေးတပ်ဖွဲ့များသည် ရန်သူ၏ကြီးမားသော ထိုးစစ်များကိုရှောင်တိမ်းနိုင်ခဲ့ပါသည်။ ရန်သူကိုလည်း လက်ဦး မှုရှိစွာ တိုက်ခိုက်နိုင်ခဲ့သည်။

သူသည်ရဲဘော်များနှင့်ဆက်ဆံရာတွင်လည်း အလွန်အဆင်ပြေအောင် ဆက်ဆံတတ်ပါသည်။ အခက်အခဲအပင်အပန်းလည်း ခံနိုင်ပါသည်။ သူ့အတွက်နှင့် တခြားရဲဘော်များ ဝန်ပိမှာကို အလွန်စိုးသော ရဲဘော်တယောက်ပါ။ အလုပ်လည်း အလွန် ကြိုးစာသူတယောက် ဖြစ်သည်။ ထို့ကြောင့် ရဲဘော်များ၏ချစ်ခင်လေးစား မြတ်နိုးမှုကို ခံယူရရှိခဲ့ပါသည်။ သူသည် အနုပညာကို ဝါသနာပါသူတယောက်ဖြစ်ပြီး၊ အားကစားကိုလည်း လိုက်စားပါသည်။ ပလွေကောင်းကောင်းမှုတ်တတ်ပါသည်။ ပါတီ၏နေ့ထူးနေ့မြတ်တွေမှာဆို ရဲဘော်များနှင့် ပေါင်းစပ်ပြီး တက်ရောက်လာကြသည့် လူထုများကို အတီးအမှုတ်တွေနှင့် ဖျော်ဖြေတတ်သည်။ ပွဲတီနေ့နှင့် တော်လှန်ရေးနေ့ ပွဲလမ်းသဘင်များတွင် ရဲဘော်များ၏ တောင်းဆိုချက်အရ ရဲဘော်ကျော်မြရော၊ ဗိုလ်ကြီးတင်မောင်တို့ပါ သီချင်းများ ရေးစပ်ပေးကြရပါသည်။

(ဤနေရာတွင် အလျဉ်းသင့်သဖြင့် ရဲဘော်ကျော်မြနှင့် ဗိုလ်ကြီးတင်မောင်တို့ ရေးစပ်ခဲ့သော သီချင်းကလေးများကို အမှတ်တရ မှတ်တမ်းအဖြစ် ဖော်ပြလိုက်ပါသည်။

၁။ ဆန်ရေစပါးပေါ်များလို့ရယ် ×××ငွေဝတီလို့ခေါ်ကတ်ပါရယ် ×× ရက္ခပူရ တိုင်း ငွေဝယ်×× ဝေတ်တယ်ဆိုတာမကြားဘူးပါရေ ×× ဖက်ဆစ်နေဝင်းတက်လာမှကွယ် ×× ဒို့ပြည်သူများငတ်သေရရေ×× ထမင်းမဝလို့ဆန်တောင်းသူတွေ×× စက်သေနတ်နဲ့ ပစ်သတ်ပြန်ရေ×× ဒီအတိုင်းသာ ခံကတ်လေ×× ရခိုင်မျိုးပါ ပြုတ်ပါရမယ်××

ရရာလက်နက်စွဲကိုင်ကာရယ်××နေဝင်းအစိုးရ ဖြုတ်ချစို့ကွယ်××ပြည်သူများ သာစည်းလုံးရင် လေ×× နေဝင်းအစိုးရ မုချပြုတ်မယ်×× ပြည်သူ့အစိုးရထူထောင်မှကွယ် ×× ပြည်သူ့ဘဝ သာယာလာမယ် ×× အလိုဗျာ အောင်ပွဲယူကြစို့လား ××

၂။ တသောင်းဖွယ်ချက် ရက္ခမင်္ဂလာ ဘုံမဟီ××ဆန်ရေစပါးတွေ ပေါကြွယ်ဝ သည်××ဒို့ပြည်သူများမှာဖြင့်××စားစရာခါလီ×ဝတ်စရာလည်း မရှိပြီ×× ဖိနှိပ်ဒဏ် မခံပြီ××(လက်နက်စွဲကိုင် တော်လှန်ပါမည်)၂××ပြည်သူ့အာဏာ ထူထောင်စို့ ညီ×× လုံခင်နှမ အချစ်ဆုံးခင်ခင်မဒီ××(မှတ်ချက်။။ နှစ်ပါးသွား အကအတွက် ရေးစပ် သော သီချင်းပါ။)

၃။ တပ်မတော်သားတဲ့ ဇာနည်မောင်×မကြောက်ရွံ့ပါ နောက်မတွန့် ပါ××ရန်တကာ မြန်မကြာ××နေဝင်းအစိုးရပြုတ်အောင် ဒို့တိုက်မှာ×× ဘာမထီ စိတ်ဓာတ်နဲ့ အပြည့်အဝပါ××ပြည်သူ့အတွက် အသက်ပေးတိုက်ခိုက်မှာ××ဓားချင်း မှန်မယွင်း မာန်သွင်း×ချိန်ကာ ပြိုင်ကာ× ×နေဝင်းအစိုးရပြုတ်အောင် ဒို့တိုက်မှာ××

ပထမသီချင်း၂–ပုဒ်ကို ရဲဘော်ကျော်မြရေးဖွဲ့ပြီး တတိယတပုဒ်ကိုတော့ ရဲဘော်ကြီး ဗိုလ်တင်မောင်က ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။)

ရဲဘော်ကြီး ဗိုလ်တင်မောင်သည် သူ့မိသားစုကိုလည်း အလွန်ချစ်မြတ်နိုးပါ သည်။ သူ့တွင် သမီးတယောက် သားတယောက်ရှိသည်။ သူတို့မိသားစုသည် အခြား မိသားစုများနှင့် မတူဘဲ အနည်း ငယ် ထူးခြားမှုရှိဟု ကျမထင်သည်။ ကျမသိသလောက် ဗိုလ်ကြီးတင်မောင်သည် ရခိုင်ပြည်နယ်ရောက်မှ အိမ်ထောင်ကျခဲ့ခြင်းဖြစ်သည်။ အသက်အတော်ကြီးမှ အိမ်ထောင်ကျခဲ့တာဖြစ်သည်။ သည့်အတွက်ကြောင့်လား မပြောတတ်။ သားသမီးများကို အလွန်ချစ်ခင်ယုယစွာ ပြုစုတတ်သူ တယောက် ဖြစ်ကြောင်း တွေ့ရသည်။

သူ့ဇနီးသည်မှာ ကျောက်ဖြူ"ခလက်ရွာ"သူဖြစ်ပါသည်။ သူ့ဇနီးသည်မှာ ပါတီထံ လိုက်လာခဲ့သော်လည်း ပါတီ၏ တရားဝင်ရဲဘော်တယောက်မဟုတ်ပါ။ သူက အရပ်သားနောက်ပိုင်းအိမ်ထောင်သည်အဖြစ်သာ နေလိုပါသည်။ ဘယ်လိုပဲ တိုက်တွန်း သော်လည်း တရားဝင်ရဲဘော်တယောက်အဖြစ် သူက မခံယူလိုပါ။ သို့ရာတွင် စခန်း လုပ်ငန်းပဲဖြစ်ဖြစ်၊ တခြားဘာတာဝန်ပေးပေး သူသည် တက်တက်ကြွကြွ နှင့်တာဝန် ထမ်းဆောင်ပါသည်။ သူသည် အချက်အပြုတ်လည်း ကောင်းသည်။ စခန်းတွင် သားငါး၊ ဟင်းကောင်းချက်လျှင် အများအားဖြင့် သူပဲချက်၊ နေထိုင်မကောင်းသည့် ရဲဘော်များ ကိုလည်း သူပဲ စောင့်ရှောက်ပါသည်။ ကျမအပါအဝင် စခန်းရှိ ရဲဘော်များသည် မိဝေးဖဝေးနေကြရသူတွေဖြစ်၍ သူကို အမေတယောက်လို ခင်မင်မိပါသည်။

သူတို့ ဇနီးမောင်နှံဟာလည်း တဦးကိုတဦး အပြန်အလှန်ဂရုစိုက်ကြ ပါသည်။ "ကိုတင်မောင်ကြီးရယ်၊ မရှင်ရယ်"နှင့် နေထိုင်ပြောဆိုကြတာ တကယ့်ကို အတုယူ စရာကောင်းသည်ဟု ကျမခံစားမိပါသည်။

၁၉၆၆ ခုနှစ်ကုန်ခါနီးတွင်မှာတော့ သူတို့မိသားစုသည် တကွဲတပြား စီဖြစ်သွားခဲ့ရသည်။ အကြောင်းမှာ သူတို့စခန်း အတိုက်ခံရ၍ ရဲဘော်တယောက်ကျ၊ တယောက်ဒဏ်ရာရပြီး သူတို့သားအမိ ၃ ယောက်လုံးလည်း အဖမ်းခံလိုက်ရသည်။ စခန်းအတိုက်ခံရစဉ် ဗိုလ်ကြီး တင်မောင်သည် အစည်းအဝေးသွားနေ၍ စခန်းတွင်မရှိပါ။ စခန်းတွင်း ရန်သူဝင်လာသည့်အခါ အဒေါ်မရှင်သည် ကလေးနှင့် အတူမရှိ၊ အနည်းငယ် ဝေးသည့်နေရာ ရောက်နေ၍ သူ ပြေးလျှင် လွတ်မည်ဖြစ်သော်လည်း ကလေးတွေ ကျန်နေ၍ အဖမ်းခံလိုက်ခြင်းဖြစ်ပါသည်။ တကယ့်မိခင်ကောင်းတယောက်ပါ။

ရန်သူဘက်ကလည်း ကုလားစစ်ဗိုလ်တယောက်ကျပြီး တယောက်ဒဏ်ရာ ရသွားသည်။ ထို့ကြောင့် ရန်သူစစ်ဗိုလ်တယောက်က သူတို့သားအမိ ၃ ယောက်ကို စခန်းတွင်ပဲ အပြတ်ရှင်းပစ်မလို့ပါ။ ဒါပေမဲ့ တခြားဗိုလ်တယောက်က သဘောမတူ၍ သူတို့ကို ပုဏ္ဏားကျွန်းမှတဆင့် စစ်တွေအချုပ်မှာ ၃ လလောက်ထားပြီး စစ်တွေ ထောင်မှာ ၄ နှစ်ချလိုက်ပါသည်။ စခန်းတွင် စက်အမျိုးမျိုးနှင့် ဆက်သွယ်ရေး ပစ္စည်းထား သည့် နေရာကို သူ အကုန်သိပါသည်။ ဒါပေမဲ့ ရန်သူစစ်မေးသောအခါ တခွန်းမှ သူပြောမပြပါ။ ဒဏ်ရာရ ရဲဘော်သည်ပင်လျှင် သူ့ကို ဖမ်းမိသွားသည့်အခါ တစုံတရာ ဖော်ပြောသေးသည်။ (ထိုရဲဘော်သည် ထောင်ကလွတ်သည့်အခါ တော်လှန်ရေးကို စွန့်လွှတ်ပြီး အိမ်ပြန်သွားခဲ့သည်) အဒေါ်မရှင်ကတော့ အဲသလို တခွန်းတပါဒမျှ ပါတီနှင့် တော်လှန်ရေး ထိခိုက်နစ်နာအောင် ထုတ်ဖော်ပြောပြခြင်း မရှိပါ။

သူ့ကို ခေါ်ထုတ်စစ်ဆေးတော့ သူက "ကျမဟာ ရဲဘော်လည်း မဟုတ်၊ သူတို့ ဘာတွေလုပ်ကြတယ်ဆိုတာလည်း ကျမမသိ၊ နားလည်း မလည်ဘူး။ ကျမ ယောကျ်ားကို ကျမချစ်လို့ ဒီမှာလိုက်နေတာ။ ရှင်တို့ သတ်လိုရင်လည်း သတ်တော့" လို့ပဲ ပြောသည်။ ရန်သူက စာရွက်နှင့် ခဲတံချပေးပြီး စခန်းတွင် ပစ္စည်းထားတဲ့နေရာ မြေပုံဆွဲပြခိုင်းပြီး၊ စက်တွေ ပုံသဏ္ဌာန်ကိုလည်း ပုံဆွဲပြခိုင်းသတဲ့။ သူက တရွက်ပေါ်မှာ စာမျက်နှာလုံးပြည့်အောင် တလုံးတည်းသော ဝလုံးကို ရေးပြလိုက်ပြီး "ကျမ စာမတတ်ပါ။ မြေပုံဆိုတာ ဘယ်ပုံစံလဲဆိုတာလည်း ကျမမသိပါ"ဟု အစစ်ခံသတဲ့။ "နင့်ကို လွှတ်လိုက်လျှင် ဘယ်ကိုသွားမလဲ"ဟု မေးပြန်ရာ သူက "ကျမယောကျ်ား ဆီသွားမှာပေါ့"ဟူ၍သာ ပြန်ဖြေခဲ့သည်။ "နင့်ယောကျ်ားဆီမှာ နေရတာ ဒီလောက် ဒုက္ခကြီးတဲ့ဟာ။ ကိုယ့်ရွာကိုယ် ပြန်တော့။ ငါတို့ပို့ပေးမယ်" ဟုပြောတော့ "ကျမ ရွာမပြန်ဘူး။ မိဘတွေလည်း မရှိကြတော့ဘူး။ညီအကိုမောင်နှမတွေလည်း ကိုယ့်အိမ် ထောင်နဲ့ကိုယ်ဖြစ်နေကြပြီ။ ကျမလည်း ကိုယ့်အိမ်ထောင်နဲ့ကိုယ်ပဲ။ ဒါကြောင့် ကျမယောကျ်ားရှိရာကိုပဲ သွားမယ်"ဟုသာ ပြန်ဖြေခဲ့သည်။ ကလေးနှစ် ယောက်ကို တော့ သူ့အမေ ထောင်သက် ၂ နှစ်မှာပဲ မွေးစားမယ့်လူကိုပေးရန်ဆိုပြီး ယူဂျီ ရဲဘော်များက ထုတ်ခဲ့သည်။

၄ နှစ်အကြာမှာတော့ အဒေါ်မရှင်ကို ထောင်မှလွှတ်ပေးလိုက်သည်။ တကယ်ပဲ အဒေါ်မရှင်သည် တပ်ထဲကိုပဲ ပြန်လာခဲ့ပါသည်။ သူ့တို့မိသားစုနှင့် သူတို့ ကလေးများသည် ကျမတို့မိသားစုနှင့် တမိသားစုထဲပမာ နေလာခဲ့ကြပါသည်။ ကျမ ကလေး "ကြည်ကြည်" ကိုလည်း အသက် ၂ နှစ်ကျော်အထိ သူတို့ ထိန်းခဲ့တာဖြစ်ပါ သည်။ ကြည်ကြည် ၂ နှစ်ကျော်အရွယ်မှာ ရန်သူလှုပ်ရှားမှုနောက်လာသည့်အခက် အခဲကြောင့် ကျမတို့ စခန်းနှစ်စုခွဲကြရသည့်အခါ ဗိုလ်ကြီးတင်မောင်ဦးဆောင်သော စခန်းက သီးခြားတခုဖြစ်သွားသည့်အတွက် ကျမတို့ ခွဲခဲ့ရပါသည်။

သူတို့မိသားစုသည် အခက်အခဲကို ကြံ့ကြံ့ခိုင်ခိုင်နှင့် ရုန်းကန်ကျော်လွှား နိုင်သော မိသားစုဖြစ်သည်။ ဗိုလ်ကြီးတင်မောင်သည် နယ်စပ်တနေရာမှာ ကျန်ခဲ့သည့် ရဲဘော်များကို သွားကြည့်ရင်းနှင့် နယ်စပ်စခန်းအတိုက်ခံရ၍ ဗိုလ်ကြီးတင်မောင် တယောက် ဂုဏ်ရောင်ပြောင်စွာ ကျဆုံးခဲ့ရရှာပါသည်။ သူ့ဇနီးလည်း သူချစ်မြတ်နိုး သော ခင်ပွန်းကျဆုံးပြီး မကြာခင်မှာပဲ သောကမီးကြောင့် လူကြီးရောဂါဝင်လာပြီး ဆုံးပါး သွားခဲ့ရရှာပါသည်။ သူတို့တွင် ကျန်ခဲ့တဲ့ သားတယောက်၊ သမီးတယောက်တို့ကတော့ တဖက်နိုင်ငံတွင်သာ ဆက်လက်နေထိုင်ပြီး အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှား ရုံးကန်နေကြဆဲပါ။

## စံပြအမျိုးသမီးရဲဘော်ကြီး ဒေါ်ညွန့်

ဒေါ်ညွန့်သည် ရခိုင်ပြည်နယ်တော်လှန်ရေးအတွင်း ရှားရှားပါးပါး ပေါ်ထွက် လာခဲ့သည့် ခေါင်းဆောင်တဦးဖြစ်သလို ကျမအထူးလေးစားသည့် အမျိုးသမီးခေါင်း ဆောင်လည်း ဖြစ်ပါသည်။ သူသည် နောက်ဆုံးထွက်သက်အထိ ရန်သူကို အညံ့မခံ အရှုံးမပေးသော စိတ်ဓာတ်နှင့် ဂုဏ်ရောက်ပြောင်စွာကျဆုံးသွားသည့် အမျိုးသမီး တယောက်လည်း ဖြစ်သည်။

ရဲဘော်ဒေါ်ညွန့်၊ သူ့နာမည်ရင်းက မညွန့်ပါပဲ။ စစ်တွေဇာတိဟု သိရသည်။ သူသည် အတော်အတန်ချမ်းသာသည့် အိမ်ထောင်တခုမှ မွေးဖွါးလာသူ ဖြစ်သည်ဟု ယူဂျီ ရဲဘော်တယောက်က ပြောပြဖူးသည်။ သူသည် ပြည်နယ်အတွင်းရေးမှူးဖြစ်သည့် ရဲဘော်ကျော်မြ၏ ပထမဇနီးသည်ဖြစ်ပြီး ပညာတတ်ရဲဘော်တယောက်လည်း ဖြစ်သည်။ ဒေါ်ညွန့်သည် တက္ကသိုလ်တွင် အင်္ဂလိပ်စာပြဆရာမ လုပ်ခဲ့ဖူးသည်ဟု ဆိုသည်။ ရဲဘော် ကျော်မြနှင့်သူသည် ငယ်စဉ်ကပင် မေတ္တာမျှလာခဲ့ကြပြီး ကျောင်းပြီးသွားပြီးနောက် လုပ်ငန်းခွင် အသီးသီးဝင်ပြီးမှ နှစ်ဘက်မိဘများ သဘောတူညီမှုနှင့် စည်ကား သိုက်မြိုက် စွာ လက်ထပ်ပေးခြင်းခံခဲ့ကြရသည့် ဇနီးမောင်နှံပါ။ တော်လှန်ရေး လုပ်တော့လည်း အတူတူ၊ တောခိုတော့လည်း အတူတူပါ။ ဒေါ်ညွန့်သည် စစ်တွေခရိုင်၊ ခရိုင်ကော်မတီဝင် အမျိုးသမီးတာဝန်ခံ တယောက်ဖြစ်ပါသည်။ သူ့တွင် သားသမီးမရှိသည့်အတွက် တော်လှန်ရေးကို အနှောင် အဖွဲ့မရှိ ၊ တက်ကြွစွာဖြင့် လူထုလုပ်ငန်းတော်တော်များများကို လုပ်ဆောင်နိုင်ခဲ့သည်။ သူနှင့် ရဲဘော်ကျော်မြတို့တွင် တောခိုစဉ်က ပါလာသော ရွှေငွေလက်ဝတ် ရတနာ တွေကိုလည်း ပါတီ ခက်ခဲချိန်မှာ ပါတီကို အကုန်လှူခဲ့ကြကြောင်း အတူလုပ်ခဲ့ကြသည့် ရဲဘော်များပြောပြ၍ သိခဲ့ရသည်။ သူ နယ်တကာကိုလှည့်ပြီး တရားဟောပြော စည်းရုံး ရေးဆင်းတာကို ကျမ တပ်ထဲရောက်မလာမီကပင် ကြားဖူးနေခဲ့ရသည်။ ကြား ကတည်းက လေးစားခဲ့ရတာပါ။ ကျမတို့အရပ်ကိုတော့ သူမရောက်လာလို့ လူကိုတော့ မမြင်ဘူးလိုက်ပါ။

ထိုစဉ်က ကျမတို့ ဒေသဘက်မှာ ရန်သူကင်းစခန်းတွေရှိနေလို့ ကျမတို့အရပ် ကို သူမရောက်နိုင်ခဲ့တာပါ။ သူ့တို့တွင် သားသမီးမထွန်းကားသည့်အတွက် သမီးလေး တယောက်ကိုမွေးစားထားပါသည်။ အဲဒီသမီးလေးသည် ယခု ကျမသမီး စန်းစန်းပဲ ဖြစ်ပါသည်။

၁၉၆၅ ခုနှစ်မှာတော့ မဲခင်တောင်ခြေရှိ ရခိုင်ပြည်နယ်၊ ပါတီစခန်း အတိုက် ခံခဲ့ရစဉ် ရဲဘော်ဒေါ်ညွန့်ကျဆုံးခဲ့ရသည်။ ၎င်းတိုက်ပွဲတွင် ပါတီဘက်မှ ရဲဘော် ခြောက် ယောက်ကျဆုံးခဲ့ရသည်။ အမျိုးသမီးက ၂ ယောက်ပါ။ ၎င်းအမျိုးသမီး ၂ ယောက်မှာ ဒေါ်ညွန့်နှင့် သူ့ကိုယ်ရံ အမျိုးသမီးရဲဘော်လေးတယောက်တို့ ဖြစ်ကြပါသည်။ ကိုယ်ရံ ရဲဘော်လေးမှာ ခမီးအမျိုးသမီးလေးပါ။ အမျိုးသားရဲဘော် ၄ ယောက်ထဲမှ တယောက် ကိုတော့ ကျမ နာမည်သိပါသည်။ သူ့နာမည်က မောင်လှညိုဟု ခေါ်ပါသည်။ သူသည် ရုံးအဖွဲ့ တာဝန်ခံဖြစ်သည့်အတွက် လက်နှိပ်စက်ကိုထမ်းပြီး ပြေးရာမှာ နောက်မှနေ၍ ရန်သူက လိုက်ပစ်သည့်အတွက် ကျဆုံးခဲ့ရပါသည်။ ဒေါ်ညွန့်နှင့် သူ့ကိုယ်ရံ ရဲဘော်မ လေးတို့သည် ဒဏ်ရာရပြီး ဖမ်းမိသွားစဉ်မှာပင် ရန်သူက မတရားပြုကျင့်ကာ လုံ့စွပ်ထိုးပြီး ရက်စက်ယုတ်မာစွာ သတ်ပစ်ခဲ့ကြသည့်အတွက် ရန်သူအပေါ် နာကြည်း မုန်း တီးသည်နှင့်အမျှ တော်လှန်ရေးအတွက် မွန်မြတ်စွာ အသက်ပေးလှူသွားသော သည့်အမျိုးသမီးရဲဘော်နှစ်ဦးအား လှိုက်လဲစွာ လေးစားဂုဏ်ပြုမိပါသည်။

## တပ်စိတ်မှူး ရဲဘော်လှဦး(ခေါ်) မလှဦး

ရဲဘော်မလှဦးမှာ ချင်းအမျိုးသမီးရဲဘော်တယောက်ပါ။ သူ့ကိုယ်ခန္ဓာဖွဲ့ စည်းပုံအရ အနည်းငယ် ဝသည်ဟု ထင်ရသော်လည်း သူသည် လှုပ်ရှားရာမှာ အင်မတန်ပေါ့ပါးသွက်လက်သည့် အမျိုးသမီးတယောက်ဖြစ်ပါသည်။ ဉာဏ် အမြော် အမြင်လည်း ကောင်း၊ အတွေးအခေါ်လည်း ကောင်းသည်။ ထို့ကြောင့်ပင် ပြည်နယ်တပ် အမျိုးသမီး တပ်စိတ်မှူးအဖြစ် သူကို ရွေးချယ်လိုက်ကြသည်ဟု ထင်ပါသည်။

သူနှင့် ကျမတို့မိသားစု အထူးရင်းနှီးခင်မင်ခဲ့ကြသည်။ သူဟာ လက်မှု အတတ်ပညာ အတိုအထွာလေးတွေ လုပ်တတ်သလို ယောကျ်ားလေးတယောက်လို သစ်ပင်တွေကိုလည်း တက်နိုင်သည်။ ထိုမျှမက ဆံပင်လည်း ညှပ်တတ်သည်။ ကျမ ကလေးတွေနှင့်တော့ ညီအမ ရင်းချာတွေလို နေလာခဲ့ကြတာပါ။ ကျမ၏ဆုံးသွားသည့် သမီးနှင့်ကတော့ တကယ့်ညီမရင်းချာလို ပိုမိုခင်မင်တွယ်တာကြသည်။ ကျမသမီးသည် ဆံပင်ညှပ်ချိန်တန်လျှင် မမ မလှဦးညှပ်မှဆိုပြီး သူခရီးထွက်နေပါက ပြန်လာချိန်အထိ စောင့်ပါသည်။ ရှေ့မှာ ကျမရေးခဲ့သလို ကျမတို့ စခန်း အတိုက်ခံရသဖြင့် ဆုတ်ခဲ့ကြသည့် အခါတွင် ကျမတို့အဖွဲ့နှင့်အတူ ၁၂ ယောက်ပါသည့် သူတို့အမျိုးသမီးတပ်စိတ်မှ မလှဦးအပါအဝင် (၃) ဦး ပါရှိလာခဲ့သည်။

ကျမတို့အဖွဲ့မှာ လမ်းပြမပါသည့်အတွက် လမ်းမှားကြသည့်အခါ သူပဲ သစ်ပင်ပေါ်တက်ပြီး အရှေ့အနောက် တောင်မြောက်ကြည့်ကာ လမ်းရှာခဲ့ပါသည်။ ထိုစဉ်က အဖြစ်အပျက်ကလေးကို မျက်စိထဲ မြင်ယောင်မိသဖြင့် အနည်းငယ် ရေးပြပါဦးမည်။

ကျမတို့အစုတွင် ကလေးအမေနှင့် လူကြီးတွေ၊ အမျိုးသမီးတွေသာ များပါသည်။ သန်သန်မာမာ ရဲဘော်ဆိုလို့ ဆေးမှူးအောင်ကျော်ခိုင်နှင့် ရဲဘော်ဖြူသာဦး တို့နှစ်ယောက်သာ ပါရှိနေသည်။ ထူးခြားတာက ဆေးမှူးနှစ်ယောက်စလုံး ကျမတို့ အဖွဲ့မှာ ပါလာတာပါ။ စခန်းမှ ဆုတ်လာပြီး ၂ ရက်ရောက်လာခဲ့သည့်တိုင် ကျမတို့ အဖွဲ့သည် စခန်းနှင့် သိပ်မဝေးသည့်နေရာမှာပဲ ရှိနေပါသေးသည်။ ဘယ်ဘက်ကို ဦးတည်သွားရမည်ဆိုသည်ကိုပင်လျှင် မသိနိုင်အောင် ဖြစ်နေကြသည်။ ထိုအချိန်တွင် စက်အဖွဲ့ တာဝန်ခံ ဗိုလ်ကြီးတင်မောင်က ယောကျ်ားလေးဖြစ်သည့် ရဲဘော်ဖြူသာဦးကို ခေါ်ပြီး “သစ်ပင်တပင်ကို တက်ကြည့်ကွာ။ ဘယ်ဘက်မှာ တောင်ယာကိုမြင်သလဲ၊ တောင်ယာမှာ လူရှိမယ်” ဆိုပြီး တောင်ယာမြင်အောင် သစ်ပင်တက်ကြည့်ခိုင်းပါသည်။ သည်တော့ ရဲဘော်ဖြူသာဦးသည်လည်း အလွန်အားနာတတ်သူဖြစ်၍ လူကြီးက တာဝန်ပေးသည့်အခါ ထမ်းဆောင်မည့်ဟန် ပြင်လိုက်ပါသည်။ သို့ရာတွင် ခက်တာက သူ သစ်ပင်မတက်တတ်ပါ။ ဒါကို သူပြောမထွက်၊ ဗိုလ်ကြီးတင်မောင်က စိတ်မရှည်တဲ့ ပုံစံနှင့် “လုပ်ကွာ သစ်ပင်တပင်ကိုကြည့်ပြီးတက်”ဟု ထပ်ခိုင်းနေပြန်သည်။ အဲဒီအခါကျမှ သူ့ခမျာ မပြောမဖြစ်ပြောထွက်လာတာက “ဗိုလ်ကြီး၊ ကျနော် သစ်ပင် မတက်တတ်ပါဘူး”တဲ့။ “ကျနော် ရန်သူနဲ့ တိုက်ရမှာမကြောက်ပါဘူး။ ဒါပေမဲ့ သစ်ပင် တက်ရမှာတော့ ကြောက်တယ်။ ဒူးတုန်နေပါတယ်”တဲ့။ သူဒီလိုပြောလာတော့ ကျမတို့တတွေလည်း ငိုအားထက် ရယ်အားသန်ဆိုသလို အားလုံးဝိုင်းရယ်လိုက်ကြ သည်။

ဗိုလ်ကြီးတင်မောင်လည်း အများနည်းတူရယ်ပြီး “ဩော်… ဒီလိုလား”ဆိုပြီး ဆက်မပြောတော့ပါ။ အဲဒီအချိန် အနားရပ်နေသော ရဲဘော်မလှဦးက ဗိုလ်ကြီး တင်မောင် ဘက်ကိုလှည့်ကာ “ဗိုလ်ကြီး ကျမတက်မယ်”တဲ့။ အားလုံးက သူ့ကိုဝိုင်းကြည့်ကြသည်။ ဟုတ်ရဲ့လားဆိုသည့် အကြည့်ပါ။ သည့်နောက် မလှဦးက “ဗိုလ်ကြီးတို့ လူကြီးတွေ ဟိုနားကို ခဏလောက်သွားနေကြပါ။ ကျမနဲ့ အောင်ညိုဖြူပဲ ဒီနားမှာ နေမယ်။ အောင်ညိုဖြူက အောက်က စောင့်ဖို့ပါ”တဲ့။ ဒီလိုအခက်အခဲထဲမှာ နောက်တာတော့ မဖြစ်နိုင် ကြောင်းကို အားလုံးသိကြသည်။ ဗိုလ်ကြီးတင်မောင်က “မလှဦး၊ မင်းဖြစ်ပါမလား”ဟူ၍ ထပ်မေးတော့ သူက “ဖြစ်ပါတယ်၊ ကျမတက်နေ ကျပါ”တဲ့။ ထို့ကြောင့် သူ့တောင်း ဆိုချက်အတိုင်း လူကြီးတွေနှင့် အမျိုးသားရဲဘော် များ နည်းနည်းရှဲပေးလိုက်ကြသည်။ သူလည်း သစ်ပင်ခပ်မြင့်မြင့် တပင်ကိုတက်ပြီး ကြည့်သည်။ တောင်ယာတွေကို မြင်ရကြောင်း သူသစ်ပင်ပေါ်က လက်ဟန်ခြေဟန်နှင့် ပြောပြသည် ။ “မြင်ရလျှင် ဆင်းခဲ့တော့”ဟု ဆိုမှ သူပြန်ဆင်းလာသည်။ ကျမတို့ အဖွဲ့သည် သူ ညွှန်ပြသည့်ဘက်ဆီ ဦးတည်လျှောက်ခဲ့ကြသည်။ သူသည် ဘယ်ကိစ္စမျိုး မဆို ထိုကဲ့သို့ပင် ပေါ့ပါးဖျတ်လတ်စွာနှင့် တာဝန်ကို သူကပင် စတင်တောင်းဆို၍ လုပ်ကိုင် ဆောင်ရွက်တတ်သူပါ။

မလှဦးသည် ရန်သူနှင့်တိုက်ခိုက်ရာတွင်လည်း ရဲစွမ်းသတ္တိ ရှိသည်။ သူတို့ အမျိုးသမီးတပ်စိတ်သည် အမျိုးသားတပ်စိတ်များနှင့်တန်းတူ နယ်တွေမှာ လှုပ်ရှားခဲ့ ကြသည်။ အပြင်ထွက်၍ လှုပ်ရှားသည့်အခါ အမျိုးသမီးများသည် အမျိုးသားများထက် အခက်အခဲတွေ ပိုများသည်ဟု ဆိုရမည်။ မိုးတွင်းဆိုလျှင် မိုးကာစနှင့် ကိုယ်ကို ပတ်လိပ်ပြီး အိပ်ကြရသည်။ တချို့အမျိုးသမီးများ ကျန်းမာရေးအရ မခံနိုင်သည့် အတွက် နောက်တန်းသို့ ပြန်လည် ခေါ်ယူရသည်များလည်း ရှိခဲ့သည်၊ မလှဦး ကတော့ အခက်အခဲများကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့သည်၊

“အပေါက်ဝရွာ”ရှိ ပုလိပ်စခန်းကို တိုက်ခိုက်သိမ်းပိုက်သည့်အခါ သူတို့ အမျိုးသမီး တပ်စိတ်လည်း ပူးတွဲပါဝင်ခဲ့သည်။ နံနက်လေးနာရီအချိန်တွင် စခန်းကို တိုက်သိမ်းနိုင်ခဲ့သည်။ သုံ့ပန်းများကို ၎င်းတို့၏ ဆက်သွယ်ရေးမြောင်းထဲတွင် ဖမ်းထား ကာ အမျိုးသမီးတပ်စိတ်ကို စောင့်ကြပ်ရန် တာဝန်ပေးထားသည်။ အမျိုးသား တပ်စိတ်များက စခန်းရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြ၏။ မိုးမလင်းသေးမီအချိန်က မြောင်းထဲတွင်အဖမ်းခံထားရသော သုံ့ပန်းများသည် သူတို့ကို စောင့်ကြပ်ထိန်းသိမ်းထားသူများမှာ အမျိုးသားရဲဘော်များသာဟု ထင်ခဲ့ကြပါသည်။

မိုးနည်းနည်းလင်းလာသည့်အခါ အမျိုးသမီးများ ဖြစ်မှန်းလည်းသိရော “ဟာ…မိန်းမတွေပါလား”ဆိုပြီး နည်းနည်း လှုပ်ရှားချင်ကြသည်။ မလှဦးက သုံ့ပန်းပေါ် လစီကို ရှင်းပြပြီး “ခင်ဗျားတို့ သုံ့ပန်းတွေ ဖြစ်နေကြပြီ။ ဘာမှ လှုပ်ဖို့ မကြိုးစားကြပါနဲ့။ ပါတီရဲ့ သုံ့ပန်းပေါ်လစီအရ ခင်ဗျားတို့ကို မသတ်ပါဘူး။ နောင်လည်း လာတိုက်ရင် အမြန်လက်နက်ချလိုက်ကြပါ”ဟု ပြောပြစည်းရုံးတော့ သုံ့ပန်းတယောက်က “နောက် တခါ လက်နက်ချဖို့ မပြောနဲ့၊ ခုတခါ မိန်းမတွေဆီမှာ သုံ့ပန်းဖြစ်ရတာ ကိုယ့်ရင်ကိုယ်ထုပြီး သေလိုက်ချင်သေးတယ်”ဆိုပြီး မြောင်းထဲက တက်ပြေးဖို့ ကြိုးစားမည်ပြုသည်။ ထိုအခါ မလှဦးက နေဝင်းစတင်းနှင့် သူ့ဦးခေါင်းပေါ်က ဖြတ်ပြီး ပစ်ထည့်လိုက်မှ ငြိမ်ကျသွားဟု သိရှိရပါသည်။

သူသည် အဘက်ဘက်တွင် အားကိုးအားထားပြုနိုင်လောက်သော သူ ဖြစ်သည်။ စခန်းမှာနေလျှင် အချက်အပြုတ်ဘက်တွင်လည်း ကျွမ်းကျင်သူ ဖြစ်သည်။ ရခိုင်ဘက်ရှိရဲဘော်များသည် ရရာအသားမှန်သမျှ စားကြရသည်။ လိပ်သား၊ ဖွတ်သား၊ မြွေသားအပြင် ကင်းလိပ်ချောသားပါမကျန် စားသည်။ မလှဦးကတော့ မြွေသားမစား ပါ။ သို့ရာတွင်

မြွေကိုတွေ့လျှင် ရအောင် လိုက်သတ်ပြီး ရဲဘော်များစားရန် ယူလာတတ် သည်။ သူသည် ရဲဘော်တွေအပေါ်တွင်လည်း အလွန်ဂရုစိုက်တတ်သူ ဖြစ်သည်။ ၁၉၇၈–ခုနှစ်တွင် သူသည် သာမန်ဖျားနေကျ ငှက်ဖျားမဟုတ်ဘဲ ဦးနှောက်ငှက်ဖျားဖြစ်ပြီး ကွယ်လွန်သွားရှာသည်။ ကွယ်လွန်ချိန်မှာ သူ့အသက် (၂၀) ကျော်လေးသာ ရှိသေး သဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားသည်မှာ နှမြောတသဖွယ်ကောင်းသည်နှင့် အမျှ ကျမတို့အတွက် ကြီးမားသော ဆုံးရှုံးမှုတခုလည်း ဖြစ်ပါသည်။ သူ ကွယ်လွန်ချိန်တွင် ကျမတို့ တဖက်နိုင်ငံရောက်နေသည့်အတွက် ဆက်သားရဲဘော်ပြောမှ သိရပြီး သူ့နောက်ဆုံးအချိန်ကို မမြင်တွေ့ခဲ့ရပါ။

## ရဲဘော်အောင်ထူး(ခေါ်) ရဲဘော်အောင်ထီ

သူသည် ကိုကိုးကျွန်းပြန်ရဲဘော်တယောက် ဖြစ်ပါသည်။ သူသည် လက်နက် ကိုင်တော်လှန်ရေးအတွင်း ဝင်ရောက်လာပြီး အချိန်တိုအတွင်းမှာပဲ ပါတီအတွက် သူ့ရဲ ကောင်းပီသစွာ အသက်စွန့်လှူတ်ပေးလှူသွားသည့်သူဟူ၍ ကျမထင်မြင်ခံစားမိပါသည်။

ရခိုင်ပြည်နယ်မှာတော့ ရန်သူနှင့် သူတပြန်ကိုယ်တပြန် လှုပ်ရှားတိုက် ခိုက်နေကြရသည်မို့ ကိုယ်ကအသာစီးရလိုက် ရန်သူကအသာစီးရလိုက် ရှောင်လိုက် တိမ်းလိုက်နှင့် ဒီလိုပဲ တော်လှန်ရေးခရီးစဉ်ကို ဖြတ်သန်းနေကြရပါသည်။

သည်တကြိမ်တွင်လည်း ရန်သူသည် ကျမတို့ နောက်တန်းစခန်းများကို သတင်းရသွားပြီး ချက်ချင်းလာထိုးတော့သည်။ ရန်သူထိုးလာသည့်အတွက် ကျမတို့ စခန်းမှ ဆုတ်ခွာကြရသည်။

ရန်သူကလည်း နောက်က ကပ်ပြီး လိုက်လာသည်။

ကျမတို့စခန်းသည် ညကတည်းက ချက်ထားသည့်ထမင်းကို စားပြီး တရက် လုံးလမ်းလျှောက်လာလိုက်တာ ညနေငါးနာရီကျော်မှပဲနားပြီး ညစာ ထမင်းချက်စား ကြပါသည်။ ထမင်းက ဝက်သားဟင်းနဲ့ပါ။ စခန်းမှာမွေးထားသည့်ဝက်ကို သတ်ပြီး ချက်ယူလာခဲ့၍ ထမင်းတအိုးချက်ပြီး (ပြေးရင်းလွှားရင်း အချိန်မှာ တောင်) ဝက်သား ဟင်းနှင့် ထမင်းစားကြရခြင်း ဖြစ်ပါသည်။

ထမင်းစားပြီးသည့်အခါ ကင်းတာဝန်ကျနေသည့် ရဲဘော်များ ထမင်းစား နိုင်ဖို့ လူလဲကြရမည်ဟု တပ်မှူးက ပြောပါသည်။ ရဲဘော်အောင်ထီက သူလည်း ကင်းလဲ သည့်အဖွဲ့ထဲ ပါပါရစေ ဟု သွားရောက်တောင်းဆိုသည်။ တပ်မှူးက “ခင်ဗျား မလှည့် မရောက်သေးဘူး”ဟု ပြန်ပြောသည်။ “မရောက်သေးရင်လဲ အစားထိုး လဲလို့လည်း ရပါတယ်။ ဒါကြောင့် ရှေ့ကင်းအဖွဲ့မှာ မရရင်လည်း နောက်ကင်းအဖွဲ့ မှာ ပါပါရစေ”ဟု၍ သူက တက်ကြွစွာ ထပ်မံ တောင်းဆိုပြန်သည်။ ထို့ကြောင့် တပ်မှူးက နောက်ကင်း အဖွဲ့မှာပါရန် သဘောတူလိုက်ပါသည်။ ကင်းက သုံးယောက် တဖွဲ့ကင်းပါ။

တပ်မှူးကသဘောတူလိုက်သည့်အချိန် သူကဝမ်းသာပြီး ပြောထွက်လာ သည့် စကားက ပြန်တွေးကြည့်လျှင် ရင်နင့်စရာပါ။ “ဟုတ်ပြီ...ကျနော်ဟာ ရဲဘော်တိုနဲ့ထမင်းအတူစားတာ ဒီတနပ်ဟာ နောက်ဆုံးတနပ်လည်း ဖြစ်နိုင် တယ်နော် ” တဲ့ ။ ဒါနဲ့ ရဲဘော်များက “ဟာ ...မဟုတ်ပါဘူးဗျာ... ကျနော်တို့လည်း အစတုန်း ကတော့ ဒီလိုပဲ ထင်ခဲ့မိကြတာပါပဲ၊ ဒါပေမဲ့ ဒီလိုထင်ရင်းနဲ့ ကျနော်တို့ တော် လှန်ရေးသက်တန်း ရှည်လာခဲ့ပါပကော” ဟု ပြန်ပြောပြီး ရယ်မောလိုက်ကြသေးသည်။

ဒါပေမဲ့ ရဲဘော်အောင်ထီအတွက်တော့ အမှန်ပါပဲ။ အဲဒီထမင်းသည် သူ နောက်ဆုံးစားသွားသော ထမင်း ဖြစ်နေပါသည်။ ထမင်းဝိုင်းဆိုပေမယ့် ဝိုင်းဖွဲ့စားကြ တာမဟုတ်ပါ။ ရိက္ခာတာဝန်ကျ ရဲဘော်က ကိုယ်စီမတ်ခွက်ထဲ ထမင်းအရင်ထည့်၊ ဝက်သားတထပ်ထည့်ပြီး ကိုယ့်မတ်ခွက် ကိုယ်ကိုင်ကာ တောင်ယာဟောင်းမှာ ဟိုနား တယောက် ဒီနားတယောက် ထိုင်ပြီးစားကြရသည့် ထမင်းဝိုင်းပါ။ ထမင်းစားပြီးနောက် အသီးသီး တာဝန်ကျရာကိုသွားဖို့ လူစုခွဲလိုက်ကြသည်။ ကင်းပြန်လာသည့် ရဲဘော် တွေ ဘယ်အချိန် ထမင်းစားလိုက်ကြသည်ဆိုတာပင်လျှင် ကျမမသိလိုက်တော့ပါ၊ အကြောင်းကတော့ အဲဒီလို စစ်ရေးအရ အရေးကြီးသည့်အချိန်မှာ ကိုယ့်တာဝန် ကျရာမှာပဲ နေကြရလို့ပါ။ ဟိုနားဒီနားတောင် ခွင့်ပြုချက်မရှိလျှင် မသွားရပါ။

ထမင်းစားလူစုခွဲပြီး တနာရီကျော်လောက်အကြာမှာဟု ထင်ပါသည်။ ညနေရောက်နေပါပြီ။ အဲဒီအချိန်မှာပဲ နောက်ကင်းက သေနတ်သံထွက်လာတာ ကြားလိုက်ရတော့ နောက်ကင်းကရန်သူပေါ်ပြီဆိုတာကို အားလုံးသိလိုက်ကြသည်။။ထို့ကြောင့် အဆင့်သင့်ဖြစ်နေသည့် အတွက် မိမိအစီအစဉ်အတိုင်း ဆုတ်တဲ့လူကဆုတ်၊ နောင်ကင်းကို ကူရန်သွားသူကသွား သွက်လက်မြန်ဆန်စွာ လုပ်ဆောင်ကြပါသည်။

ထုံးစံအတိုင်း ကျမတိုအဖွဲ့က ဆုတ်တဲ့အဖွဲ့ဖြစ်သည့်အတွက် မိမိရည်မှန်း ချက်အတိုင်း ဆုတ်ခဲ့ကြသည်။ ကျမတို့လမ်းလျှောက်နေကြသည့် တလျှောက်လုံးမှာ သေနတ်သံ ကြားနေကြရပါသည်။ အတော် ညဥ့်နက်ချိန်ရောက်မှ သေနတ်သံ စဲသွားပါ တော့သည်။

ကျမတို့သည် တပ်ကရဲဘော်များနှင့်လည်း အဆက်ပြတ်သွားသည်။ ကျမတို့အဖွဲ့သည် တိုက်ပွဲဖြစ်သည့်နေရာမှနေ၍ ၃ နာရီခရီးလောက်မှာပဲ စခန်းချပြီး နားကြသည်။ တညလုံး ဘယ်သူမှ အိပ်ယာခင်းမအိပ်ကြပါ။ ကျောပိုးအိတ်ကိုမှီပြီး အတွေးကိုယ်စီနှင့် တိုက်ပွဲဖြစ်သည့်နေရာမှ ရဲဘော်များအလာကို စောင့်နေကြပါ သည်။

မနက်မိုးလင်းသည်အထိ ဘာအဆက်အသွယ်မှအရပါ။ ကျမတို့အဖွဲ့ သည်လည်း ထုံးစံအတိုင်း မနက်လေးနာရီမှာ ချက်ထားသည့်ထမင်းကိုစားပြီး နေ့တဝက်ဆက်လျှောက်ပြီးမှ ရဲဘော်များအလာကို ထပ်မံစောင့်ဆိုင်းကြပြန်သည်၊ ကျမတို့ဘက်မှ ဘာအဆက်အသွယ်မှ မလာသေးပါ။ တပ်မှူးက စက်သမားရဲဘော်ကို စက်ထောင်ခိုင်းလိုက်သည်။ စက်ထောင်တယ်ဆိုတာ

ကျမတို့အသုံးအနှုန်းပါ။ စက်ဖွင့်ပြီး အလုပ်လုပ်ဖို့ ပြင်သည့်အခါ တိုင်ထောင်ရသည်။ ဝါယာကြိုးသွယ်ရသည်။ ထို့ကြောင့် ကျမတို့က စက်ထောင်တယ်ဟူ၍ ခေါ်ဝေါ်သုံးနှုန်းကြခြင်းပါ။

စက်သမားရဲဘော်သည် ၁၅ မိနစ်အတွင်း စက်ထောင်ပြီး သတင်းရယူဖို့ အလုပ်လုပ်သောအခါ စက်သတင်းအရ ကျမတို့ ဘက်က နှစ်ယောက်ကျသွားကြောင်း သိရပါသည်။ ဘယ်သူဘယ်ဝါဆိုတာတော့ မသိရသေးပါ။ ရန်သူဘက်မှလည်း တယောက်ကျ ပြီး တယောက်ဒဏ်ရာရသွားသည်ဟု သိရသည်။ ကျမတို့သည်လည်း မိမိဘက်မှ ကျသွားသောရဲဘော် ဘယ်သူဖြစ်မယ်ဆိုတာ မခန့်မှန်းနိုင်ဘဲ ဖြစ်နေကြ ပါသည်။ ကင်းရဲဘော်များသည် မိမိကနေရာယူထားပြီးဖြစ်သည့်အတွက် အကယ်၍ ရန်သူပေါ်လာရလျှင်တောင်မှ သူက လက်ဦးမှုရှိပြီးသားပါ။ အကျသွားသည့် ရဲဘော်များ ကတော့ ကျည်တောထဲမှာ တက်ရတာလဲဖြစ်၊ မိမိကင်းရဲဘော် ဘယ်နား ရောက်နေ သည် ဆိုသည်ကိုလည်းမသိ၊ ထို့ကြောင် အကျသွားသည့်ရဲဘော်တွေက အန္တရာယ်ပိုကြီး သည်ဟု တွက်ချက်မှန်းဆနေမိကြပါသည်။

ဒါပေမဲ့ မမျှော်လင့်ပဲကြားလိုက်ရသည်ကတော့ ကျဆုံးသွားသူ ရဲဘော်နှစ်ဦး မှာ ရဲဘော်အောင်ထီနှင့် ရဲဘော်စိန်ရွှေ တို့ ဖြစ်သည်ဆိုသော သတင်းပါ။ ညနေကျမှ ကင်းတပ်ဖွဲ့က တိုက်ပွဲဖြစ်သည့်နေရာမှနေ၍ ကျမတို့ဆီ ရောက်လာသည်။ သူပြောပြ ချက်အရ သိရှိရသည်မှာ ရဲဘော်အောင်ထီတို့က ရန်သူကိုစပစ်ခြင်း ဖြစ်သည်။ သည်လို ပစ်ပြီးချိန် ကျသွားသည့် ရန်သူဆီက သေနတ်ကိုယူဖို့ ရဲဘော်အောင်ထီက အရင်ခုန်ချ သည်။ အဲဒီအချိန်မှာ ကျသွားသည့် ရန်သူစစ်သား၏နောက်ဘက်ဆီမှ အခြားရန်သူ့ စစ်သားများက ရဲဘော်အောင်ထီကို လှမ်းပြီး ပစ်ခတ်ကြသည့်အတွက် ရဲဘော် အောင် ထီ ကျဆုံးသွားခြင်း ဖြစ်သည်။ နောက်ကင်းရဲဘော်တဦးဖြစ်သည့် ရဲဘော်စိန်ရွှေ ကလည်း ရဲဘော်အောင်ထီကိုကယ်ဖို့ ထပ်ပြီး အောက်ဘက် ခုန်ချသည့်အခါ သူပါ နှစ်ယောက် စလုံး ကျဆုံးသွားခဲ့ကြသည်။ တဦးက ရန်သူကို သတ်ရုံမက ရန်သူ့ထံက လက်နက်ကို ကိုယ့်တပ်အတွက် အရယူရေးစိတ်ဓာတ်၊ နောက်တဦးကလည်း ကိုယ့်ရဲဘော်ကို အသက် စွန့် ကယ်တင်ရေးစိတ်ဓာတ်။သည်သို့နှင့် ရဲဘော်အောင်ထီနှင့် ရဲဘော်စိန်ရွှေတို့သည် ဂုဏ်ရောင်ပြောင်သော သူရဲကောင်းများအဖြစ် မြင့်မြတ်စွာ ကျဆုံးသွားခဲ့ကြသည်။

ရဲဘော်အောင်ထီသည် ဗမာအမျိုးသားတယောက်ပါ။ နောက်ပြီး ကိုကိုး ကျွန်းပြန်ရဲဘော်တယောက်လည်း ဖြစ်သည်။ သူ့အကြောင်း စတင်ကြားသိရကတည်းက ကျမတို့အားလုံး သူ့ကို လေးစားပြီး သူ့အတွက် ဂုဏ်ယူခဲ့ကြသည်။ သူ ပြည်နယ်ရုံးကို ရောက်လာမည်ကြားတော့လည်း အထူးဝမ်းသာခဲ့ကြရပါသည်။ လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုကြပါသည်။

သူသည် မြို့ပေါ်ကနေ စစ်တွေခရိုင်အရှေ့ခြမ်းဖြစ်သည့် မြို့ဟောင်းနယ်ကို အရင်ရောက်လာပါသည်။ ကျမတို့သတင်းပဲကြားနေရတာပါ။ လူကိုမတွေ့ကြရသေးပါ။ သိကြတဲ့အတိုင်းစစ်တွေခရိုင် အရှေ့ခြမ်းနဲ့ အနောက်ခြမ်းတို့သည် တခါတခါ အချိန် ကြာမြင့်စွာ အဆက်အသွယ်ပြတ်နေတတ်သည်။ အကြောင်းမူကား စစ်တွေအရှေ့ ခြမ်းနှင့် အနောက်ခြမ်းတို့အကြား ကုလားတန်မြစ်ကြီးက ကာဆီးထား၍ ဖြစ်ပါသည်။ မြစ်ကြောင်းတလျှောက် ကူးတို့ဆိပ်တိုင်း မှာလည်း ရန်သူကင်းစခန်းတွေ ချထားသည်။ ဆက်သားတယောက်တလေတောင် အတော်စွန့်စားပြီးလာရခြင်း ဖြစ်သည်။ ထို့ကြောင့် ရဲဘော်အောင်ထီသည် ၈ လလောက်ကြာပြီးမှ စစ်တွေခရိုင်အနောက်ခြမ်းရှိ ရခိုင်ပြည် နယ်ရုံးကို ရောက်ရှိလာခြင်းဖြစ်သည်။ သူ ရောက်ရှိလာသည့်အခါ ရခိုင်ပြည်နယ်ရုံးက ပြောက်ကျားဒေသ အလျောက် တတ်နိုင်သမျှအတိုင်းအတာဖြင့် အတန်အသင့် အခမ်းအနားလေး လုပ်ပြီး ကြိုဆိုခဲ့သည်။ ညနေပိုင်းတွင် စခန်းလုံးကျွတ်အစည်းဝေးခေါ်ပြီး သူနှင့် မိတ်ဆက်ပေး ခဲ့သည်။ သူကလည်းသူ့ကိုယ်သူပြန်မိတ်ဆက်ပါသည်။ ပြီနောက်သူ့ကိုရုံးအဖွဲ့မှာ ထား ကာ နောက်တန်းလုပ်ငန်းတခုခုကိုပဲ တာဝန်ပေးမည်ဟု ရည်ရွယ်ကြသည်။ အကြောင်းမူ ကား သူသည် ရန်သူ့ ညှင်းပန်းနှိပ်စက်မှုကို နှစ်ရှည်လများခံလာခဲ့သူမို့ သူ့ကို စာနာ ထောက်ထားသည်ကတကြောင်း၊ ကျွန်းပေါ်မှာ ရန်သူရဲ့ညှင်းပန်းနှိပ် စက်မှုဒဏ်ကို ကြံ့ကြံ့ခိုင်ခိုင်ခံခဲ့သူဖြစ်လို့ လေးစားတန်ဖိုးထားသည်ကလည်း တကြောင်း ...သည် အကြောင်းတွေကြောင့်ပါ။

ဒါပေမဲ့ သူ၏ ရန်သူအပေါ် နာကြည်းမုန်းတီးမှုမှာ သူ့ရင်ထဲ မီးတောက်မီးလျှံ တွေ ထနေသလား ထင်မှတ်ရလောက်အောင် ပြင်းထန်လှသည်။ ထို့ကြောင် ့သူက ရုံးမှာ မနေဘဲ ရန်သူနှင့် သူသေကိုယ်ရှင်တိုက်ခိုက်ရသည့် တပ်ထဲမှာသာ နေလိုကြောင်း ပါတီကို တင်ပြတောင်းဆိုသည်။ သို့အတွက် သူ့ဆန္ဒကို လိုက်လျောရခြင်းဖြစ်သည်။ တပ်ထဲ မှာလည်း ယခုကဲ့သို့ အသက်ပေးထမ်းဆောင်ရမည့်တာဝန်ကို သူ့အသိစိတ်ဓာတ်အရ ထက်သန်တက်ကြွစွာ တောင်းဆိုပြန်သည်။ ရန်သူတဦးကို သတ်ဖြတ်လိုက်နိုင်သည့် အချိန်မှာလည်း ရန်သူ့လက်နက် ကိုယ့်လက်နက်ဆိုသော ပါတီ၏စိတ်ဓာတ်ကို လက်တွေ့ အကောင်အထည်ဖော်ရေး၊ ပါတီထံ လက်နက်အပ်နှံနိုင်ရေးအတွက် သူ့ကိုယ်သူ တောင်းဆိုကာ အသက်အန္တရာယ်ရှိမှန်းသိလျက်နှင့် တောင်အောက်ကို ခုန်ချကာ သေနတ်ကောက်ဖို့ ကြိုးစားခဲ့ခြင်း ဖြစ်သည်။ သူကျဆုံးရသည့်အတွက် ရခိုင်ပြည်နယ် ပါတီ ကော်မတီအပါ ကျမတို့တစခန်းလုံး နှမြောဝမ်းနည်းမိကြရပါသည်။ ရဲဘော် အောင်ထီ၏ ကျဆုံးမှုသည် ပါတီအတွက်ရော၊ တော်လှန်ရေးအတွက်ပါ ကြီးမား သော ဆုံးရှုံးမှု ဖြစ်ပါသည်။သူကျဆုံးစဉ်မှာ ပြည်နယ်တပ်ကို သူ ရောက်လာတာ ၄ လသာ ရှိပါသေးသည်။

## ရဲဘော်ကြီး စံထွန်းဖြူ

သည်ရဲဘော်ကြီးနှင့်ကတော့ တပ်ထဲမှာ အတူတူ မနေလိုက်ဖူးပါ။ သူ့ အကြောင်းမှာ ကျမတို့အရပ်ဒေသတွင် ဟိုးဟိုးကျော်ခဲ့သော အဖြစ်အပျက်တရပ် ဖြစ်သောကြောင့် ကျမ မှတ်တမ်းတင်လိုခြင်း ဖြစ်ပါသည်။

သူသည် ရခိုင်ပြည်နယ်တပ်ကို ခေါင်းဆောင်ခဲ့သည့် တပ်မှူးတယောက်ဖြစ် သည့်အပြင် အင်မတန်လေးစားစရာကောင်းသည့်ရဲဘော်ကြီးဟု ရှေ့မီနောက်မီ ရဲဘော်ကြီးများက ကျမ တပ်တွင်းသို့ ရောက်ရှိလာသည့်အခါ ပြန်လည်ပြောပြတာ နားထောင်ခဲ့ရပါသည်။ သူသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ရခိုင်ပြည်နယ်တပ်ကို ပထမဦးဆုံး စတင်ထူထောင်ရာမှာ ပါဝင်ခဲ့သည့် ခေါင်းဆောင်တပ်မှူးတယောက်ဖြစ်ရုံမက တိုက်ရည်ခိုက်ရည်ထက်မြက်သလို လူထု စည်းရုံးရေးလည်း ကောင်းပြီး တပ်မှူးတပ်သား ဆက်ဆံရေးတွင်လည်း အလွန်ပြေပြစ်စွာ ဆက်ဆံတတ်သည့် ရဲဘော်ကြီးဟု ဆိုကြပါ သည်။

သည်ကဲ့သို့ နာမည်ကျော်ကြားသော တော်လှန်ရေးခေါင်းဆောင်တဦး ဖြစ်သောကြောင့် ရန်သူကလည်း သူ့သတင်းကို မျက်ခြည်မပြတ် ထောက်လှမ်းစုံစမ်း နေတတ်ပါသည်။ ရန်သူ့နယ်ထဲတွင် ကျန်ရှိနေသော သူ့ကလေး ဖျားနာနေသည်ကို ရန်သူက သိရှိသွားပြီး သူ ပြန်လာနိုင်သည်ဟု ခန့်မှန်းကာ ကင်းပုန်းချထားပါသည်။ သူသည် ကျမတို့ ဇာတိရပ်ရွာမှာ အိမ်ထောင်ကျပြီး သူ့ဇနီးသည်နှင့်ကလေးတို့သည် လည်း ကျမတို့ ဒေသမှာပင် နေထိုင်နေကြပါသည်။

ရန်သူ မျှော်လင့်ထားသလိုပင် မကျန်းမာသော သူ့ကလေးကို ကြည့်ရန် သူ အိမ်သို့ တိတ်တဆိတ် ပြန်လာသည်။ သူ အိမ်ပြန်ရောက်ပြီး နာရီပိုင်းအတွင်းမှာ အဖမ်းခံလိုက်ရခြင်းပင် ဖြစ်သည်။

ကျမ စဉ်းစားကြည့်မိသည်။ သူ ပြေးများ ပြေးနိုင်လျှင် လွတ်လေမည်လား။ ရန်သူဝိုင်းထားသော သူတို့အိမ်သည် ဝါးထရံခုနိမိုး အိမ်ဖြစ်သည်။ တအားတွန်း လိုက်လျှင် ပွင့်ထွက်သွားနိုင်သည်။ နောက်ပြီး အချိန်ကလည်း ညအချိန်ဖြစ်နေပြီး အိမ်တွေကလည်း တအိမ်နှင့်တအိမ်း ပူးကပ်နေကြသည့်အတွက် အကာအကွယ်ရနိုင် သည်။ နောက်ပြီး သူက ဒေသကျွမ်းသူတဦးလည်းဖြစ်သည်။ သို့တည်းမဟုတ် အသည်း အသန် ဖြစ်နေရှာသော သူ့ကလေးနှင့် အိမ်ပေါ်မှာ ရှိနေသော သူ့ယောက္ခမ ဘက်က ဆွေမျိုးသားချင်းတွေကို ငဲ့ညှာထောက်ထားရသည့်အတွက် သူ အဖမ်းခံလိုက်ရလေ သလား။

မည်သို့ဆိုစေ၊ သူ့ကို ရန်သူ ဖမ်းမိသွားခဲ့သည်။ ရန်သူသည် သူ့ကို ဖမ်းမိ သည် နှင့် ကြိုးတုတ်ပြီး ရိုက်နှက်ကာ သူတို့ရွာ၏မူလတန်းကျောင်းလေးအတွင်းတွင် နှစ်ရက် ချုပ်ထားသည်။ ထမင်းနှင့် အစာရေစာလည်း ပေးမကျွေး၊ ရပ်ရွာလူထုက ပေးကျွေးမည့်အခါတွင်လည်း ခွင့်မပြုပါ။ နှစ်ရက်မြောက်သည့်နေ့တွင်မူ သူ့ကို အရှင် လတ်လတ် ခေါင်းဖြတ်ပြီး ခေါင်းကို ယူသွားကာ ခန္ဓာကိုယ်ကိုတော့ သည်အတိုင်း ပစ်ထားခဲ့ကြသည်။ ရန်သူ၏ရက်စက်ယုတ်မာမှုကြောင့် တနယ်လုံး တုန်လှုပ်ခြောက်ခြား သွားကြ သော်လည်း တဖက်မှ ရန်သူတွေအပေါ် မုန်းတီးစိတ်တွေ ပိုမို ဖြစ်ပေါ်လာကြ ပါသည်။ သူရဲကောင်းအာဇာနည်များကတော့ ခေါင်းဖြတ်ခံရသည့်တိုင် ဂုဏ်ကြက်သရေ ညှိုးနွမ်းသွားသည် မဟုတ်ပါ။ ကျမတို့ဒေသတွင် ရဲဘော်ကြီး စံထွန်းဖြူ အကြောင်း ပြည်သူများအကြား ပြောစမှတ် ဖြစ်နေခဲ့ပါသည်။

ပါတီအလံတော်အောက်မှ ရခိုင်ပြည်နယ်တွင် ဆင်နွှဲခဲ့သော တော်လှန်ရေး အတွင်း…သူရဲကောင်းများ၊ အာဇာနည်များ၊ ပြည်သူအတွက် ကိုယ်ကျိုးစွန့် လွှတ်သွား သူများ…အမြောက်အမြား ထွက်ပေါ်ခဲ့ပါသည်။ သူတို့အကြောင်း ရေးဖွဲ့လျှင် ရေးကုန်နိုင် ဖွယ်မရှိပါ။ ကျမကတော့ မိမိ လက်လှမ်းမီသလောက်ကိုသာ အကျဉ်းအားဖြင့် ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်မှ ကျဆုံးသွားပြီဖြစ်သော သူရဲကောင်းအာဇာနည် ရဲဘော် များနှင့် တပြည်လုံးမှ သူရဲကောင်း အာဇာနည်ရဲဘော်အပေါင်းကို ဤနေရာ ဤစာလွှာ လေးဖြင့်…

ရဲဘော်တို့ရေ…ဘယ်လိုမှ မမေ့နိုင်ပါ၊ လွမ်းဆွတ်တမ်းတစွာ ဦးညွှတ် အလေးပြုလိုက်ပါတယ်။ ။

ကြာဦးဖြူ
(ဒေါ်ဦးစိန်)